မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၈ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်၊ ၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီ ၁၈ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၆)၊ အမှတ် (၁၄၁)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူ တို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ် နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မား ရေးနှင့်ယဉ်ကျေးမှုအမွေအနှစ် များ၊အမျိုးသားရေး လက္ခဏာ များ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

ဘီလူးချောင်း လျှပ်စစ်ဓာတ်အားပေးစက်ရုံသည် နိုင်ငံတော်ကအားထားရသော စက်ရုံဖြစ် ပြည်သူများလိုအပ်ချက်အတိုင်း ဓာတ်အားအပြည့်အဝသုံးစွဲနိုင်ရေး စေတနာထားဝိုင်းဝန်းကြိုးပမ်း ဒေသဖွံ့ဖြိုးရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် ပြည်သူတို့နှင့်အတူ ပူးပေါင်းဆောင်ရွက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း လွိုင်ကော်မြို့ ဘီလူးချောင်း အမှတ်(၂) ဓာတ်အားပေးစက်ရုံ လောပိတတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၁၇

ကယားပြည်နယ် လွိုင်ကော်မြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေး၊ ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးညွန့်တင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ဖေဖော်ဝါရီ၁၆ ရက် နံနက်၉နာရီက လွိုင်ကော်မြို့မှ မော်တော်ယာဉ်များဖြင့် လွိုင်ကော်–လောပိတလမ်းအတိုင်း ထွက်ခွာလာကြရာ လွိုင်ကော်မြို့ အရှေ့တောင်ဘက် ၁၀ မိုင်ခန့် အကွာ ဘီလူးချောင်း၏ လက်ယာဘက်ကမ်းတွင် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းက တည်ဆောက်ထားသော ဘီလူးချောင်း အမှတ်(၁) ဓာတ်အားပေးစက်ရုံ လောပိတသို့ရောက်ရှိကြပြီး စက်ရုံအတွင်း စက်များလည်ပတ်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ကြိုဆို

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူး ဗိုလ်မှူးချုပ် သောင်းအေးနှင့် အဖွဲ့သည် လွိုင်ကော်မြို့အရှေ့ဘက် ၁၄ မိုင်ခန့်အကွာ ဘီလူးချောင်း၏ လက်ယာဘက်ကမ်းတွင် ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းက တည်ဆောက်ထားသော ဘီလူးချောင်းအမှတ်(၂) ဓာတ်အားပေးစက်ရုံ လောပိတသို့ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

စာမျက်နှာ ၉ ကော်လံ ၁ ✡

မြန်မာ့အလင်း

ပြည်တွင်း

ပြည်ပ

သတင်း အညွှန်း

စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး

မန္တလေးတိုင်း မိတ္ထီလာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ရပ်ကွက်ဥက္ကဋ္ဌများက ကျေးလက်စာကြည့်တိုက်များ ရေရှည် တည်တံ့ခိုင်မြဲရေးနှင့် ပြန်ကြားရေး လုပ်ငန်းဆိုင်ရာများကို ဖေဖော်ဝါရီ ၃ရက်တွင် ညှိနှိုင်းဆွေးနွေးကြသည်။

ပြည်တွင်းသတင်းအတိုအထွာ (စာ–၁၁)

အင်တာနက် ကျန်းမာရေး (စာ–၄)

နာဗ်ဆဲလ်အသစ်များဖြစ်ထွန်းရာအစိတ်အပိုင်း လူတို့ ဦးနှောက်အတွင်း၌ တွေ့ရှိ

ကမ္ဘာ့ ဟဲဗီး ဝိတ် လက်ဝှေ့ ချန်ပီယံဟောင်း အီဗင်ဒါဟိုလီဖီး သည် အနားယူခဲ့ ပြီးနောက်ပိုင်း သူ၏ တတိယမြောက် လက်ဝှေ့ပွဲအဖြစ် ဗင်နီမက်ဒယ်လုန်းနှင့် မကြာမီ ထိုးသတ်မည်ဖြစ်သည်။

ကမ္ဘာတစ်လွှားအားကစား (စာ–၁၃)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်
(၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်)

ကျောက်စိမ်းကျောက်မျက် ရတနာဈေးကွက် ပြည်တွင်း၌ ခိုင်ခိုင်မာမာပေါ်ထွန်းရေး ကြိုးပမ်း

မြန်မာ့ကျောက်မျက်ရတနာများသည် အရည်အသွေး ကောင်းမွန်သည်။ ထို့ကြောင့် နိုင်ငံတကာသို့တိုင် ကျော်ကြားကာ လူကြိုက်များလျက်ရှိသည်။

ကျောက်မျက်ရတနာ ထုတ်လုပ်ရောင်းဝယ်ရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ပြည်ပဝယ်လိုအားကောင်းမွန်လာပြီး နိုင်ငံတော်နှင့် ပုဂ္ဂလိက လုပ်ငန်းရှင်များအတွက်ပါ အကျိုးဖြစ်ထွန်းစေလျက် ရှိသည်။

ရေနံ၊ သတ္တုနှင့် ကျောက်မျက်ရတနာများသည် ထုတ်လုပ်သုံးစွဲမှုအပေါ် မူတည်၍ ကုန်ခန်းနိုင်သည့် သဘာဝ သယံဇာတများဖြစ်သဖြင့် ရေရှည်အကျိုးရှိအောင် လုပ်ကိုင်ဆောင်ရွက်ကြရမည်။ ၎င်းအပြင် သဘာဝပတ်ဝန်းကျင်များ မပျက်မယွင်းစေရေးကိုလည်း အစဉ်ဂရုပြု ထိန်းသိမ်းစောင့်ရှောက်ကြရမည် ဖြစ်သည်။

ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခွင့်ရရှိကြသည့် တိုင်းရင်းသားပုဂ္ဂလိက လုပ်ငန်းရှင်များက နိုင်ငံတော်၏ အကျိုးစီးပွားကို မထိခိုက်စေဘဲ နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းစေရေး၊ မိမိတို့ထိုက်သင့်သည့် အကျိုးအမြတ်ရရှိရေးကို ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်သည်။

ထို့အပြင် ကျောက်မျက်ရတနာများကို ကုန်ကြမ်းအဖြစ်သာမက တန်ဖိုးမြှင့် အချောထည်များပြုလုပ်ပြီး ရောင်းချနိုင်ရေးအတွက် ပုဂ္ဂလိက ရတနာလုပ်ငန်းရှင်များအား နည်းပညာပံ့ပိုးပေးရေး၊ ဈေးကွက်ရှာဖွေပေးရေး စသည့်လုပ်ငန်းများကို ပူးပေါင်းကူညီဆောင်ရွက်ဖြည့်ဆည်းပေးကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်နှင့် ကျောက်မျက်လုပ်ငန်းရှင်များ နှစ်ဦးနှစ်ဖက်အကျိုးရှိသည့် ကျောက်မျက် ရတနာထုတ်လုပ်မှုနှင့် ရောင်းချမှုကို ဟန်ချက်ညီညီပေါင်းစပ်ပြီး အမျိုးသားအကျိုးစီးပွားဖြစ်ထွန်းရေးအတွက် နိုင်ငံတော်က ချမှတ်ထားသည့် ကျောက်မျက်ရတနာဥပဒေနှင့်အညီ ကျောက်စိမ်းကျောက်မျက်ရတနာဈေးကွက် ပြည်တွင်း၌ ခိုင်ခိုင်မာမာပေါ်ထွန်းလာစေရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပုဂံရွှေဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရွှေဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူကျင့်သုံးလိုက်နာသွားမည်။

(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မမှိတ်မသုန် အကောင်အထည်ဖော်သွားမည်။

(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။

(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်။

(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်။

(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၈–၂–၂၀၀၇
(တနင်္ဂနွေနေ့)

၇း၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅	ဘဝနောင်ရေးစိတ်အေးကြောင်း တရားတော် (တွံတေးဆရာတော် အရှင်ဣန္ဒက)
၈း၀၅	Sunday Talk [မျိုးမြတ်သူ၊ ဒေါက်တာ ဇော်သန်း၊ ကိုကို (စက်မှုတက္ကသိုလ်)]
၈း၅၅	တေးဂီတအစီအစဉ်
၉း၀၀	ကောင်းကင်သစ်ရဲ့အနီး ပံ့ပိုးဖန်တီးနည်းပညာခရီး
၉း၂၀	ပြည်တွင်းသတင်းအကျဉ်း
၉း၃၀	နိုင်ငံတကာအနုပညာရေးရာ
၁၀း၀၀	တေးဂီတအစီအစဉ်
၁၀း၀၅	မြန်မာ့ဆေးဖက်ဝင် အမည်ဆန်းတပင်တိုင်မြနန်း
၁၀း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၄၀	မိုးလေဝသခန့်မှန်းချက်
၁၀း၄၅	မိသားစုတနင်္ဂနွေ (ရွှေမော်ဓောနှင့် ရွှေသာလျောင်း)
၁၁း၁၅	တေးဂီတအစီအစဉ်
၁၁း၂၀	သီးနှံစိုက်ပျိုးအထွက်တိုး "စပါးပန်းတိုင်အထွက်နှုန်း"
၁၁း၃၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၄၀	Yangon Panorama (SMART Technical Services Co., Ltd Annual Dinner)
၁၂း၀၀	တေးဂီတအစီအစဉ်
၁၂း၀၅	နတ်မ (ဝိတိုရိယ)တောင်မှ အတွေ့အကြုံများ
၁၂း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၄၀	ချည်မျှင်ရှည်ဝါ အထွက်တိုးနည်းပညာ
၁၂း၅၅	တေးဂီတအစီအစဉ်
၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ခြောက်နာရီစာ အစီအစဉ်များကို နံနက် ၇နာရီမှ မွန်းလွဲ ၁နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

FA Cup ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇း၀၀	ပွဲကြိုသုံးသပ်ချက်	5-Sports(Live)
၇း၃၅	Preston-Man City	5-Sports(Live)
၁၀း၂၅	Fulham-Tottenham	5-Sports(Live)

Series-A ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၈း၃၀	Palermo-Chievo	5-Series (Live)

ရန်ကုန်မြို့ အင်းလျားလမ်း အမှတ် (၆၈–စီ)နေ ကပ္ပတိန်အေးမောင် – ဒေါ်သဇင်ကျော်ထွန်းတို့၏ (၃၉) နှစ်မြောက် လက်ထပ် မင်္ဂလာရက် အထိမ်းအမှတ် ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း (၇၈/၇၉) မင်းကွန်းဆရာတော် ကြီး၏ တိပိဋကတိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီး အတွက် အလှူငွေကျပ် တစ်သိန်းကို ပိဋကဆရာတော် ဘဒ္ဒန္တ စာရိန္ဒာသာဘထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ(ပင်မ)ဥက္ကဋ္ဌ ဦးအေးဖေထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် အနော်ရထာလမ်းနေ ဦးဘဝမ်း– ဒေါ်တင်ညွန့်၊ သားသမီး၊ မြေးများက ဆွမ်းပဒေသာပင်နှင့် သုံးထပ် ဘိုးဘွားဆောင် သစ်ကြီး အတွက် ငွေကျပ်၁၀ သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့အတွင်းရေးမှူးဦးအောင်သန်းနှင့် တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

တောင်တွင်းကြီးမြို့နယ်အသင်း(ရန်ကုန်) ဘွဲ့တံဆိပ်တော်ရ ဆရာတော် ထပ်ဆင့်ပူဇော်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

နိုင်ငံတော်အစိုးရက ၂၀၀၇ခုနှစ် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံရသော တောင်တွင်းကြီးမြို့ တောင်ပြင်(၁)ရပ်ကွက် ပုဏ္ဏဝတီကျောင်းမှ ဆရာတော်ဘဒ္ဒန္တဝိစိတ္တအား တောင်တွင်းကြီးမြို့နယ်အသင်း (ရန်ကုန်)က ကြီးမှူး၍ ထပ်ဆင့် ဂုဏ်ပြုချီးကျူးပူဇော်ပွဲကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် (၅)ရပ်ကွက် မစိုးရိမ်လမ်းရှိ ရွှေမြိုင်သီရိ သီလရှင်စာသင်တိုက်၌ (၁၃၆၈ ခုနှစ် တပေါင်းလပြည့်ကျော် ၁ရက်) မတ်၃ရက် (စနေနေ့) နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်သည်။ အသင်းဝင်များ၊ အသင်းမဝင်ရသေးသူများပါ တက်ရောက်ပူဇော်နိုင်ကြောင်းနှင့် ဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီးစိန်မောင်(ငြိမ်း) ဖုန်း–၆၉၉၆၀၂၊ ဒုတိယဥက္ကဋ္ဌဦးကျော်စိုး ဖုန်း–၆၅၁၉၄၃၊ ၅၃၉၇၃၈နှင့် ဘဏ္ဍာရေးမှူး ဒေါ်မိမိခိုင် ဖုန်း–၆၄၀၈၆၈၊ ၂၄၃၉၉၂တို့သို့ဖြစ်စေ၊ နီးစပ်ရာ အမှုဆောင်များထံ ဖြစ်စေ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

စည်းလုံးခြင်းသည် အင်အား

❐ ထင်းတစ်ချောင်းကို
ဖြောင်းခနဲချိုး၊ လွယ်ကူကျိုးလည်း ......
❐ ထင်းတစ်စည်းသည်
စည်းလုံးညီ၍၊ မည်သို့ပင်ချိုး
ဘယ်မကျိုးတည့်။
❐ တစ်ချောင်းစီ'အား'၊ စုပေါင်းထား၍
ထင်းများကျစ်လျစ်၊ အရင်းစစ်သော်
နှောင်ရစ်'ကြိုး'မှာ၊ အခရာမို့
ဘယ်ခါမပြေ၊ တင်းကျပ်နေအောင်
'ကြိုးရှည်ထပ်ထပ်၊ ချည်နှောင်တတ်'မှ ......
ပြတ်တောက်မသွား၊ ဆွေးမသွားအောင်
'ကြိုးကားခိုင်မာ၊ မျိုးကောင်းပါ'မှ......
တာရှည်ထင်းစည်း မြဲလိမ့်တကား။
စည်းသောကြိုးက အရင်းခံတရား။ ။

ကို (တက္ကသိုလ်)

နှစ်သစ်ကူးရုံးပိတ်ရက်သတ်မှတ်ခြင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
(ကြေညာချက်အမှတ် ၁/၂၀၀၇)
၁၃၆၈ ခုနှစ်၊ တပေါင်းလဆန်း ၁ ရက်
(၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်)
နှစ်သစ်ကူးရုံးပိတ်ရက်သတ်မှတ်ခြင်း

သင်္ကြန်ပွဲတော်သည် မြန်မာလူမျိုးတို့၏ အထွတ်အမြတ်ထားရာ နှစ်သစ်ကူး အခါသမယဖြစ်ပါသည်။ ထိုနှစ်သစ်ကူး အခါသမယတွင် မြန်မာ့ရိုးရာ ရေပက်ဖျန်းကစားခြင်း၊ စေတီပုထိုးများအား ရေသပ္ပာယ်ခြင်း၊ ကျောင်းကန်ဘုရားများသို့ သွားရောက်၍ ဥပုသ်သီတင်းဆောက်တည်ခြင်း၊ သက်ကြီးရွယ်အို အဘိုးအဘွားများအား ကန်တော့ခြင်း၊ အလှူအတန်းများ ပြုလုပ်ခြင်း စသည်တို့ ပြုလုပ်နိုင်ရန်နှင့် နိုင်ငံ့ဝန်ထမ်းများ တစ်နှစ်တာအတွက် အနားယူ အပန်းဖြေနိုင်စေရန်အလို့ငှာ နှစ်စဉ်သင်္ကြန်အကြိုနေ့မတိုင်မီ တစ်ရက်မှစ၍ (၁၀)ရက်တိတိကို ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ နှစ်သစ်ကူးရုံးပိတ်ရက်အဖြစ် သတ်မှတ်လိုက်သည်။

အမိန့်အရ–
(ပုံ) **သိန်းစိန်**
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး(၁)
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် ကျေးရွာဒေသခံများအားတွေ့ဆုံ ဒေသဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်ရန် မှာကြား

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်သည် ဖေဖော်ဝါရီ၈ရက် နံနက်၇နာရီက ဘိုကလေးမြို့နယ် ကျွန်းညိုကျေးရွာအုပ်စု ကွမ်းသီးချောင်းကျေးရွာတွင် ဒေသခံများအားတွေ့ဆုံပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေး ဝိုင်းဝန်းဆောင်ရွက်ရန်မှာကြားကာ အဝတ်အထည်များ ပေးအပ်ထောက်ပံ့ခဲ့သည်။ (ယာပုံ)

ပေးအပ်လှူဒါန်း

၎င်းနောက် တိုင်းမှူးသည် ဘိုကလေးမြို့နယ်အတွင်း သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေးစခန်း တစ်ခုဖြစ်သော ဧရိယာ ၃၃၇၇၉ ဧကရှိ မိန်းမလှကျွန်း ဘေးမဲ့တောတွင် လွန်ခဲ့သော နှစ်ပေါင်း၄၀ခန့်က တည်ထားကိုးကွယ်ခဲ့သော မျောက်တစ်ရာအောင်စေတီအား ဖူးမြော်ကန်တော့ကာ ပြန်လည်မွမ်းမံ ပြင်ဆင်မှုလုပ်ငန်းများအား ကြည့်ရှု၍ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

တက်ညီလက်ညီ

ထို့နောက် တိုင်းမှူးသည် ဖျာပုံခရိုင်အမာမြို့နယ်ခွဲသို့ ရောက်ရှိပြီး တက်ရောက်လာသူများအား ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်ဖြင့် တက်ညီလက်ညီ ဆောင်ရွက်သွားရေးမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ တိုင်းမှူးသည် အမာမြို့နယ်ခွဲတွင် ရောင်ခြည်ထွန်းတောက်ကုမ္ပဏီက တာဝန်ယူတည်ဆောက်နေသော အလျား၁၂၈ပေ၊ အနံ၁၁၆ပေရှိ တိုက်နယ်ဆေးရုံ အဆောက်အအုံ ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး စံချိန်စံညွှန်းပြည့်ဝစွာဖြင့် အမြန်ဆုံးပြီးစီးအောင် တည်ဆောက်ရေးမှာကြားသည်။

ကြိုးစားလုပ်ဆောင်

၎င်းနောက် တိုင်းမှူးသည် ဆိတ်မကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းခွဲတွင် ဒေသခံပြည်သူများ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများအား တွေ့ဆုံ၍ ဒေသစီးပွားဖွံ့ဖြိုးတိုးတက်စေမည့် စိုက်ပျိုးရေးကို ကြိုးစားလုပ်ဆောင်ရေးမှာကြားသည်။

ထို့နောက် တိုင်းမှူးသည် ဖျာပုံမြို့နယ် ကျုံကဒွန်းကျေးရွာအုပ်စု ကမာပိုစေတီတော်မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူပူဇော်ကန်တော့ကာ ရောင်တော်ဖွင့်အလှူငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

သစ်လုပ်ငန်းရှင်များအသင်း နှစ်ပတ်လည်အသင်းသားစုံညီစည်းဝေး ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဖေဖော်ဝါရီ ၁၇

မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း (၁၃)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေးကို ဖေဖော်ဝါရီ ၁၆ရက် ညနေပိုင်းတွင် အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန (IBC)၌ ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးအောင်လွင်နှင့် အလုပ်အမှုဆောင်ကော်မတီဝင်များ၊ အသင်းသားအသင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးအောင်လွင်က သဘာပတိအဖြစ် ဆောင်ရွက်၍ ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်က အမှာစကား ပြောကြားသည်။ ထို့နောက် UMFCCI ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက ဂုဏ်ပြုအမှာစကားပြောကြားပြီး မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေးမှူးဦးအေးလွင်က အမှုဆောင်အဖွဲ့၏ အစီရင်ခံစာအကျဉ်းချုပ်နှင့်ငွေစာရင်းရှင်းတမ်းကို ဖတ်ကြားတင်ပြပြီး တက်ရောက်လာကြသော အသင်းသားအသင်းသူများက အတည်ပြုကြသည်။

ဆက်လက်၍ UMFCCI အထွေထွေ အတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်က မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း အလုပ်အမှုဆောင်အဖွဲ့ အသစ်၏ အမည်စာရင်းကို တင်သွင်းဖတ်ကြားသည်။ ထို့နောက် အသင်းသားများက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ သဘာပတိဦးအောင်လွင်က လက်ခံယူပြီး နိဂုံးချုပ်နှုတ်ဆက်စကား ပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း (၁၃)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးတွင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် အမှာစကား ပြောကြားစဉ်။
(ကုန်သည်/စက်မှုအသင်းချုပ်)

ရွှေပြည်ဟိန်းကုသိုလ်ဖြစ်ဆေးခန်း လုပ်အားဒါနရှင်ဆရာဝန်များအား ဂုဏ်ပြုအခမ်းအနားကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ရန်ကင်း ပြည်သာယာ (ကျိုက္ကဆံ ILBC တာမွေလေး၊သံလမ်းအနီး)၌ ဖွင့်လှစ်ထားသော ရွှေပြည်ဟိန်းကုသိုလ်ဖြစ်ဆေးခန်းတွင် ပါဝင်၍ လုပ်အားဒါနပြုကြသော ဆရာဝန် ၃၀တို့၏ မိတ်ဆုံတွေ့ဆုံခြင်းနှင့် ဂုဏ်ပြုခြင်း အခမ်းအနားအစီအစဉ်ကို (တပေါင်းလဆန်း ၁၀ရက်) ဖေဖော်ဝါရီ၂၅ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရွှေပြည်ဟိန်းကျောင်း၌ ကျင်းပမည်ဖြစ်သည်။ အခမ်းအနားတွင် ဆက်လက်ဆောင်ရွက်မည့် တိုးချဲ့ အစီအစဉ်များကို သတင်းမီဒီယာများမှ တစ်ဆင့် အသိပေးကြေညာနိုင်ရန်အတွက် တက်ရောက်နိုင်ကြရန် ဖိတ်ကြားထားကြောင်း သိရပြီး ဆေးနှင့်အလှူတော်ငွေများ ပါဝင်လှူဒါန်းလိုပါက ရွှေပြည်ဟိန်းကျောင်း ဖုန်း–၅၄၁၄၈၃၊ ၀၉–၅၁၀၂၁၈၇ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

စက္ကူနှင့်ပျော့ဖတ်လုပ်ငန်း၌ ရင်းနှီးမြှုပ်နှံရန် ဗီယက်နမ် ဒေါ်လာ ခြောက်ဘီလီယံ အသုံးပြုမည်

ဟနွိုင်း ဖေဖော်ဝါရီ ၁၇

ဗီယက်နမ်နိုင်ငံသည် ယခုမှ လာမည့် ၂၀၂၀ပြည့်နှစ်တွင် စက္ကူနှင့် ပျော့ဖတ်လုပ်ငန်းအတွက် အမေရိကန် ဒေါ်လာ ခြောက်ဘီလီယံ ရင်းနှီးမြှုပ်နှံသွားရန် ဗီယက်နမ်နိုင်ငံ စက်မှုလုပ်ငန်းဝန်ကြီးဌာနမှ စီစဉ်လျက်ရှိကြောင်း ဗီယက်နမ် ပြည်တွင်းထုတ်သတင်းစာ ဗီယက်နမ်နယူးစ်က ဖေဖော်ဝါရီ ၁၄ရက်၌ ဖော်ပြသည်။

အဆိုပါငွေကြေးများအနက် စက္ကူနှင့်ပျော့ဖတ်စက်ရုံများပိုမိုတည်ဆောက်ရာတွင် အမေရိကန်ဒေါ်လာ ၅ ဒသမ ၄ ဘီလီယံကို သုံးစွဲသွားမည်ဖြစ်ပြီး အမေရိကန်ဒေါ်လာ ၄၉၄သန်းခန့်ကို စက္ကူနှင့်ပျော့ဖတ်ကုန်ကြမ်း ထုတ်လုပ်နိုင်မည့် သစ်တောများ ပိုမိုဖြစ်ထွန်းရေးတွင် သုံးစွဲသွားမည်ဖြစ်သည်။

ရင်းနှီးမြှုပ်နှံ

ထိုသို့ ပြုလုပ်ခြင်းမှာ လာမည့် ၂၀၁၀ပြည့်နှစ်တွင် စက္ကူထုတ်လုပ်ရေးအတွက် အဓိကလိုအပ်သည့်ပျော့ဖတ်တန်ချိန်ခြောက်သိန်းအထိ ထွက်ရှိရန်နှင့် ၂၀၂၀ပြည့်နှစ်၌ ပျော့ဖတ်တန်ချိန် ၁ဒသမ၈သန်းထုတ်လုပ်နိုင်ရန်အတွက် ရင်းနှီးမြှုပ်နှံခြင်းလည်း ဖြစ်သည်။

မှာယူတင်သွင်း

ဗီယက်နမ်နိုင်ငံတွင် လောလောဆယ်၌ စက္ကူထုတ်လုပ်သည့် လုပ်ငန်းပေါင်း ၃၀၀ခန့်ရှိနေပြီး ပျော့ဖတ်ထုတ်လုပ်နိုင်မှုမှာ ပြည်တွင်းလိုအပ်ချက်၏ ၃၇ ရာခိုင်နှုန်းသာ ဖြည့်ဆည်းပေးနိုင်လျက်ရှိသည်။ ထို့ကြောင့်ဗီယက်နမ် နိုင်ငံသည် နှစ်စဉ် စက္ကူ ကုန်ကြမ်း တန်ချိန် တစ်သိန်းသုံးသောင်းနှင့် တစ်သိန်းခွဲအကြား မှာယူတင်သွင်းနေရလျက်ရှိသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အီရန်၌ ရဟတ်ယာဉ်တစ်စင်းပျက်ကျ လေယာဉ်မှူးနှင့်ကျွမ်းကျင်သူ နှစ်ဦးသေဆုံး

တီဟီရန် ဖေဖော်ဝါရီ ၁၇

အီရန်နိုင်ငံအလယ်ပိုင်းတွင် ရဟတ်ယာဉ်တစ်စင်း ဖေဖော်ဝါရီ ၁၅ရက်က ပျက်ကျခဲ့သဖြင့် ရဟတ်ယာဉ်ပေါ်တွင် လိုက်ပါလာသူသုံးဦး သေဆုံးသွားခဲ့ကြောင်း အီရန်သတင်းဌာန အိုင်အာရ်အင်န်အေက သတင်းထုတ်ပြန်သည်။

ပျက်ကျ

အဆိုပါ ရဟတ်ယာဉ်သည် အီရန်နိုင်ငံရေနံလုပ်ငန်းဝန်ကြီးဌာနပိုင် ရဟတ်ယာဉ်ဖြစ်ပြီး ရှီရက်မြို့လယ်ရှိ ရှီရက်စ်ဆေးတက္ကသိုလ် ပျက်ကျသွားခဲ့ခြင်း ဖြစ်ကြောင်း ၎င်းသတင်း၌ ဖော်ပြသည်။

ထိုသို့ ရဟတ်ယာဉ်ပျက်ကျခဲ့မှုကြောင့် လေယာဉ်မှူးနှင့်ကျွမ်းကျင်သူ ပညာရှင်နှစ်ဦး သေဆုံးခဲ့ရကြောင်း အိုင်အာရ်အင်န်အေသတင်းဌာနက ဒေသဆိုင်ရာ အာဏာပိုင်တစ်ဦးဖြစ်သည့် ဟာမစ်တာဂျီဇာဒတ်၏ ပြောကြားချက်ကို ကိုးကား ဖော်ပြသည်။

အမ်အင်န်အေ၊ရိုက်တာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ခရီးသည်တင်လေယာဉ် အပိုင်စီးသူအား စပိန်ရဲတပ်ဖွဲ့ဝင်များ ဖမ်းဆီး

လပ်ပယ်မက်စ် ဖေဖော်ဝါရီ ၁၇

မော်ရီတေးနီးယား လေကြောင်းပိုင် ဘိုးရင်း ၇၃၇ ခရီးသည်တင် လေယာဉ်တစ်စင်းအား အပိုင်စီးရန် ကြိုးစားခဲ့သူတစ်ဦးအား စပိန်ရဲတပ်ဖွဲ့က ဖေဖော်ဝါရီ ၁၅ရက်က ဖမ်းဆီးလိုက်ကြောင်း စပိန်အာဏာပိုင်များက သတင်းထုတ်ပြန်သည်။

မော်ရီတေးနီးယား ပြည်တွင်းလေကြောင်းခရီးစဉ်တစ်ခုကို ပျံသန်းနေသော ဘိုးရင်း ၇၃၇ လေယာဉ်**(အပေါ်ပုံ)**ပေါ်တွင် အပိုင်စီးသူတစ်ဦးက ပစ္စတိုသေနတ် ကိုင်ဆောင်ကာ လေယာဉ်အား ပြင်သစ်နိုင်ငံသို့ မောင်းနှင်ရန် အတင်းအကျပ် အမိန့်ပေးခဲ့ကြောင်း စပိန်ရဲတပ်ဖွဲ့က ပြောကြားသည်။

ဆင်းသက်ပေး

သို့သော်လည်း လေယာဉ်မှူးက ပြင်သစ်နိုင်ငံအစား စပိန်နိုင်ငံ ကာနာရီကျွန်းသို့ ဆင်းသက်ပေးခဲ့သည်။ ထိုသို့ လေယာဉ်ကို ဆင်းသက်ခဲ့ရာတွင် လေယာဉ်မှူးက အတတ်နိုင်ဆုံး ညင်သာစွာ ဆင်းသက်ပေးခဲ့သည်။

ဖမ်းဆီး

ထို့နောက် လေယာဉ် မြေပြင်သို့ ဆိုက်ရောက်သည်နှင့် အပိုင်စီးသူက မြေပြင်ပေါ်သို့ ခုန်ဆင်းကာ ခရီးသည်များကိုလည်း ဆင်းသက်စေခဲ့သည်။ လေယာဉ်အပိုင်စီးသူသည် မြေပြင်ပေါ်တွင် သေနတ်နှစ်ချက်ပစ်ခတ်ခဲ့သော်လည်း တစ်စုံတစ်ဦးမျှ ထိခိုက်မှု မရှိခဲ့ကြောင်း၊ ထို့နောက် စပိန်ရဲတပ်ဖွဲ့ဝင်များ ရောက်ရှိလာပြီး လေယာဉ် အပိုင်စီးသူအား ဖမ်းဆီးလိုက်ကြောင်း သိရသည်။

အမ်အင်န်အေ၊ရိုက်တာ

အင်တာနက် - ကျန်းမာရေး

နာဗ်ဆဲလ်အသစ်များဖြစ်ထွန်းရာ အစိတ်အပိုင်း လူတို့ ဦးနှောက်အတွင်း၌ တွေ့ရှိ

ဝေါလင်တန် ဖေဖော်ဝါရီ ၁၇

လူတို့၏ ဦးနှောက်အတွင်း (အပေါ်ပုံ) **နာဗ်ဆဲလ်အသစ်များကို ဖြစ်ပေါ်စေသော အစိတ်အပိုင်းတစ်ခုအား တွေ့ရှိရကြောင်း နယူးဇီလန်မှ သုတေသန ပညာရှင်များက ပြောကြားလိုက်သည်။**

အဆိုပါနေရာသည် ဦးနှောက်၏ အနည်းငယ်ဟနေသော အစိတ်အပိုင်းနေရာဖြစ်ပြီး အသစ်ဖြစ်ပေါ်ရန် အားယူနေသော နာဗ်ဆဲလ်များကို တွေ့ရှိရကြောင်း၊ ၎င်းနေရာသည် အနံ့အသက်ရှိပြီး နာဗ်ဆဲလ်အသစ်များ ဦးနှောက်အတွင်း ပျံ့နှံ့သွားမှုစတင်ရာ နေရာဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။

ထိုသို့သော ဦးနှောက်နာဗ်ဆဲလ် အသစ်များဖြစ်ထွန်းရာ အစိတ်အပိုင်းကို မျောက်နှင့် ကြွက်များ၌လည်း တွေ့ရှိရကြောင်း၊ သို့သော် လူ့ဦးနှောက်အတွင်း ဖြစ်ပေါ်နေသော နာဗ်ဆဲလ်အသစ်များ ဖြစ်ထွန်းမှုစနစ်နှင့် မတူညီကြောင်း သိရသည်။

အထောက်အကူပေး

ယခုကဲ့သို့ တွေ့ရှိရမှုသည် အယ်လ်ဇိုင်းမား ဝေဒနာရှင်များအတွက် ဦးနှောက်အတွင်း ပျက်စီးသွားသော နာဗ်ဆဲလ်အသစ်များကို အစားထိုးပေးနိုင်မည့် နည်းလမ်းကို ရှာဖွေဖော်ထုတ်နိုင်ရေး အထောက်အကူပေးသွားနိုင်မည်ဖြစ်ကြောင်း နယူးဇီလန်နိုင်ငံ အော့ကလန်တက္ကသိုလ်မှ သုတေသန ပညာရှင်များက ပြောကြားသည်။ (အင်တာနက်)

ရင်သွေးငယ်များ ဉာဏ်ရည်ထက်မြက်ရန် ကိုယ်ဝန်ဆောင်စဉ် ငါးနှင့်ပင်လယ်အစားအစာ စားသုံးသင့်

လန်ဒန် ဖေဖော်ဝါရီ ၁၇

အမျိုးသမီးများအနေဖြင့် ကိုယ်ဝန်ဆောင်စဉ်ကာလအတွင်း ငါးနှင့် ပင်လယ်အစားအစာများ စားသုံးခြင်းသည် ရင်သွေးငယ်အတွက် ရေရှည်အကျိုးကျေးဇူးရလဒ်များ ခံစားရမည်ဖြစ်ကြောင်း ဗြိတိန် သုတေသနပညာရှင်များ၏ လေ့လာဆန်းစစ်ချက်တစ်ရပ်၌ ဖော်ပြလိုက်သည်။

ဉာဏ်ရည်မြင့်မား

ကိုယ်ဝန်ဆောင် အမျိုးသမီးများသည် ငါးနှင့် ပင်လယ်အစားအစာများကို ပိုမိုစားသုံးပါက ကလေးငယ်အသက် ခုနစ်နှစ်အရွယ်၌ပင် ဉာဏ်ရည်မြင့်မားပြီး လိမ္မာထက်မြက်သော စွမ်းရည်များကို ရရှိစေမည်ဖြစ်ကြောင်း ၎င်းသုတေသနပြုချက်၌ ဆက်လက်ဖော်ပြထားသည်။

မဖြစ်ပွား

ထို့အပြင် ကိုယ်ဝန်ဆောင်အမျိုးသမီးများအနေဖြင့် ငါးနှင့် ပင်လယ်အစားအစာ **(အောက်ပုံ)** ပိုမိုစားသုံးခြင်းကြောင့် အစာအဆိပ်အတောက်ဖြစ်မှု၊ ဓာတ်မတည့်မှုနှင့် ကိုယ်ဝန်ဆိပ်တက်မှုများလည်း မဖြစ်ပွားနိုင်ကြောင်း သိရသည်။

ထို့ကြောင့် ကိုယ်ဝန်ဆောင် အမျိုးသမီးများသည် သီတင်းတစ်ပတ်လျှင် အနည်းဆုံး နှစ်ကြိမ်ခန့် ငါးနှင့် ပင်လယ်အစားအစာများ စားသုံးသင့်ကြောင်း သုတေသနအဖွဲ့ခေါင်းဆောင် ပါမောက္ခဒေါက်တာ ဂျိန်းဂိုလ်ဒင်းက ပြောကြားသည်။ **(အင်တာနက်)**

နီပေါ ခတ္တမန္ဒူတောင်ကြားတွင် ၆၃နှစ်အတွင်း ပထမဆုံးအကြိမ်ဆီးနှင်းများထူထပ်စွာကျ

ခတ္တမန္ဒူ ဖေဖော်ဝါရီ ၁၇

နီပေါနိုင်ငံ ခတ္တမန္ဒူတောင်ကြားတွင် ဖေဖော်ဝါရီ ၁၄ရက်က ဆီးနှင်းများ ထူထပ်စွာကျဆင်းခဲ့ရာ ၆၃နှစ်တာကာလအတွင်း ပထမဆုံးအကြိမ်ဖြစ်ကြောင်း သိရသည်။

ဆီးနှင်းများ ထူထပ်စွာကျဆင်းမှုမှာ ဘတ်တာပူ၊ ဘာနက်ရှော၊ တင်ကွန်နှင့် အခြားနေရာများတွင်ဖြစ်ကြောင်း၊ ဆီးနှင်းများကျဆင်းမှုမှာ ဒေသစံတော်ချိန် ဖေဖော်ဝါရီ ၁၄ရက် ၁၄ နာရီခန့်က ဖြစ်ကြောင်း သိရသည်။

ဆီးနှင်းများကျဆင်း

ခတ္တမန္ဒူမြို့ တောင်ကြားဒေသနေရာအများအပြားတွင် ၆၃နှစ်အတွင်း အဆိုးရွားဆုံးဖြစ်သည်။မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် ဆီးနှင်းများကျဆင်းမှုဖြစ်ပေါ်နေဆဲဖြစ်ကြောင်း နီပေါ မိုးလေဝသနှင့် ဇလဗေဒဌာနမှ ကျွမ်းကျင်သူ ကေဘီမယ်လာက ပြောကြားသည်။

ပြောကြား

ယခုကဲ့သို့ ဖြစ်ရခြင်းမှာ အပူချိန်အလွန်အမင်း ကျဆင်းခြင်းနှင့် အေးမြသော လေအေးများကြောင့်လည်း ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အီရတ်၌ ဗုံးခွဲတိုက်ခိုက်

ရာမာဒီ ဖေဖော်ဝါရီ ၁၇

ဖေဖော်ဝါရီ ၁၄ရက်နှောင်းပိုင်းက ဘဂ္ဂဒက်မြို့အနောက် ကီလိုမီတာ ၁၁၀ အကွာ ရာမာဒီမြို့အနီးရှိ ရဲစခန်းတွင် အသေခံ ဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားခဲ့ကြောင်း၊လူ၁၅ဦးသေဆုံးပြီး၂၅ဦးဒဏ်ရာရခဲ့ကြောင်း ဒေသတွင်း ရဲသတင်းရပ်ကွက်က ယခုလ၁၅ရက်က ဆင်ဟွာသို့ ပြောကြားသည်။

ပျက်စီး

သေကျေ ဒဏ်ရာရသူများမှာ ဒေသတွင်း ရဲတပ်ဖွဲ့အကြီးအကဲ အပါအဝင် ရဲသားများနှင့် ဧည့်သည်များ ဖြစ်ကြောင်း၊ စခန်းတစ်ခုလုံး အကြီးအကျယ်ပျက်စီးခဲ့ကြောင်းထုတ်ဖော်ပြောကြားခဲ့သည်။

အမ်အင်န်အေ၊ဆင်ဟွာ

အမေရိကန် စစ်အခြေစိုက်စခန်းထားရှိရန် စီစဉ်မှု အီတလီပြည်သူထောင်ပေါင်းများစွာ ကန့်ကွက်ဆန္ဒပြ

ရောမ ဖေဖော်ဝါရီ ၁၇

အီတလီနိုင်ငံ ဗီချင်ဇာမြို့မြောက်ဘက်တွင် အမေရိကန်စစ်အခြေစိုက် ထားရှိရန်စီစဉ်လျက်ရှိမှုအပေါ် ထောင်ပေါင်းများစွာသော အီတလီပြည်သူများက ဖေဖော်ဝါရီ ၁၆ ရက်က ဆန္ဒပြကန့်ကွက်ခဲ့ကြသည်။

အီတလီနိုင်ငံ တစ်ဝန်းရှိမြို့ကြီးများဖြစ်သော မီလန်၊ ရောမနှင့် ဗီချင်ဇာမြို့များတွင် အမေရိကန်တို့၏ စစ်ရေးချဲ့ထွင်မှုအပေါ် ဆန္ဒပြ ကန့်ကွက်ခဲ့ကြပြီး အီတလီအစိုးရအနေဖြင့် ခွင့်မပြုရန် တောင်းဆိုခဲ့ကြသည်။

အမေရိကန်တို့ ယခုကဲ့သို့ စစ်အခြေစိုက်စခန်း ထားရှိမှုသည် ငြိမ်းချမ်းရေးဖြစ်စဉ်များကို ထိခိုက်မှုဖြစ်စေကြောင်း၊ ဗီချင်ဇာမြို့ ဒေသခံပြည်သူများကလည်း လုံးဝလက်မခံနိုင်အောင် ဖြစ်ရကြောင်း၊ အီတလီပြည်သူများကလည်း ဆန့်ကျင်လျက်ရှိကြောင်း ဆန္ဒပြပွဲ ကြီးမှူးပြုလုပ်သူများက ပြောကြားသည်။

ဂျာမနီနိုင်ငံမှအမေရိကန်လေတပ်အခြေစိုက်စခန်း တစ်ခုကို အီတလီသို့ ပြောင်းရွှေ့မည့် အစီအစဉ်တွင် အမေရိကန်တပ်ဖွဲ့ဝင် ၂၀၀၀ လည်း ပါရှိမည်ဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

တရုတ်နှင့်ရုရှား နှစ်နိုင်ငံကုန်သွယ်မှု ယမန်နှစ်က ဒေါ်လာ ၃၃ ဘီလီယံကျော်ခဲ့

ပေကျင်း ဖေဖော်ဝါရီ ၁၇

တရုတ်နိုင်ငံနှင့် ရုရှားနိုင်ငံတို့၏ ၂၀၀၆ ခုနှစ်က ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၃၃ ဒသမ ၄ ဘီလီယံဖိုး ရှိခဲ့ကြောင်း၊ ယင်းမှာ ၂၀၀၅ ခုနှစ်ကထက် ၁၅ ရာခိုင်နှုန်း တိုးတက်လာခြင်းဖြစ်ကြောင်း တရုတ်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက ပြောကြားသည်။

ယခုအခါ ရုရှားနိုင်ငံသည်တရုတ်နိုင်ငံ၏ အဋ္ဌမအကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်လာပြီး တစ်ဖန် တရုတ်နိုင်ငံသည်လည်း ရုရှားနိုင်ငံ၏စတုတ္ထမြောက်ကုန်သွယ်ဖက်နိုင်ငံ ဖြစ်လာကြောင်း ၎င်းဝန်ကြီးဌာနက ပြောကြားသည်။

တိုးတက်ခဲ့

တရုတ်နိုင်ငံသည် ယမန်နှစ်က ရုရှားနိုင်ငံ၌ စီမံကိန်းလုပ်ငန်း ၇၉ ခု ရင်းနှီးမြှုပ်နှံထားပြီး ယင်းရင်းနှီးမြှုပ်နှံမှုများတွင် ဘဏ္ဍာရေးကဏ္ဍ မပါဝင်ကြောင်း၊ အမေရိကန်ဒေါ်လာ သန်း ၄၇၀ ဖိုးရှိကြောင်း၊ ယင်းမှာ နှစ်အလိုက် ၁၃၁ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း ၎င်းဝန်ကြီးဌာန၏ စာရင်းဇယားများတွင် ဖော်ပြသည်။

တရုတ်နိုင်ငံသည် ရုရှားနိုင်ငံ၌ ရင်းနှီးမြှုပ်နှံလုပ်ကိုင်သော လုပ်ငန်းများမှာ စွမ်းအင်ကဏ္ဍ၊ ဓာတ်သတ္တုရှာဖွေရေး၊ သစ်တောလုပ်ငန်း၊ ကုန်သွယ်ရေး၊ အဝတ်အထည်လုပ်ငန်း၊အိမ်သုံးအီလက်ထရွန်နစ် ပစ္စည်းများ ထုတ်လုပ်မှု၊ ဆက်သွယ်ရေးလုပ်ငန်းများ၊ ဆောက်လုပ်ရေးနှင့် ဝန်ဆောင်မှု လုပ်ငန်းများ ဖြစ်သည်။

ရင်းနှီးမြှုပ်နှံ

တစ်ဖန် ရုရှားနိုင်ငံက တရုတ်နိုင်ငံတွင် ယမန်နှစ်က စီမံကိန်း ၁၂၆ ခုတွင် ရင်းနှီးမြှုပ်နှံခဲ့ရာ ထုတ်ကုန်ပစ္စည်းများထုတ်လုပ်မှု ဆောက်လုပ်ရေးနှင့် ပို့ဆောင်ရေးလုပ်ငန်းများ ပါဝင်ရာ အမေရိကန်ဒေါ်လာ သန်း ၂၃၀ ဖိုးရှိသည်ဟု ဆိုသည်။

၂၀၀၅ ခုနှစ် ဇူလိုင်လက တရုတ်သမ္မတဟူကျင်တောင်နှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့သည် တရုတ်နိုင်ငံ၌ ၂၀၀၆ ခုနှစ်တွင် ရုရှားနှစ် ကျင်းပရန်နှင့် ၂၀၀၇ ခုနှစ်တွင် ရုရှား၌ တရုတ်နှစ် ကျင်းပသွားရန် ပူးတွဲကြေညာချက် ထုတ်ပြန်ခဲ့သည်ဟု ဆိုသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကြယ်တံခွန်တိုက်မိလျှင် ဖုန်များဖြစ်ပေါ်နိုင်

လန်ဒန် ဖေဖော်ဝါရီ ၁၇

ကြယ်တံခွန်အချင်းချင်း တိုက်မိခြင်းကြောင့် ကြယ်ဒေသတစ်ခု၏ ပတ်ပတ်လည်တွင် ဖုန်အများအပြားထကြွ ပေါ်ပေါက်နိုင်သည်။

ကြယ်က မေးမှိန်သွားပြီး၊ အပြင်ဘက်အလွှာများကို ထုတ်လွှတ်တွန်းကန်သည့်အခါ ယင်းစနစ်အတွင်းရှိ ဖုန်များလွင့်စင်ကုန်သည့်အတွက်နက္ခတ္တဗေဒပညာရှင်များ အံ့သြကြရသည်။

ထို့ကြောင့် ကြယ်တစ်ခု ဖွဲ့စည်းမှုစနစ်၏ အပြင်ဘက် အစွန်အဖျားၣ် ကြယ်တံခွန်များအချင်းချင်း တိုက်မိကြခြင်းဖြင့် ဖုန်များထွက်ပေါ်လာနိုင်ကြောင်း ကောက်ချက်ချသည်။ ကြယ်သေသည် ခရုပတ်ဖုန်ပါသော ဓာတ်ငွေ့ထု၏ အလယ်တွင် တည်ရှိသည်။

(အင်တာနက်)

အင်ဒိုနီးရှားနိုင်ငံ ဘန်ဒါအက်ရှ်ပြည်နယ် လမ်ပူလိုဆိပ်ကမ်း၌ ဖမ်းယူရမိထားသော ငါးများကို ဖေဖော်ဝါရီ ၁၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

သတ္တုကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရန် အေပက်အဖွဲ့ဝန်ကြီးများ သဘောတူညီ

ကင်ဘာရာ ဖေဖော်ဝါရီ ၁၇

အာရှပစိဖိတ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု(အေပက်) အဖွဲ့ဝင်နိုင်ငံများမှ သတ္တုလုပ်ငန်းဝန်ကြီးများက သတ္တုလုပ်ငန်းနှင့်သတ္တုကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုတို့၌ အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားရန် ဖေဖော်ဝါရီ ၁၄ ရက်က သဘောတူညီလိုက်ကြကြောင်း ဩစတြေးလျနိုင်ငံ စက်မှု၊ ခရီးသွားလုပ်ငန်းနှင့် သယံဇာတရေးရာဝန်ကြီး အီရင်မက်ဖာလိန်းက ပြောကြားသည်။

သဘောတူ

အဆိုပါ သဘောတူညီချက်ကို ဩစတြေးလျနိုင်ငံ အနောက်ဩစတေးလျပြည်နယ်၏ မြို့တော်ဖြစ်သော ပက်မြို့တွင် အေပက်အဖွဲ့မှ သတ္တုလုပ်ငန်းဆိုင်ရာ ဝန်ကြီးများ၏ ငါးရက်ကြာအစည်းအဝေးမှ သဘာတူညီခဲ့ကြခြင်းဖြစ်သည်။

ထိုအစည်းအဝေးသည် ၂၀၀၇ ခုနှစ်အတွက် အေပက်သတ္တုဝန်ကြီးများ၏ ပထမအကြိမ်အစည်းအဝေးလည်းဖြစ်သည်။ သတ္တုကဏ္ဍတွင် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးတက်ဖြစ်ထွန်း လာစေရန်နှင့် လွတ်လပ်စွာ ကုန်သွယ်မှုအပေါ်တွင် ယခုသဘောတူညီချက်က အကျိုးသက်ရောက်မှုဖြစ်စေမည်ဖြစ်ကြောင်းလည်း အီရင်မက်ဖာလိန်းက ပြောကြားသည်။

ဖြေရှင်းမည်

ထို့အပြင် အေပက် စီးပွားရေးဖြစ်ထွန်းမှုကို စိန်ခေါ်နေသောအရာများကိုလည်း ပူးပေါင်းဖြေရှင်းသွားကြရန် သဘောတူညီခဲ့ကြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

နှစ်ပေါင်း ၃၃၀၀ခန့်က နံရံပန်းချီ

လွန်ခဲ့သော နှစ်ပေါင်းသုံးထောင်ကျော်က ရေးဆွဲခဲ့သော နံရံပန်းချီတစ်ခုကို တွေ့ရစဉ်။ (ယာပုံ)

အဆိုပါ နံရံပန်းချီကို အီဂျစ်နိုင်ငံ ကိုင်ရိုမြို့ တောင်ဘက် ဆတ်ကာရာအရပ်တွင်ရှိသော သင်္ချိုင်းဂူတစ်ခုအတွင်းမှ တွေ့ရှိရခြင်းဖြစ်ပြီး ၎င်း ပန်းချီသည် လွန်ခဲ့သော နှစ်ပေါင်း ၃၃၀၀ခန့်က ရှေးခေတ်လူမျိုးတို့ ရေးဆွဲခဲ့သော နံရံပန်းချီတစ်ခုဖြစ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

(အင်တာနက်)

ရှားပါးကျားဖြူ

ထူးခြားစွာ မွေးဖွားလာသော ကျားဖြူလေးတစ်ကောင်ကို တွေ့ရစဉ်။ (ဝဲပုံ)

အာဂျင်တီးနားနိုင်ငံ ဗျူနိုအေရီ့စ်မြို့ တိရစ္ဆာန်ဥယျာဉ်တွင် မျိုးစပ်နည်းဖြင့် မွေးဖွားလာသော ကျားပေါက်လေးသုံးကောင်၌ ဖြူဖွေးနေသော ကျားပေါက်လေးတစ်ကောင် ပါရှိခဲ့ကြောင်း သိရသည်။

(အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

အီရတ်၌ လမ်းဘေးဗုံးဖောက်ခွဲတိုက်ခိုက် အမေရိကန်တပ်ဖွဲ့ဝင် လေးဦးသေဆုံး

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁၇

အီရတ်နိုင်ငံ ဒိုင်ယာလာပြည်နယ်တွင် ဖေဖော်ဝါရီ ၁၄ ရက်က လမ်းဘေးဗုံးပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားရာ အမေရိကန်တပ်ဖွဲ့ဝင်လေးဦး သေဆုံးခဲ့ကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။

သေဆုံးခဲ့

ဖြစ်ပွားမှုမှာ အဆိုပါပြည်နယ်အတွင်း အမေရိကန်တပ်ဖွဲ့ဝင်များ စစ်ဆင်ရေးဆောင်ရွက်နေစဉ် စီးနင်းလာသော မော်တော်ယာဉ်အနီး ဗုံးပေါက်ကွဲခဲ့ခြင်းကြောင့် အမေရိကန်တပ်ဖွဲ့ဝင် သုံးဦး နေရာ၌ ပွဲချင်းပြီးသေဆုံးသွားခဲ့ပြီး ကျန်တစ်ဦးမှာ ဒဏ်ရာဖြင့် ဆေးရုံ၌ သေဆုံးခဲ့ခြင်းဖြစ်သည်။

ဖော်ပြ

ထိုသို့ လမ်းဘေးဗုံးဖောက်ခွဲ တိုက်ခိုက်မှု၌ အခြားအမေရိကန်တပ်ဖွဲ့ဝင် နှစ်ဦးလည်း ဒဏ်ရာရရှိသွားခဲ့ကြောင်း အမေရိကန်စစ်ဘက်က ထုတ်ပြန်သော အစီရင်ခံစာတစ်ရပ်၌ ဖော်ပြသည်။

ယခုအခါ အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များအား တိုက်ခိုက်မှုများ ပိုမိုတိုးမြင့်လာလျက်ရှိကြောင်း သိရသည်။

အမ်အင်န်အေ၊ရိုက်တာ

မင်းဝေအောင်၏ နေရောင်အောက်မှာ ပန်းချီပြပွဲဖွင့်လှစ် ပန်းချီပညာလေ့လာနေသူများ လာရောက်ကြည့်ရှုနိုင်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ပန်းချီဆရာမင်းဝေအောင်၏ Under Sunshine(နေရောင်အောက်မှာ) အမည်ရှိ တစ်ကိုယ်တော်ပန်းချီပြပွဲကို ဖေဖော်ဝါရီ၁၇ရက် နံနက်ပိုင်းက ရန်ကုန်တိုင်း ဗဟန်းမြို့နယ် သံလွင်လမ်း အမှတ်၈၄/အေရှိ ရတနာသစ် ပန်းချီပြခန်း၌ ဖွင့်လှစ်ခဲ့ရာ ပန်းချီဆရာ အသိုင်းအဝိုင်းမှပုဂ္ဂိုလ်များ၊ စာနယ်ဇင်းမှ ပုဂ္ဂိုလ်များ၊ ရုပ်ရှင်လောကသားများနှင့် နိုင်ငံခြားသားများ လာရောက်ကြည့်ရှုအားပေးခဲ့သည်။

အကြိုခင်းကျင်းပြသ

အဆိုပါ ပန်းချီပြပွဲကို ပြင်သစ်နိုင်ငံ ပါရီမြို့သို့ ယခုနှစ်မတ်၂၇ရက်မှ ဧပြီ ၂ရက်အထိသွားရောက်ပြသခြင်းမတိုင်မီ အကြိုခင်းကျင်းပြသခြင်းဖြစ်ကြောင်း၊ ပန်းချီကား၂၀ ခင်းကျင်းပြသထားကြောင်း၊ ယင်းပန်းချီကားအားလုံးမှာ ရဟန်း၊ သံဃာတော်များနှင့် သီလရှင်များ ဘုန်းတော်ကြီးကျောင်းများသို့ ကြွချီနေပုံကို နောက်ဘက်၊ ကျောဘက်မြင်ကွင်းဖြင့် ရေးဆွဲထားကြောင်း၊ ယင်းကဲ့သို့ ရေးဆွဲရခြင်းမှာ ရဟန်း၊ သံဃာတော်များ လူ့ဘောင်လောကကို စွန့်ခွာ၍ ဘုရားရိပ်၊ တရားရိပ်သို့ ခိုလှုံရန် ထွက်ခွာသွားသည့် သဘောဖြစ်ကြောင်း၊ သို့ရာတွင် ယင်းပန်းချီကားများကို ပြည်တွင်း၌ ပြသရုံသာ သက်သက်ဖြစ်ပြီး ပါရီမြို့မှာသာ ရောင်းချသွားမည်ဖြစ်ကြောင်း ပန်းချီဆရာ မင်းဝေအောင်က မြန်မာ့အလင်းသို့ ပြောကြားသည်။

ယင်းပန်းချီကား၂၀ကို ၂၀၀၆ခုနှစ်နှင့် ယခု ၂၀၀၇ခုနှစ်အတွင်းမှာသာ ရေးဆွဲခဲ့ခြင်းဖြစ်ကြောင်း၊ လောလောဆယ်တွင် ရဟန်း၊ သံဃာတော်များ၏ နောက်ဘက်မြင်ကွင်းအနေအထားမှ ပုံများကိုသာ ဆက်လက်ရေးဆွဲသွားမည်ဖြစ်ကြောင်း၊ နောင်တွင် အခြားသော ပန်းချီကားများကိုလည်း ရေးဆွဲသွားမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ပန်းချီပြပွဲများ ပြည်ပမှာနှစ်စဉ် ပြသသွားရန်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ပန်းချီဆရာမင်းဝေအောင်

တစ်ကိုယ်တော်ပြပွဲ

ပန်းချီဆရာ မင်းဝေအောင်သည် ၁၉၆၀ ပြည့်နှစ်တွင် မွေးဖွားပြီး နေပြည်တော်ဖြစ်ကြောင်း သိရသည်။ ၎င်းသည် ၁၉၈၂နှစ်တွင် ရန်ကုန် ပန်းချီပန်းပု ကျောင်းမှ ကျောင်းပြီးခဲ့ကြောင်း၊ ၁၉၈၄ ခုနှစ်မှစပြီး အုပ်စုလိုက်ပန်းချီပြသမှုများနှင့် တစ်ဦးတည်းပြပွဲများကို ယနေ့အထိ ပြည်တွင်း၊ ပြည်ပပွဲများ ပြသနေကြောင်း သိရသည်။

ပြည်ပသို့ သွားရောက်ပြသသည့် နိုင်ငံများတွင် အမေရိကန်၊ စင်ကာပူ၊ ဂျပန်၊ မလေးရှား၊ ဗီယက်နမ်၊ နယ်သာလန်၊ ဗြိတိန်၊ အင်ဒိုနီးရှား၊ ဆွစ်ဇာလန်နိုင်ငံများ ပါဝင်ကြောင်း သိရသည်။

သတင်းမှတ်စု – မြင့်မောင်ခိုး



ပန်းချီဆရာ မင်းဝေအောင်၏ ဘုန်းကြီးကျောင်းသို့ အမည်ရှိ ပန်းချီကားတွင် ရဟန်း သံဃာတော်များ ဘုန်းကြီး ကျောင်း သို့ ကြွ ချီ နေ ပုံ ကို နောက် ဘက် မြင်ကွင်းမှ ဤသို့ ခြယ်မှုန်းတင်ပြထားသည်။

ကြည့်ရှုလေ့လာနိုင်

အဆိုပါ ပန်းချီပြပွဲကို ဖေဖော်ဝါရီ ၁၈ရက် (ယနေ့)အထိ ဆက်လက်ခင်းကျင်း ပြသသွားမည်ဖြစ်ကြောင်း၊ ပန်းချီပညာလေ့လာလိုက်စားနေသူများ၊ ပန်းချီပညာ စိတ်ဝင်စားသည့် ရဟန်းရှင်လူ ပြည်သူများနှင့် နိုင်ငံခြားသားများ လာရောက်ကြည့်ရှုလေ့လာနိုင်ကြကြောင်း သိရသည်။ ။ (မြန်မာ့အလင်း)

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ်သိမ်ဖြူလမ်း မင်္ဂလာရာမ ပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တ ရဋ္ဌသာရ (အဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်)က ကြီးမှူး၍ သိမ်ဒါယိကာမကြီး ဒေါ်အေးမြင့် မိသားစုတို့က ကျောင်းတိုက်အတွင်း အလျား ပေ ၁၈၀၊ အနံ ၅၅ပေရှိ စိန်ရတု ငါးထပ်ကျောင်းဆောင် အပေါ်ဆုံးထပ်ကို မဟာဥပရိပါသာဒ သိမ်တော်ကြီးအဖြစ် ဆောက်လုပ်လှူဒါန်းရာ ဖေဖော်ဝါရီ ၁၁ ရက်က သိမ်နိမိတ်တိုင် သိမ်တိုင်စိုက်ထူကျင်းပစဉ်။ (က–ပ)

မြန်မာ့အလင်း အင်တာနက်သတင်းအတိုအထွာ

အသက်၇၆နှစ်ရှိ ဟောလီးဝုဒ်ရုပ်ရှင်သရုပ်ဆောင် ကလင်အိစ်ဝုဒ်အား ပါရီမြို့၌ ပြင်သစ်နိုင်ငံ၏ အရပ်ဘက်တွင် အမြင့်ဆုံးဆုတံဆိပ်ကို သမ္မတ ဂျက်ရှီရက်က ချီးမြှင့်ပေးအပ်လိုက်ကြောင်း ဖေဖော်ဝါရီ ၁၇ ရက်က အင်တာနက်တွင် သတင်းဖော်ပြသည်။

ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်း ကွက်တာမြို့၌ အသေခံဗုံးခွဲ တိုက်ခိုက်မှုတစ်ရပ်ဖြစ်ပွားရာ အနည်းဆုံးလူ၁၅ဦး သေဆုံးသွားကြောင်း ရဲအဖွဲ့က ပြောကြားခဲ့သည်ကို ဖေဖော်ဝါရီ၁၇ ရက် အင်တာနက်သတင်း တစ်ရပ်တွင် ဖော်ပြသည်။

ဗြိတိန်နိုင်ငံမှ အသက်၉၁နှစ်ရှိ ရက်ရိစ်အင်နက်ဆိုသူသည် ဆပ်ဆက်ဒေသ၌ အမြင့်ပေ၈၀၀၀မှ လေထီးဖြင့်ဆင်းနိုင်ခဲ့သည့် အသက်အကြီးဆုံး လေထီးစီးသူ ဖြစ်လာကြောင်း ၎င်း၏သားဖြစ်သူက ပြောကြားခဲ့သည်ကို အင်တာနက်သတင်း၌ ဖေဖော်ဝါရီ၁၇ရက်က ဖော်ပြသည်။

တရုတ်နှစ်သစ်ကူးပွဲတော်တွင် ပါဝင်ဆင်နွှဲရန် ပြည်ပရောက် တရုတ်လူမျိုး သန်း၁၅၀ကျော်တို့ ယင်းတို့၏ နေအိမ်များသို့ ပြန်လာခဲ့ကြကြောင်း ဖေဖော်ဝါရီ ၁၇ရက်က အင်တာနက်သတင်းအရ သိရသည်။

တန်ဇန်နီးယားနိုင်ငံတွင် မိုးအလွန်ခေါင်နေသဖြင့် ထိုင်းဘုရင်က မိုးရွာစေသည့်နည်းပညာများ တင်ပို့ခွင့်ပြုလိုက်ကြောင်း ဖေဖော်ဝါရီ ၁၇ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။

အီတလီနိုင်ငံ မီလန်မြို့၌ ၂၀၀၃ခုနှစ်က အီဂျစ်လူမျိုးတစ်ဦးကို ပြန်ပေးဆွဲစစ်ဆေးခဲ့သည့် အမေရိကန်နိုင်ငံသား စီအိုင်အေများအား ရုံးတင် စစ်ဆေးရန် အီတလီတရားရုံးက အမိန့်ထုတ်ပြန်လိုက်ကြောင်း ဖေဖော်ဝါရီ ၁၇ ရက် အင်တာနက်သတင်းအဖြစ် ဖော်ပြထားသည်။ *(အင်တာနက်)*

သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်တန်ဖိုးမြှင့် စိုက်ပျိုးထုတ်လုပ်မှုနည်းပညာအခြေခံသင်တန်းဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

မြန်မာနိုင်ငံ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုး ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနှင့် မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးတို့ ပူးပေါင်းစီစဉ်မှုဖြင့် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်တန်ဖိုးမြှင့်စိုက်ပျိုးထုတ်လုပ်မှုနည်းပညာ အခြေခံသင်တန်း အမှတ်စဉ် (၂)ကို ဖေဖော်ဝါရီ ၁၉ရက်မှ ၂၅ရက်အထိ မန္တလေးတိုင်း ပုသိမ်ကြီးစိုက်ပျိုးရေးသိပ္ပံကျောင်း၌ ဖွင့်လှစ်ပို့ချမည်ဖြစ်သည်။ အဆိုပါ သင်တန်း၌ သရက်၊ သခွားမွှေး၊ ဖရဲ၊ ငှက်ပျောနှင့် အခြားသစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များ၏ စနစ်တကျ စိုက်ပျိုးထုတ်လုပ်မှုနည်းစနစ်များ၊ ရိတ်သိမ်းချိန်လွန် နည်းပညာနှင့် ဈေးကွက်တင်ပို့ရောင်းချမှု နည်းပညာများကို သင်ကြားပို့ချပေးမည်ဖြစ်သည်။

ယင်းသို့ဖွင့်လှစ်ရာတွင် သင်တန်းသား၇၀တို့အား လက်ခံပို့ချပေးမည်ဖြစ်ပြီး သင်တန်းတက်ရောက်လိုသူများသည် ဖေဖော်ဝါရီ ၁၈ရက် နောက်ဆုံးထား၍ မြန်မာ့လယ်ယာ ထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး တိုင်းမန်နေဂျာရုံး ၃၅လမ်း (၆၄ X၆၅) ကြား မန္တလေးမြို့ ဖုန်း–၀၂–၃၆၃၄၀၊ ၃၆၃၄၁၊ ၃၆၃၄၂၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တိုင်းမန်နေဂျာရုံး ဖုန်း–၀၂–၆၀၈၂၉၊ ဦးမြင့်ကြိုင် ရွှေသူဌေးရပ်(၇)လမ်း မြစ်သားမြို့ ဖုန်း–၀၉–၅၀–၁၇၀၅၁နှင့် မြန်မာနိုင်ငံသစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း အမှတ်၂၆၂/၂၆၄ပြည်လမ်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဒဂုံစင်တာ Block(A)၆ထပ် ဖုန်း–၅၀၃၅၁၆မှ ၅၀၃၅၁၉ အထိ လိုင်းခွဲ ၁၁၃၊ ဖက်စ်–၅၁၆၆၁၆၊ အီးမေးလ် DAGON@mptmail.net.mm. တို့သို့ ဆက်သွယ်လျှောက်ထားနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ဖေဖော်ဝါရီ ၁၇ရက်က အမှတ် (၁) အခြေခံပညာ မူလတန်းကျောင်း ဗဟန်းမြို့နယ် မိဘဆရာအသင်း အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ကျောင်းခန်းမ၌ ကျင်းပရာ ငါးနှစ်ဆက်တိုက် ကျောင်းတက်ရက်မှန်ဆုရရှိသော မူလတန်းပြဆရာမ ဒေါ်နုနုဇင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ဖြူဖြူဝင်းက ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (က–ပ)

သန်လျင် ရွှေနံ့သာ ဆရာတော်တရားစခန်းပွဲများ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ရွှေနံ့သာ ပရိယတ္တိ မိုးကုတ်ဓမ္မရိပ်သာကျောင်းတိုက် ဦးစီးပဓာန နာယက အဖွဲ့ချုပ်ကြီး၏ ကမ္မဋ္ဌာနာစရိယ နယ်လှည့် သာသနာပြု ဓမ္မကထိက အရှင်ဉာဏောဘာသ သည် ဖေဖော်ဝါရီ ၁၈ ရက်မှ ၂၄ ရက်အထိ ဧရာဝတီတိုင်း ကျိုက်လတ်မြို့နယ် ကွက်လိပ်ကျေးရွာ၌ လည်းကောင်း၊ မတ်၁၀ရက်မှ ၁၆ရက်အထိ အဖွဲ့ခွဲ(၁၈၇) ဥသျှစ်ပင် ပန်းတောင်းမြို့၌ လည်းကောင်း၊ ၁၉ရက်မှ ၂၈ရက်အထိ ကမာမတ်စံပြကျေးရွာ ခရမ်းမြို့နယ်၌လည်းကောင်း၊ မတ် ၃၁ရက်မှ ဧပြီ ၆ရက်အထိ ကြံခင်းကျေးရွာ အုတ်တွင်းမြို့၌ လည်းကောင်း၊ ၇ ရက်မှ ၁၆ရက်အထိ အဖွဲ့ခွဲ(၄၆) ၁၂ရပ်ကွက် ဘုရင့်ဂီလမ်း တောင်ဥက္ကလာပမြို့၌ လည်းကောင်း၊ ၁၃ရက်မှ ၁၉ရက်အထိ ရွှေနံ့သာ ပရိယတ္တိမိုးကုတ်ဓမ္မရိပ်သာ သန်လျင်မြို့၌လည်းကောင်း ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ်သစ္စာလေးပါး တရားတော်များ ဟောကြားပြသမည်ဖြစ်ကြောင်း သိရသည်။

(က–ပ)

မီးကြွင်းမီးကျန် မရှိရန် အစဉ်သတိ အမြဲရှိ

ဇလွန်မြို့နယ်အသင်း နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ဇလွန်မြို့နယ်အသင်း(ရန်ကုန်)၏ (၄၃)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးကို စမ်းချောင်းမြို့နယ် စမ်းချောင်းလမ်းရှိ မြသိန်းတန်အောင်ဓမ္မာရုံကြီးတွင် ဖေဖော်ဝါရီ၂၅ရက်(တနင်္ဂနွေနေ့)နံနက်ရနာရီတွင် ကျင်းပမည်ဖြစ်သည်။

အစည်းအဝေးတွင် ၂၀၀၆ခုနှစ် နိုင်ငံတော်က ချီးမြှင့်သည့် ဘွဲ့တံဆိပ်တော်ရ သံဃာတော်အရှင်သူမြတ်တစ်ပါးနှင့် လူပုဂ္ဂိုလ်တစ်ဦးတို့ကို ဂုဏ်ပူဇော်ပွဲနှင့်ဂုဏ်ပြုပွဲ ကျင်းပပြီး အသက် ၇၅ နှစ်ပြည့်ပြီး ဘိုးဘွားများအား ပူဇော်ကန်တော့ကြ၍ ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ကြသူများအား ပညာရည်ချွန်ဆုများ ချီးမြှင့်သွားမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

အသင်းဝင်များသည် ဖိတ်စာအချိန်မီ မရောက်ရှိပါကလည်း တက်ရောက်ကြပါရန်နှင့် သက်ပြည့်ဘိုးဘွားများ၊ ပညာရည်ချွန်ဆုရသူများသည် ဖေဖော်ဝါရီ ၁၈ရက်နောက်ဆုံးထား၍ ပေးပို့ကြပါရန်နှင့် ကြိုတင်လှူဒါန်းလိုသူများသည် ဥက္ကဋ္ဌ ဦးလှမြင့်(ကေသီပန်တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေး) ဖုန်း–၅၁၀၃၆၇နှင့် ၅၁၀၆၁၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(၁၂၉)

ခုနစ်ရက် တရားစခန်းပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ရန်ကုန်တိုင်း တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် ဝဏ္ဏသီဂီလမ်းထောင့်နှင့် ပင်ရွှေညောင်လမ်းရှိ ဆပ်သွားဖူးကျောင်း မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာအဖွဲ့ခွဲ(၂၇၆)တွင် ဖေဖော်ဝါရီ ၂၄ရက်မှ မတ် ၃ရက်အထိ (မိုးကုတ်ဝိပဿနာ နယ်လှည့်ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ) အရှင်ဉာဏိဿရ (ဓမ္မာစရိယ) အရှင်သူမြတ်က ပဋိစ္စသမုပ္ပါဒ် သစ္စာလေးပါး တရားများကို ဟောကြားပြသမည်ဖြစ်သည်။

တရားစခန်းဝင်လိုသော ယောဂီများ ဖေဖော်ဝါရီ ၂၂ရက် နောက်ဆုံးထား၍ ဖုန်း–၅၅၉၆၀၄သို့ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က–ပ)

18-2 (06) 1 2/18/07, 1:57 PM

ကျန်းမာရေး ဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ ကျော်မြင့် နေပြည်တော် ပရဆေးဥယျာဉ် တိုးချဲ့မြှင့်တင်ရေးဗဟိုကော်မတီ အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ကိုးဘွဲ့ရ ဆရာတော် ဖေဖော်ဝါရီ ဓမ္မသဘင်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

စစ်ကိုင်းတောင်ရိုး ရွှေဟသာ် တိုက်သစ်ကျောင်းတိုက်ကြီးမှ နိုင်ငံတော်ဘွဲ့တံဆိပ်တော်ကိုးဘွဲ့ရ ဓမ္မကထိက ဆရာတော်အရှင်အာစာရ လင်္ကာရ အရှင်မြတ်သည် ဖေဖော်ဝါရီ ၂၁ရက်ညတွင် ရန်ကုန်တိရစ္ဆာန် ဥယျာဉ်ဝင်း အတွင်း ဓမ္မသဘင်၊ ၂၂ရက် ညနေ ၆နာရီတွင် သုဝဏ္ဏမြို့ မင်းဒင်လမ်းအထူးပွဲ၊ ညရနာရီတွင် သာကေတ မြို့နယ် ၁၀/တောင်ရပ်ကွက် ပိတောက်ရွှေဝါလမ်း သောတာပန်ဆီအလှူပွဲ၊ ၂၃ရက်တွင် ဥက္ကံမြို့အထူးပွဲ၊ ၂၄ရက်နှင့် ၂၅ရက်တို့တွင် ရန်ကင်းမြို့နယ် (၆)ရပ်ကွက် ဓမ္မာရုံ ကလေးအထူးတရားပွဲနှင့် လူကြီးပွဲ၊ ၂၆ရက်တွင် သုံးခွမြို့နယ် အဖွားကန်ကျေးရွာပွဲ၊ ၂၇ရက်တွင် လှိုင်မြို့နယ် တပ်တွင်း ပရိယတ္တိစာသင်တိုက်အနီး၊ ပရဟိတကျားကျောင်း အတွင်း စေတီတော် ထီးတော်တင်လှူပွဲ၊ ၂၈ရက်တွင် ညောင်တုန်းမြို့နယ် ပဲရုံဆိပ်ကျေးရွာ ပရိယတ္တိစာပြန်ပွဲ ရွှေရတုသဘင်တို့၌ တရားတော်များ ဟောကြားတော်မူမည် ဖြစ်သည်။

တရားပွဲရက် ရရှိပြီးသူများသည် ကိုးဘွဲ့ရဆရာတော် ဖုန်း- ၀၉-၂၁-၃၀၈၉၅နှင့် ၀၁-၇၀၈၄၀၃တို့သို့ ကြိုတင်ဆက်သွယ်ကြရန် ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

နေပြည်တော် ပရဆေးဥယျာဉ် တိုးချဲ့မြှင့်တင်ရေး ဗဟိုကော်မတီ အစည်းအဝေးကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၇

နေပြည်တော် ပရဆေးဥယျာဉ် တိုးချဲ့မြှင့်တင်ရေး ဗဟိုကော်မတီ အစည်းအဝေးကို ယမန်နေ့မွန်းလွဲ ၁ နာရီက နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အမျိုးသားကျန်းမာရေးကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပရာ နေပြည်တော်ပရဆေးဥယျာဉ် တိုးချဲ့မြှင့်တင်ရေးဗဟိုကော်မတီ ဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် တက်ရောက်ပြီး အဖွင့်အမှာစကား ပြောကြားသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ဝန်ကြီး ဒေါက်တာ ကျော်မြင့်က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် နေပြည်တော် ပရဆေးဥယျာဉ်တိုးချဲ့မြှင့်တင်ရေး ဗဟိုကော်မတီဝင်များဖြစ်ကြသည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းနှင့် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများက ဆွေးနွေး တင်ပြကြပြီး တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ တင်ညွန့်က နေပြည်တော် ပရဆေးဥယျာဉ် အဆင့်ဆင့် တိုးတက်ပြောင်းလဲလာမှုကို ရုပ်ပုံကားချပ်များဖြင့်ရှင်းလင်းတင်ပြသည်။

နိဂုံးချုပ်

ယင်းနောက် ဝန်ကြီး ဒေါက်တာ ကျော်မြင့်က နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

တက္ကသိုလ်များဗဟိုကောင်စီ အစည်းအဝေးကျင်းပ အမှာစာ (၄၉)ရပ် ဆွေးနွေးအတည်ပြု

နေပြည်တော် ဖေဖော်ဝါရီ ၁၇

တက္ကသိုလ်များ ဗဟိုကောင်စီ၏ (၁/၂၀၀၇) ကြိမ်မြောက် အစည်းအဝေးကို ယမန်နေ့နံနက် ၉နာရီက နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မှာကြား

အစည်းအဝေးတွင် တက္ကသိုလ်များ ဗဟိုကောင်စီဥက္ကဋ္ဌ ပညာရေး ဝန်ကြီးဌာန ဝန်ကြီးဒေါက်တာ ချမ်းငြိမ်းက ဆရာ၊ဆရာမများ အရည်အသွေးပြည့်ဝရေး၊ သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများ နိုင်ငံတကာအဆင့်မီရေး၊ သင်ထောက်ကူ ပစ္စည်းများထိရောက်စွာ အသုံးချရေး၊ စည်းမျဉ်းစည်းကမ်း လေးစားလိုက်နာသူ ကျောင်းသားကျောင်းသူများ ဖြစ်ရေး၊ ပြည်ထောင်စုစိတ်ဓာတ် ဖွံ့ဖြိုးရေး စသည့်လမ်းညွှန်ချက် ငါး ရပ်နှင့် အညီ ဖေဖော်ဝါရီ ၁၃ ရက် တွင် ကျင်းပသော တက္ကသိုလ်ပညာရေးအဖွဲ့များကောင်စီ၏ (၁/၂၀၀၇) ကြိမ်မြောက် အစည်းအဝေးတွင် ဆွေးနွေးတင်ပြခဲ့ကြသည့် အမှာစာများကို ဆွေးနွေးခဲ့ပြီးဖြစ်ကြောင်း၊ အစည်းအဝေး၌ အဆိုပါတက္ကသိုလ်ပညာရေးအဖွဲ့များကောင်စီတွင်ဆွေးနွေးညှိနှိုင်းပြီးသည့် အချက်များကို အကြံပြုဆွေးနွေး၍ အတည်ပြု ဆုံးဖြတ်ပေးရန် ဖြစ်ကြောင်း မှာကြားသည်။

ဆွေးနွေးအတည်ပြု

တက္ကသိုလ်များဗဟိုကောင်စီအစည်းအဝေးတွင်တက္ကသိုလ် ကောလိပ်နှင့် သိပ္ပံများ၏ ဘွဲ့ကြို၊ ဘွဲ့လွန်၊မဟာတန်း၊ ပါရဂူဘွဲ့ သင်တန်းများအတွက်သင်ရိုးညွှန်းတမ်းများ အဆင့်မြှင့်တင်ခြင်း၊ သင်တန်းများ တိုးချဲ့ဖွင့်လှစ်ခြင်း၊ တက္ကသိုလ်အဆင့် တိုးမြှင့်လိုက်သော ပညာရေးဝန်ကြီးဌာန နှင့်သိပ္ပံနှင့် နည်းပညာ ဝန်ကြီးဌာနရှိ တက္ကသိုလ် စုစုပေါင်း ၅၂ ခုအတွက် တက္ကသိုလ်သင်ကြားရေးအဖွဲ့စီမံခန့်ခွဲ ရေးအဖွဲ့များ ဖွဲ့စည်းခြင်းစသည့် အမှာစာ ၄၉ ရပ်ကို ဆွေးနွေးအတည်ပြုကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဟားခါး-ဂန့်ဂေါလမ်း ချင်းပြည်နယ်မြောက်ပိုင်းမြို့များနှင့် ပြည်မဆက်သွယ်သည့် အဓိကလမ်းမကြီးဖြစ်

နေပြည်တော် ဖေဖော်ဝါရီ ၁၇

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ လိုက်ပါလျက် ဖေဖော်ဝါရီ ၁၄ရက် နံနက်ပိုင်းက ဟားခါးမြို့မှ ဟားခါး-ဂန့်ဂေါ ကားလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာရာ လမ်းဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၁၂)က မိုင်တိုင် ၁၇ မိုင် ၁ ဖာလုံတွင် အခြေခံလွှာ ကျောက်ခင်းကြိတ်ခြင်းလုပ်ငန်းနှင့် ၁၈မိုင် ၄ ဖာလုံတွင် စက်ယန္တရားကြီးများဖြင့် လမ်းတာချဲ့၍ မြေသိပ်သည်းအောင် ကြိတ်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ဝန်ကြီးအား လမ်းသုတ်ရွာလုပ်ငန်းခွင်စခန်းရုံး၌ ဟားခါး-ဂန့်ဂေါလမ်းတာဝန်ခံ အင်ဂျင်နီယာမှူး ဦးစိုးအောင်က ပေ ၃၀ အကျယ် လမ်းတာချဲ့ခြင်းလုပ်ငန်း၊ အခြေခံလွှာ ကျောက်ခင်းခြင်း နှင့် ၁၂ပေ အကျယ် ကတ္တရာခင်းခြင်းလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်တို့ကို ရှင်းလင်းတင်ပြရာ ချင်းပြည်နယ် အင်ဂျင်နီယာ မှူးကြီး ဦးငွန်စန်းအောင်က ဖြည့်စွက် တင်ပြသည်။

ထို့နောက် ဝန်ကြီးက တင်ပြချက်အပေါ်လုပ်ငန်းလိုအပ်ချက်များ မှာကြား ဖြည့်ဆည်းပေးသည်။

လမ်းတံတားလုပ်ငန်းစစ်ဆေး

ထို့နောက် ဝန်ကြီးသည်၅၇မိုင်နှင့် ၅၇ မိုင် ၂ ဖာလုံအကြား စက်ယာဉ်ယန္တရားများဖြင့် လမ်းတာချဲ့ခြင်းလုပ်ငန်းနှင့် လမ်းတစ်လျှောက် လမ်းတံတားလုပ်ငန်းများ စစ်ဆေးပြီး ဂန့်ဂေါမြို့သို့ ရောက်ရှိသည်။

အဓိကလမ်း

အဆိုပါ ဟားခါး-ဂန့်ဂေါလမ်းမှာ ချင်းပြည်နယ်မြောက်ပိုင်းရှိ မြို့များနှင့် ပြည်မဆက်သွယ်သည့် အဓိကလမ်းမကြီးဖြစ်ပြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ပေ ၃၀ အကျယ်လမ်းတာချဲ့ခြင်း၊ ၁၂ ပေ အကျယ် ခွဲကျောက်ခင်းခြင်း၊ ကတ္တရာလမ်းအဖြစ် တိုးမြှင့်တည်ဆောက်ပေးလျက်ရှိရာ လမ်းမိုင် ၇၇ မိုင် ၂ ဖာလုံရှိသည့်အနက် ယခုအခါ ကတ္တရာလမ်း ၁၅ မိုင် ၃ ဖာလုံနှင့် ကျောက်လမ်း၆၁ မိုင် ၇ ဖာလုံရှိ၍ လိုအပ်သည့်ရေပြွန်များ၊ တံတားငယ်များ တည်ဆောက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

Noritsu အမျိုးအစား QSS ဒစ်ဂျစ်တယ်ဓာတ်ပုံကူးစက်အသစ် မိတ်ဆက်ရှင်းလင်းပွဲနှင့် လက်တွေ့သရုပ်ပြပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

Noritsu Singapore Pte.Ltd. နှင့် Accel International Co., Ltd.တို့မှတင်သွင်းသောNoritsuအမျိုးအစားQSSဒစ်ဂျစ်တယ်ဓာတ်ပုံကူးစက်အသစ် မိတ်ဆက် ရှင်းလင်းပွဲနှင့် လက်တွေ့သရုပ်ပြပွဲကို ယမန်နေ့ နံနက် ၁၁နာရီက ရန်ကုန်မြို့ကုန်သည်ကြီးများ ဟိုတယ်၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အမှာစကားပြောကြား

အခမ်းအနားတွင် Noritsu Singapore Pte. Ltd. မှ Managing Director Mr.Katsuhiko Higashi ကကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး Noritsu Singapore Pte. Ltd မှ Regional Sales & Operations Manager Mr. Leong Keng Boonကအမှာစကားပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် Kodak (Singapore) Pte., Ltdမှ Country Business Manager Mr. Preecha Prasatwattana ကအာရှဒေသဆိုင်ရာ ဒီဂျစ်တယ်ဓာတ်ပုံကူးစက် ဈေးကွက်ကျယ်ပြန့်လာမှုနှင့် အနာဂါတ်အလားအလာများနှင့် ပတ်သက်၍ ဆွေးနွေးအကြံပြု ပြောကြားပြီး Accel International Co., Ltd.မှ မန်နေဂျာ ဦးသီဟဇော်ကမိတ်ဆက်တင်သွင်းသော Noritsu အမှတ်တံဆိပ် QSS-350li Digitalဓာတ်ပုံကူးစက်မော်ဒယ်အသစ်နှင့် ပတ်သက်၍ ဆလိုက်ကားချပ်များဖြင့် ရှင်းလင်းပြောကြားသည်။

ယနေ့ဒစ်ဂျစ်တယ်ကမ္ဘာတွင် ပိုမိုလျှင်မြန်ပြီး ပိုမိုဆန်းသစ်သော နည်းပညာသစ်များကို တီထွင်ဆန်းသစ်လျက်ရှိရာ Accel International Co., Ltd. မှ တင်သွင်းသော Noritsu အမျိုးအစား ဒစ်ဂျစ်တယ်ဓာတ်ပုံ ကူးစက်သည် ဒစ်ဂျစ်တယ်ကင်မရာ အသုံးပြုသူများ၊ ဒစ်ဂျစ်တယ်မီဒီယာများမှတစ်ဆင့် ပုံထုတ်ယူ လိုသူများ၊ ဓာတ်ပုံများကို CD သို့ကူးယူသိမ်းထားလိုသူများ၊ ကုမ္ပဏီလုပ်ငန်းသုံး ဖိတ်စာများ၊ စီးပွားရေးလုပ်ငန်းသုံးကတ် အမျိုးမျိုး Greeting Card , Name Card, Birthday Card များကို အချိန်တိုအတွင်း လွယ်ကူမြန်ဆန်စွာ ဆောင်ရွက်နိုင်ပြီး အနံ ရှစ်လက်မမှ အလျား ၂၄လက်မအထိ ပုံကြီးချဲ့ကူးယူနိုင်သည်။

စုံစမ်းဆက်သွယ်နိုင်

Accel International Co., Ltd.မှ Noritsu Digital ဓာတ်ပုံကူးစက်နှင့် အခြား Noritsu ဓာတ်ပုံကူးစက်၊ Noritsu ဖလင်ဆေးဖက် အမျိုးမျိုးကိုလည်း တင်သွင်း ရောင်းချပေးနေပြီးဓာတ်ပုံဆိုင်လုပ်ငန်းလည်ပတ်သည်အထိ တာဝန်ယူ ကူညီဆောင်ရွက်ပေးပြီး အမှတ် (၄၂၂-၄၂၆) ဆဋ္ဌမထပ် သစ်တောဖက်စပ်ကူးသန်းရောင်းဝယ်ရေး အဆောက်အအုံ ဗိုလ်တထောင် ဘုရားလမ်း ရန်ကုန်မြို့ ဖုန်း-၂၀၂၀၉၂၊ ၂၀၂၀၉၆ သို့ မေးမြန်းစုံစမ်း၍ ဆက်သွယ်ဝယ်ယူ နိုင်သည်။

ကူးယူနိုင်

ယခုမိတ်ဆက်သရုပ်ပြသော Noritsu အမျိုးအစား QSS -350liစက်သစ်ကြီး ဖြင့်မကွေးမြို့ အမှတ်(၁-၄)၊ စိုးကောမင်း ရပ်ကွက် ခရိုင် အားကစားကွင်း အရှေ့ဘက်တန်း၊ Three Star Digital Photo ဖုန်း-၀၆၃-၂၃၂၄၅ တွင် ကူးယူနိုင်ပြီဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၁၈-၂-၂၀၀၇ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနှားဝင်
၇:၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

နေ့လယ်ပိုင်း

၁၂:၀၀	၁။	မြဝတီအဖွင့်
၁၂:၀၅	၂။	အဖွင့်သီချင်း
၁၂:၁၀	၃။	မျိုးချစ်တပ်မတော်
၁၂:၂၀	၄။	သာယာသီကြွေးခေတ်ဆန်းတေး
၁၂:၃၀	၅။	မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **"ကျွန်တော်ရဲ့ဖူးစာရှင်ဆံသဆိုင်"**
၁၃:၅၀	၆။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	မျိုးချစ်တပ်မတော်
၄:၂၀	၄။	လက်စွမ်းပြပဟန်ဂီတသံ
၄:၃၀	၅။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၄၀	၆။	ချိုမြလက်သံငြိမ့်ညောင်းဟန်
၄:၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၅:၀၀	၈။	သံစဉ်များနှင့်ကမ္ဘာ
၆:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၀။	နိုင်ငံတကာသတင်း
၆:၂၀	၁၁။	မိုးလေဝသသတင်း
၆:၂၅	၁၂။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀	၁၃။	လျှပ်တစ်ပြက်
၆:၄၅	၁၄။	အံ့သြဖွယ်ရာဆပ်ကပ်ပညာ
၇:၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မြစ်တစ်စင်းရဲ့သံစဉ်"** (အပိုင်း-၂၁)
၈:၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၈။	ပဟေဠိနန်းတော်
	၁၉။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၀။	FA CUP ဘောလုံးပွဲ Fulham Vs Tottenham Hotspur (Live)

ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် စိုက်ပျိုးရေနှင့်သောက်သုံးရေများရရှိစေရေး ရေကန်နှင့်ဆည်တမံများကို စနစ်တကျထိန်းသိမ်းပြုပြင်စောင့်ရှောက်ထား

ဟိုပုံးမြို့နယ် တံတားကြီးရွာအနီးမှ နမ့်ပေါင်လင်း ရေလွှဲဆည်မှရေများ ဤသို့ ဖြန့်ဝေပေးလျက်ရှိသည်။
ဓာတ်ပုံ–အောင်သန်း(မင်္ဂလာတောင်ညွန့်)

■ *ကျောဖုံးမှ*

ဆည်နှင့်ကန် ၂၂ ခု တို့ကို တောင်ကြီးမြို့ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးမှ တာဝန်ယူ ထိန်းသိမ်း ပြုပြင်လျက်ရှိသည်။ ဆည်နှင့် ကန်များ ပြုပြင်ထိန်းသိမ်း စောင့်ရှောက်မှု ပြုလုပ်နေခြင်းနှင့်ပတ်သက်၍ လေ့လာသိရှိနိုင်ရန်အတွက် မြန်မာ့အလင်း သတင်းအဖွဲ့သည် လွန်ခဲ့သော ဇန်နဝါရီ၂၅ ရက်က တောင်ကြီးမြို့ရှိ ညွှန်ကြားရေးမှူး (မြို့ပြ)ရုံးသို့ ရောက်ရှိခဲ့သည်။

ဟိုပုံးမြို့နယ် မြို့မကျေးရွာအနီး မြို့မရေလွှဲဆည်မှ ရေများဖြန့်ဝေလွှတ်ပေးနေစဉ်။
ဓာတ်ပုံ–အောင်သန်း(မင်္ဂလာတောင်ညွန့်)

ထိန်းသိမ်းစောင့်ရှောက်

ဆည်မြောင်းဦးစီးဌာန(တောင်ကြီး)မှ လက်ထောက် ညွှန်ကြားရေးမှူး ဦးမင်းဆွေက ကားဂိတ်သို့ လာရောက်ကြိုဆိုပြီး ဆည်မြောင်းဦးစီးဌာန(တောင်ကြီး) ညွှန်ကြားရေးမှူး ဦးဝေဖြိုးနှင့် မိတ်ဆက်ပေးသည်။ တောင်ကြီးမြို့ ဆည်မြောင်းဦးစီးဌာနမှ ထိန်းသိမ်းစောင့်ရှောက်မှုဖြင့်ရှိနေသောဆည်နှင့် ကန်များမှာ ၂၂ ခုရှိ၍ တောင်ကြီးမြို့နယ်အတွင်း၌ ငါးခု၊ ဟိုပုံးမြို့နယ်တွင် လေးခု၊ ဆီဆိုင်မြို့နယ်တွင် နှစ်ခု၊ ညောင်ရွှေမြို့နယ်တွင်နှစ်ခု၊ ရပ်စောက်မြို့နယ်တွင် နှစ်ခု၊ ကလောမြို့နယ်တွင် တစ်ခု၊ ဖယ်ခုံမြို့နယ်တွင် တစ်ခု၊ ကျေးသီးမြို့နယ်တွင် တစ်ခု၊ နမ့်စန်မြို့နယ်တွင် တစ်ခု၊ မိုးနဲမြို့နယ်တွင် တစ်ခု၊ မောက်မယ်မြို့နယ်တွင် နှစ်ခု အသီးသီးပါဝင်သည်။

တောင်ကြီးခရိုင် တောင်ကြီးမြို့နယ်တွင်ရှိ ဆည်ကြီးတမံမှ ရေသောက် ဧရိယာ ဧက ၃၀၀၀၊ ကျီးဖြူကန်မှ ရေသောက်ဧရိယာ ဧက ၁၀၀၀၊ အေးသာယာတမံမှ ဧက ၆၀၀၊ နမ့်တဘက်ဆည်မှ ရေသောက်ဧရိယာ ၅၈၉၇ဧကပေါင်း ၁၀၄၉၇ဧက၊ ဟိုပုံးမြို့နယ် မြို့မဆည်မှ ရေသောက်ဧရိယာ ဧက၃၃၀၊ နမ့်ပေါင်လင်းဆည်မှ ၅၂၀၉ဧက၊ နမ့်ဒွိုးဆည်မှ ဧက ၁၆၉၀၊ နမ့်မဲသာဆည်မှ ဧက ၃၃၆၀ ပေါင်း ၁၀၅၈၉ဧက၊ ဆီဆိုင်မြို့နယ် နမ့်ကွက်ဆည်မှ ဧက၆၇၀၀၊ ဘန်းယဉ်ကန်မှ ဧက ၆၅၀ ပေါင်း ဧက ၇၃၅၀၊ ညောင်ရွှေမြို့နယ် အင်းတိန်ဆည်မှ ဧက၃၈၀၀၊ လွမ်းမောကန်မှ ဧက၃၀၀၀၊ ရပ်စောက်မြို့နယ် သမိုင်းကုန်းတမံမှ ဧက ၁၀၀၀၊ ကလောမြို့နယ် ဟဲဟိုးကန်မှ ၄၉၇၇ဧက၊ ဖယ်ခုံမြို့နယ် မိုးဗြဲရေလှောင်တမံမှ ၃၅၀၅ဧက၊ ကျေးသီးမြို့နယ် ဝမ်ဖွီးရေလှောင်တမံမှ ၂၂၅ ဧက၊ နမ့်စန်မြို့နယ် ဝမ်ပုံရေလှောင် တမံမှ ဧက၁၀၀၀၊ မိုးနဲမြို့နယ် ဖိုင်းလုံဆည်မှ ၄၆၄၇ ဧက၊ မောက်မယ်မြို့နယ် နားဆိုင်ဆည်မှ ဧက၁၈၇၀၊ မောက်မယ်မြို့နယ် မောက်မယ် ရေတံလျှောက်မှ ၆၇၄ဧက စုစုပေါင်း၅၃၁၄၃ ဧကသို့ အကျိုးပြုလျက်ရှိကြောင်း သိရသည်။

ဖြည့်စွက်လုပ်ငန်း

၂၀၀၆–၂၀၀၇ခုနှစ် အတွင်းစတင် ဆောင်ရွက်မည့် ဖြည့်စွက်လုပ်ငန်းပေါင်း ၁၇ခုအတွက် ဧရိယာ ၇၆၁၅ ဧကအကျိုးပြုနိုင်ရန် လျာထားစီစဉ်လျက်ရှိပြီး တောင်ကြီးဆည်မြောင်းဦးစီးဌာန အနေဖြင့် စိစစ်ထားသော ရေသောက်ဧရိယာ ၅၁၆၃၈ ဧကတွင် ၂၀၀၆–၂၀၀၇ ခုနှစ် အတွက် မိုးစပါး စိုက်ပျိုးပြီးစီးမှု၃၉၈၀၇ဧကရှိပြီး ထိန်းသိမ်းထားသော ဆည်နှင့်ကန်များမှ နွေစပါးစိုက်ပျိုးရန် တောင်ကြီးခရိုင်နှင့် လင်းခေးခရိုင်တွင် ဧက ၁၀၂၃၀ လျာထားကြောင်း သိရသည်။ ၎င်းအပြင် ၂၀၀၅–၂၀၀၆ ခုနှစ် ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် နွေစပါး ရေရရှိရေးအတွက် ချောင်းပိတ် မြောင်းပိတ်လုပ်ငန်း ၂၄ခုဆောင်ရွက်ထားပြီး စိုက်ပျိုးမြေဧရိယာ ဧကပေါင်း ၂၇၃၇ ဧကသို့ အကျိုးပြုလျက်ရှိပါကြောင်း တင်ပြလိုက်ရပါသည်။ ။**(မြန်မာ့အလင်း)**



တောင်ကြီးမြို့နယ် ကျီးဖြူကန်ရေလှောင်ကန် (ကွန်ကရစ် ရေလွှဲဆည်)အား လွယ်ကာတောင်–တောင်ကြီးတောင်တို့၏ နောက်ခံအလှမြင်ကွင်းဖြင့် တွေ့ရစဉ်။ ဓာတ်ပုံ–အောင်သန်း(မင်္ဂလာတောင်ညွန့်)

တောင်ကြီးမြို့နယ် အေးသာယာရေလှောင်တမံ၏ မြင်ကွင်းအလှကို ဤသို့ တွေ့ခဲ့ရသည်။ ဓာတ်ပုံ–အောင်သန်း(မင်္ဂလာတောင်ညွန့်)

တောင်ကြီးမြို့ ဆည်မြောင်းဦးစီးဌာနမှ ထိန်းသိမ်းစောင့်ရှောက်မှုဖြင့်ရှိနေသော ဆည်နှင့် ကန်များမှာ ၂၂ ခု ရှိ၍ တောင်ကြီးမြို့နယ်အတွင်း၌ ငါးခု၊ ဟိုပုံးမြို့နယ်တွင် လေးခု၊ ဆီဆိုင်မြို့နယ်တွင် နှစ်ခု၊ ညောင်ရွှေမြို့နယ်တွင် နှစ်ခု၊ ရပ်စောက်မြို့နယ်တွင် နှစ်ခု၊ ကလောမြို့နယ်တွင် တစ်ခု၊ ဖယ်ခုံမြို့နယ်တွင်တစ်ခု၊ ကျေးသီးမြို့နယ်တွင် တစ်ခု၊ နမ့်စန်မြို့နယ်တွင်တစ်ခု၊ မိုးနဲမြို့နယ်တွင် တစ်ခု၊ မောက်မယ်မြို့နယ်တွင် နှစ်ခု အသီးသီးပါဝင်။

✡ **ရှေ့ဖုံးမှ**

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့သည် စက်ရုံအတွင်းမြေညီထပ်တွင် စက်များလည်ပတ်နေမှုနှင့် ပထမထပ်ရှိ Control Room တို့ကို ကြည့်ရှုစစ်ဆေးရာ စက်ရုံမှူးဦးဟုတ်ရှန်က လိုက်လံရှင်းလင်းပြသပြီး စက်များအပျက်အစီးနည်းပါးကာ လျှပ်စစ်ဓာတ်အား အပြည့်အဝဖြင့် မှန်မှန်ပို့လွှတ်နိုင်မှုအခြေအနေ၊ စက်ချွတ်ယွင်းမှုပေါ်ပေါက်ပါက အချိန်လေးနာရီငါးနာရီအတွင်း ပုံမှန်ပြန်လည် လည်ပတ်နိုင်ရေးပြုပြင်စီမံဆောင်ရွက်နိုင်မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များ မှာကြားသည်။

ဝိုင်းဝန်းကြိုးပမ်း

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့သည် ဘီလူးချောင်း အမှတ်(၂)ဓာတ်အားပေးစက်ရုံ လောပိတဆည့်ရိပ်သာသို့ ရောက်ရှိပြီး ဆည့် ရိပ်သာ၌ စက်ရုံမှူး ဦးဟုတ်ရှိန်က Water Way System လုပ်ငန်းအဆင့်ဆင့်ဆောင်ရွက်ပုံ၊ စက်ရုံစတင်တည်ဆောက်ချိန်မှ ယနေ့အထိ အဆင့်ဆင့်တိုးတက်ဆောင်ရွက်ခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ဤစက်ရုံသည် လျှပ်စစ်ဓာတ်အားနှင့်ပတ်သက်၍ နိုင်ငံတော်က အားထားရသော စက်ရုံဖြစ်ရာ စက်များချွတ်ယွင်းမှု မရှိစေရေးအတွက် တာဝန်ရှိသူအသီးသီးက အထူးဂရုပြု ထိန်းသိမ်းစောင့်ရှောက်ရေး၊ ပြည်သူများ လိုအပ်ချက်အတိုင်း လျှပ်စစ်ဓာတ်အား အပြည့်အဝသုံးစွဲနိုင်ရေးတို့အတွက် စေတနာထား၍ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေးမှာကြားပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက စက်ရုံမှူးဦးဟုတ်ရှိန်အား လက်ဆောင်ပစ္စည်းပေးအပ်သည်။

ဘီလူးချောင်း အမှတ်(၂)ဓာတ်အားပေးစက်ရုံလောပိတကို ၁၉၆၀ ပြည့်နှစ်တွင် တည်ဆောက်ပြီးစီးခဲ့ပြီး နိုင်ငံတော်တွင် ယနေ့အထိ အကြီးဆုံးရေအားလျှပ်စစ်စက်ရုံဖြစ်သည်။ နိုင်ငံတော်ဓာတ်အားပေးစနစ်တွင် လိုအပ်သောဓာတ်အားများကို ၂၄နာရီထုတ်လုပ်လျက် ၂၃၀ကေဗွီဓာတ်အားလိုင်းဖြင့် တောင်ငူ၊ ရန်ကုန်စသော မြို့ကြီးများသို့လည်းကောင်း၊ ၁၃၂ကေဗွီဓာတ်အားလိုင်းဖြင့် ကလော၊ တောင်ကြီး၊ သာစည်၊ မန္တလေးမြို့များသို့ လည်းကောင်း ပို့လွှတ်ပေးလျက်ရှိရာ နှစ်စဉ်ဓာတ်အားထုတ်လုပ်မှုမှာ ယူနစ်သန်းပေါင်း ၁၂၀၀ ဖြစ်သည်။

ဘီလူးချောင်း အမှတ်(၁)ဓာတ်အားပေးစက်ရုံ လောပိတကို ၁၉၉၂ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့ပြီး နှစ်စဉ်ဓာတ်အားထုတ်လုပ်မှုမှာ ယူနစ်သန်းပေါင်း ၂၀၀ဖြစ်သည်။

လွိုင်ကော်တက္ကသိုလ်

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးနှင့်အဖွဲ့သည် နံနက်၁၁နာရီတွင် လွိုင်ကော်တက္ကသိုလ်သို့ ရောက်ရှိကြရာ လွိုင်ကော်တက္ကသိုလ် ပါမောက္ခ၊ ဌာနမှူး ဒေါ်ခင်မေဦးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့သည် လွိုင်ကော်တက္ကသိုလ် အစည်းအဝေးခန်းမ၌ ပါမောက္ခများ၊ နည်းပြများနှင့် ဝန်ထမ်းများအား တွေ့ဆုံသည်။

ကြိုးပမ်းဆောင်ရွက်

ထိုသို့ တွေ့ဆုံရာတွင် ရှေးဦးစွာ လွိုင်ကော်တက္ကသိုလ်ပါမောက္ခ၊ ဌာနမှူး ဒေါ်ခင်မေဦးက တက္ကသိုလ်၏ သမိုင်းအကျဉ်းချုပ်၊ ဝန်ထမ်းအင်အား အခြေအနေ၊ သင်ကြားပို့ချသော အထူးပြုဘာသာရပ်များ၊ ကျောင်းသားဦးရေနှင့် စာသင်ခန်းများ၊ IT Centre Room အခြေအနေများကိုလည်းကောင်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဒုတိယအင်ဂျင်နီယာချုပ်ဦးဇော်ဝင်းက တက္ကသိုလ်အတွင်း ပင်မသုံးထပ်ဆောင် အပါအဝင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ဆရာ ဆရာမများ၊ ဝန်ထမ်းများ သွားလာနေထိုင် စားသောက်ရေးအတွက် လိုအပ်သည်များ ပံ့ပိုးစီစဉ်ဆောင်ရွက်ပေးရေး၊ ဝန်ထမ်းအိမ်ရာအပါအဝင် အဆောက်အအုံများကို သန့်ရှင်းသာယာလှပအောင် စီမံဆောင်ရွက်ရေး၊ ဘက်စုံပညာရည်ထူးချွန်ထက်မြက်သော လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာရေးအတွက် ဆရာ ဆရာမများက ကြိုးပမ်းဆောင်ရွက်ရေးတို့ကို မှာကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးဗိုလ်မှူးချုပ်သောင်းအေးနှင့်အဖွဲ့သည် လွိုင်ကော်မြို့ နယ်မြေခံတပ် ငြိမ်းချမ်းရေးခန်းမသို့ရောက်ရှိကြပြီး အရာရှိ စစ်သည် မိသားစုဝင်များအား တွေ့ဆုံကြသည်။

ဒေသဖွံ့ဖြိုးရေး

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက စွမ်းရည်(၃)ရပ်နှင့်ပြည့်စုံရေး၊ မိသားစုသက်သာချောင်ချိရေးအတွက် တစ်ပိုင်တစ်နိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပြည်သူအကျိုးပြုလုပ်ငန်းများတွင် ပါဝင်ကြိုးပမ်းဆောင်ရွက်ကြရေးမှာကြားပြီး မိသားစုဝင်များအား တာဝန်ရှိသူများက လက်ဆောင်ပစ္စည်းများပေးအပ်ကာ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးဗိုလ်မှူးချုပ်သောင်းအေးနှင့်အဖွဲ့သည် မွန်းလွဲ၁နာရီက ကယားပြည်နယ် မြို့တော်ခန်းမ၌ ပြည်နယ်၊ ခရိုင်၊မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံမှာကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ သူနာပြုဆရာမများနှင့် မြို့မိမြို့ဖများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ပြည်နယ်အဆင့် တာဝန်ရှိသူများက ဌာနအလိုက် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို အသီးသီး ရှင်းလင်းတင်ပြကြပြီး ကယားပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးညွန့်တင်က ပြည်နယ်အတွင်းဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဖြည့်ဆည်းပေးပြီး မြို့များ၏ စည်ပင်သာယာရေးလုပ်ငန်းများ တိုးတက်ကောင်းမွန်မှုရှိပြီး အရှိန်အဟုန်မပျက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရန် မှာကြားလိုကြောင်း၊ သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများအနေဖြင့် ဌာနဆိုင်ရာများ၊ မြို့မိ၊ မြို့ဖများပါဝင်သော ဆန္ဒဖော်ထုတ်ပွဲကို တစ်လတစ်ကြိမ် ကျင်းပပြီး အခက်အခဲပြဿနာများ စုပေါင်းညှိနှိုင်း အဖြေရှာဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးပေါ်ထွန်းလာရေးအတွက် ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းအဆင့်ဆင့်၊ ဌာနဆိုင်ရာများနှင့်ဒေသခံပြည်သူများက တက်ညီလက်ညီဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်းဖြင့် တိုက်တွန်းပြောကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

လက်ဆောင်ပန်းခြင်းပေးအပ်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် လွိုင်ကော်ကက်သလစ်သာသနာပြု ကျောင်းတော်သို့ သွားရောက်၍ လက်ထောက်ဆရာတော် ပေါပီပီနှင့် တာဝန်ရှိသူများက ကက်သလစ်သာသနာကျောင်းတိုက်၊ ရွှေနှလုံးတော်ကျောင်း၊ နှစ်ခြင်းအသင်းတော်၊ ကယားအထူးနှစ်ခြင်းအသင်းတော်နှင့် အင်္ဂလီကန် အသင်းတော်ဘုရားရှိခိုးကျောင်းတို့မှ သာသနာပြုဆရာတော်များအား ကက်သလစ်သာသနာပြုကျောင်းတော်ခန်းမ၌ တွေ့ဆုံ၍ ရှေးဦးစွာ သာသနာပြုဆရာတော်များက တစ်ဦးချင်းမိတ်ဆက်ကြပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် လက်တွဲ ပါဝင်ဆောင်ရွက်ကြပါရန်ပြောကြားပြီး လက်ဆောင်ပန်းခြင်းများကို သာသနာပြုဆရာတော်များအားပေးအပ်သည်။ ကယားပြည်နယ်အတွင်း ခရစ်ယာန်ဘာသာအနေဖြင့် လွိုင်ကော်မြို့နယ်၌ ဘုရားကျောင်း၅၈ကျောင်း၊ ကျမ်းစာသင်၊ ရဟန်းဖြစ်ကျောင်း နှစ်ကျောင်း၊ ဒီမောဆိုမြို့နယ်၌ ဘုရားကျောင်း ၉၈ကျောင်း၊ ကျမ်းစာသင်၊ ရဟန်းဖြစ်ကျောင်း တစ်ကျောင်း၊ ဖရူဆိုမြို့နယ်၌ ဘုရားကျောင်း၈၇ကျောင်း၊ ရှားတော၊ ဘော်လခဲ၊ ဖားဆောင်းနှင့် မဲစဲမြို့နယ်များ၌ ဘုရားကျောင်း၂၁ ကျောင်းရှိကာ ပြည်နယ်အတွင်း ခရစ်ယာန်ဘာသာဝင်ပေါင်း ၁၂၉၇၀၇ဦးနှင့် သာသနာပြု ဘုန်းတော်ကြီး၂၄ဦး၊ သင်းအုပ်ဆရာ ၆၈ ဦးရှိ၍ ဘာသာရေး အခမ်းအနားများ၊ ဝတ်ပြုဆုတောင်းပွဲများအစဉ်အလာအတိုင်း ကျင်းပလျက်ရှိကြောင်းသိရသည်။

ပေးအပ်လှူဒါန်း

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့သည် ဆောက်လုပ်ဆဲဖြစ်သော မြို့လယ်ဓမ္မာရုံသစ်သို့ ရောက်ရှိပြီး လုပ်ငန်းဆောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းအုံနှင့်အဖွဲ့ဝင် ဦးအောင်တို့ထံ အလှူငွေကျပ်ခုနစ်သိန်း ပေးအပ် လှူဒါန်းရာ ဂေါပကအဖွဲ့က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနာယက ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးနှင့်အဖွဲ့သည် နယ်မြေခံတပ်ဆည့်ရိပ်သာ၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များအား တွေ့ဆုံသည်။

ပံ့ပိုးကူညီဆောင်ရွက်

ထိုသို့တွေ့ဆုံရာတွင် ရှေးဦးစွာ ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူးဦးကျော်ဆွေက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကိုတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် ဒေသခံတိုင်းရင်းသားပြည်သူများနှင့်အတူ တက်တက်ကြွကြွ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ လေ့လာပြီး ဒေသခံတောင်သူများအား တတ်နိုင်သည့်ဘက်မှ ပံ့ပိုးကူညီ ဖြည့်ဆည်းဆောင်ရွက်ပေးကြရေးမှာကြားပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အဖွဲ့သည် လွိုင်ကော်မြို့၌ ညအိပ်ရပ်နားကြသည်။ **(သတင်းစဉ်)**

✻ **ကျောဖုံးမှ**

မျိုးစေ့များပေးအပ်

ထို့နောက် နေပြည်တော် တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့် ဇနီး၊ ပျဉ်းမနားခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် တပ်ကုန်းတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးစိုးထက်တို့က ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့များနှင့် ပြည်သူများအတွက် ခြံစည်းရိုးကြက်ဆူပင်မျိုးစေ့နှင့် ပျိုးအိတ်များကို တာဝန်ရှိသူများထံ ပေးအပ်ကြသည်။

ယင်းနောက် တိုင်းမှူးနှင့် ဇနီး၊ တာဝန်ရှိသူများသည် ခြံစည်းရိုးကြက်ဆူပျိုးကိုင်းများနှင့် မျိုးစေ့များကို ပျိုးထောင် မျိုးစေ့ချပေးကြသည်။

ကြည့်ရှုအားပေး

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ပျိုးဥယျာဉ်အတွင်း၌ ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့များ၏ စုပေါင်းပျိုးထောင် မျိုးစေ့ချနေမှုများကို လိုက်လံ ကြည့်ရှုအားပေးကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရည်မှန်းချက်

တပ်ကုန်းမြို့နယ် စုပေါင်းခြံစည်းရိုးကြက်ဆူပင်ပျိုးဥယျာဉ်၌ ခြံစည်းရိုးကြက်ဆူစေ့ပျိုး ၁၂၀၀၀၀နှင့် ကိုင်းပျိုး ၁၄၀၀တို့ကို ပျိုးထောင်ထားရှိပြီး မြို့နယ်အတွင်း စုစုပေါင်း ၁၁၁၄၉၈ကေ စိုက်ပျိုးရန်လျာထားရာ ရည်မှန်းချက်ပြည့်မီအောင် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

မာရ်အောင်မြင်ပြည်တော်ပြန်မြတ်စွာဘုရားကြီး ဗုဒ္ဓပူဇနီယပွဲတော်စည်ကားသိုက်မြိုက်စွာကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ဧရာဝတီတိုင်း ဟင်္သာတခရိုင် ဇလွန်မြို့ မာရ်အောင်မြင်ပြည်တော်ပြန်မြတ်စွာဘုရားကြီး **(အပေါ်ပုံ)**၏ ၁၃၆၈ခုနှစ် တပေါင်းလဗုဒ္ဓပူဇနီယပွဲတော်ကို တပေါင်းလဆန်း၉ရက်မှ တပေါင်းလပြည့်ကျော်၁ရက် (ဖေဖော်ဝါရီ ၂၄ရက်မှ မတ်၃ရက်)အထိ ရှစ်ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်နိုင်

ဗုဒ္ဓပူဇနီယပွဲတော်တွင် ဗုဒ္ဓပူဇာ၊ ဓမ္မပူဇာ၊ သံဃပူဇာအဖြစ် ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူပူဇော်ခြင်း အထက်စေတီတော်အား ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်းနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပခြင်း၊ ပျော်ပွဲရွှင်ပွဲအဖြစ် ရွှေတံဆိပ်သုံးဆုရ မြို့ရွှေမန်းသား ဖိုးချစ်တို့ကတဲ့ ဇာတ်အလှသဘင်၊ မျိုးဆက်သဘင်၊ ရုပ်ရှင် (ပရိဂျက်တာ)၊ ကာရာအိုကေ၊ ချားရဟတ်၊ ဆိုကြမယ်ပျော်ကြမယ် စင်တင်တေးဂီတစသည်တို့အပြင် ဗလာပွဲအဖြစ် ဇာတ်အငြိမ့် ပရိဂျက်တာရုပ်ရှင်တို့ ပါဝင်မည်ဖြစ်ရာ ဗုဒ္ဓပူဇနီယပွဲကျင်းပရေးကော်မတီရုံး ဖုန်း-၀၄၄-၇၀၂၁၀သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

လက်ပံတန်းမြို့နယ်အသင်း နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် ဖေဖော်ဝါရီ ၁၇

လက်ပံတန်းမြို့နယ်အသင်း (ရန်ကုန်) ၏ နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးကို မတ်၄ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဗဟန်းလမ်းမကြီးနှင့် ဗဟန်း ၁လမ်းထောင့်ရှိ သီရိလက်ာဓမ္မာရုံကြီးတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ဖိတ်စာ သီးသန့်ပေးပို့ခြင်း မရှိပါသဖြင့် အသင်းဝင်ပြီးသည် ဖြစ်စေ၊ မဝင်ရသေးသည် ဖြစ်စေ မဟာရန်ကုန်အတွင်း နေထိုင်သူ လက်ပံတန်းမြို့နယ်သူ မြို့နယ်သားအားလုံး အစည်းအဝေး တက်ရောက်ကြပါရန်နှင့် အဆိုပါ အစည်းအဝေးကြီးတွင် မိတ်ဆုံစားပွဲ၊ အသက်၇၅နှစ်နှင့် အထက်သက်ကြီးများပူဇော်ပွဲ၊ ဗိုလ်မှူးကြီးအောင်သိန်း(ငြိမ်း)၏ စာပေဆုချီးမြှင့်ပွဲ၊ ၂၀၀၆ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်သူများ၊ သူငယ်တန်းမှ နဝမတန်းအထိ အတန်းလိုက် ပထမရရှိသူ သားသမီးမြေးမြစ်များကို ပညာရည်ချွန် ထောက်ပံ့မည်ဖြစ်၍ အထောက်အထားနှင့်အတူဆုပေးပွဲကြီးတွင် တက်ရောက် ဆုယူနိုင်ကြောင်းသိရသည်။ **(က-ပ)**

အင်းတော် အထက ခန်းမတည်ဆောက်ရန် လှူဒါန်းနိုင်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

၂၀၀၈ခုနှစ်တွင် ကျရောက်မည့် စစ်ကိုင်းတိုင်း အင်းတော်မြို့ အခြေခံပညာ အထက်တန်းကျောင်း၏ နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် ခန်းမဆောင်ကြီးကို ကျောင်းသားဟောင်းများ ကောင်းမှုအဖြစ် တည်ဆောက်မည်ဖြစ်ရာ ဦးတင်အုန်း ဖုန်း-၀၇၅-၅၀၁၄၄၊ ဦးကျော်လွင်ဦး ဖုန်း-၀၇၅-၅၀၁၄၉၊ ဦးဇဝန ဖုန်း-၀၁-၅၇၁၃၁၂၊ ဦးမျိုးထိုက် ဖုန်း-၀၉-၅၁၀၂၉၄၇၊ ဦးမိုးဇော်ဦး ဖုန်း-၀၂-၈၉၃၁၄၊ ဦးဇော်မိုးအောင် ဖုန်း-၀၉-၂၁၃၀၅၆၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ခုတင်နှင့်ဆေးပစ္စည်းများပေးအပ်လှူဒါန်း

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဒေါက်တာသန်းဦး ရန်ကုန်တိုင်း လှည်းကူးမြို့နယ် မင်းကုန်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း သားဖွားခန်းအတွက် ခုတင်နှင့်ဆေးပစ္စည်းများ ပေးအပ်လှူဒါန်းစဉ်။ (မိခင်ကလေး)

မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း(ဗဟို)မှ ရန်ကုန်တိုင်းအတွင်းရှိ သားဖွားခန်းနှစ်ခုသို့ အလှူပစ္စည်းများပေးအပ်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဗဟိုအလုပ်အမှုဆောင် ဒေါက်တာသန်းဦးနှင့် အမှုဆောင်ညွှန်ကြားရေးမှူးတို့သည် ဖေဖော်ဝါရီ ၁၄ရက် နံနက် ၁၁နာရီခွဲက ရန်ကုန်တိုင်း လှည်းကူးမြို့နယ် မင်းကုန်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း သားဖွားခန်းသို့သွားရောက်၍ သားဖွားခန်းသုံး ခုတင်နှင့်သားဖွားခန်းသုံး ဆေးပစ္စည်းများကို လှူဒါန်းသည်။

ပေးအပ်လှူဒါန်း

ရှေးဦးစွာ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဒေါက်တာသန်းဦးက လှူဒါန်းရခြင်းအကြောင်းရင်းကို ရှင်းလင်းပြောကြားပြီး ငွေကျပ်လေးသိန်းတန်ဖိုးရှိ အလှူပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ရာ မင်းကုန်းမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း သားဖွားခန်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌက လက်ခံသည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ လှည်းကူးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ တာဝန်ရှိသူများ၊ လှည်းကူးမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင် လှိုင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း သားဖွားခန်းသို့သွားရောက်၍ ငွေကျပ်သုံးသိန်းခွဲတန်ဖိုးရှိ အလှူပစ္စည်းများကို လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သာသနာတော် အဓွန့်ရှည်စေဖို့

တင့်လွင် (ဒဂုံမြေ)

မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် ရှေးပဝေ သဏီကပင် ပထဝီအနေအထားအရ နယ်မြေချင်း ထိစပ်လျက်ရှိပြီး တစ်နိုင်ငံနှင့် တစ်နိုင်ငံ စီးပွားရေးအရ အပြန်အလှန်အားဖြင့် ကူးလူးဆက်ဆံ နေကြပေသည်။ ထိုနှစ်နိုင်ငံ ပြည်သူတို့၏ ကူးလူးဆက်ဆံမှုတို့ကြောင့် မြန်မာနိုင်ငံသို့ ဗုဒ္ဓသာသနာတော် ရောက်ရှိနေသည်မှာ နှစ်ပရိစ္ဆေဒအားဖြင့် ကြာညောင်းခဲ့လေပြီ။ ခရစ်နှစ် ၁၀၄၄ခုနှစ်တွင် ပုဂံနေပြည်တော်၌ အနော်ရထာမင်း နန်းတက်တော်မူသည်။ အနော်ရထာမင်းသည် လက်ရုံးရည်၊ နှလုံးရည်နှင့် ပြည့်စုံ၏။ ဉာဏ်ပညာကြီးမား၏။ လူစွမ်းကောင်းများကို မြတ်နိုး၏။ အယူဝါဒ ဟောင်းကြီးများကို လက်မခံပေ။ အထူးအားဖြင့် ရဲစွမ်းသတ္တိနှင့် ပြည့်စုံခြင်းပင် ဖြစ်ပေသည်။ အနော်ရထာမင်းကြီးသည် ရှင်အရဟံ မထေရ်မြတ်ကို ဖူးတွေ့ရ၏။ ထိုမထေရ်မြတ် ဟောကြားသည့် မြတ်ဗုဒ္ဓ၏ တရားတော်များကို နာယူရသဖြင့် မိမိ၏ စိတ်အစဉ်တွင် ပီတိတွေ ဖုံးလွှမ်းကာ ရွှင်လန်းခြင်း၊ တက်ကြွခြင်း၊ကြည်နူးခြင်း၊ ဝမ်းမြောက်ခြင်းတို့ ဖြစ်လေတော့၏။

ထို့နောက် အနော်ရထာမင်းကြီးသည် ရှင်အရဟံ မထေရ်မြတ်ကို နန်းတော်သို့ ပင့်ဆောင်ပြီး နန်းဦးဆရာတော်အဖြစ် ကိုးကွယ်တော်မူ၏။ သံဃရာဇာ သာသနာပိုင်အဖြစ် တင်မြှောက်ပြီး သန့်ရှင်းစင်ကြယ်သော ဗုဒ္ဓသာသနာတော်ကို ဖော်ထုတ်ခဲ့၏။

မြန်မာသက္ကရာဇ် ၁၂၄၇ခုနှစ်တွင် မြန်မာတို့၏ ထီးနန်းကို ကိုလိုနီနယ်ချဲ့သမားတို့သည် ရိုက်ချိုးခဲ့ကြလေပြီ၊ ထိုအခါ ဗုဒ္ဓဘာသာကို အားပေးချီးမြှောက်မှုမရှိသဖြင့် မြန်မာပြည်၏ သာသနာတော်သည် ဂုဏ်ရောင်မတောက် ညှိုးမှိန်ခြင်းဘဝသို့ ရောက်ခဲ့ရလေ၏။ ထိုကိုလိုနီဘဝ၏ ဆိုးကျိုးများမှာ လွတ်လပ်ရေးရသည့် ကာလတိုင်အောင်ပင် ဖြစ်ပေ၏။ မြန်မာစကားပုံတွင် **"တောမီးလောင် တောကြောင် လက်ခမောင်းခတ်"**ဟူ၍ ရှိ၏။ သာသနာတော်ကြီး ညှိုးမှိန် အားနည်းရသည့်အထဲ သာသနာတော်ကို အန္တရာယ်ပြုမည့် သာသနပစ္စတ္ထိက (သာသနာ့ရန်သူ) သာသနာ့ အညစ်အကြေးများ မြန်မာနိုင်ငံ နေရာဒေသများတွင် အလျှိုအလျှို ပေါ်ပေါက်လာကြကုန်၏။ အချို့သော ပုဂ္ဂိုလ်များသည် သံဂါယနာ ခြောက်ကြိမ်တိုင် တင်ခဲ့ကြသော ဘုရားဟော ထေရဝါဒတရားတော်များကို ဘုရားဟော မဟုတ်သယောင် ရေးသားကြ၊ ပြောဆိုကြ၏။

မြန်မာသက္ကရာဇ် ၁၃၄၁ခုနှစ်များတွင် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ရှိသော ဂိုဏ်းပေါင်းစုံ သံဃာတော်တစ်သိန်းကျော်တို့က သမ္မုတိပေး၍ ရွေးချယ်ခဲ့သည့် သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ် ၁၂၁၈ပါးတို့သည် ကမ္ဘာအေးကုန်းမြေ မဟာပါသာဏ လိုဏ်ဂူတော်ကြီး၌ ၁၃၄၂ခုနှစ် နယုန်လဆန်း ၁၁ရက်မှ ၁၄ရက်(၁၉၈၀ပြည့်နှစ် မေလ ၂၄ရက်မှ ၂၇ရက်အထိ) လေးရက်တိုင်တိုင် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး ကျင်းပ ပြုလုပ်နိုင်ခဲ့ကြလေသည်။ ယင်း ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေး ပွဲကြီး၌–

- နိုင်ငံတော် ဩဝါဒါစရိယအဖွဲ့
- နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့
- နိုင်ငံတော် သံဃမဟာနာယကအဖွဲ့
- ပြည်နယ်/ တိုင်း သံဃနာယကအဖွဲ့
- မြို့နယ် သံဃနာယကအဖွဲ့
- ရပ်ကွက်/ကျေးရွာ သံဃနာယကအဖွဲ့

ဟူ၍ ဆိုင်ရာဆိုင်ရာ တာဝန်များကို ဆောင်ရွက်နိုင်ရန် အဖွဲ့အစည်းခြောက်ဖွဲ့ကို ခွဲဝေသတ်မှတ်ကြပါသည်။ ထို့ပြင် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တို့ သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးအတွက် ဆောင်ရွက်ကြရာ၌ မှီငြမ်းပြုစုနိုင်စေရန်–

- သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း
- သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများ
- ဝိနည်းဓမ္မကံ အဓိကရဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ စသည်တို့ကို ရေးဆွဲခဲ့ကြသည်။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ တာဝန်

နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့က ရွေးချယ်ဖွဲ့စည်းပေးထားသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် ၄၇ပါး ရှိပေသည်။ ယင်းဆရာတော်ကြီးများက သာသနာ့ရေးရာကိစ္စများ၊ ဝိနိစ္ဆယရေးရာကိစ္စများ၊ပညာရေးဆိုင်ရာ ကိစ္စများကို ဆောင်ရွက်တော်မူကြသည်။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့် အကျိုးတော်ဆောင် ဆရာတော်နှစ်ပါးမှအပ ကျန်အဖွဲ့ဝင် ဆရာတော်၄၅ပါးတို့သည် တစ်ဖွဲ့၊ ၁၅ ပါးစီခွဲ၍ သုံးဖွဲ့ ဖွဲ့စည်းတော်မူ၏။ ယင်းသုံးဖွဲ့သည် အလှည့်ကျအဖြစ် တစ်ဖွဲ့လျှင် လေးလတစ်ကြိမ် ကမ္ဘာအေး မဟာနာယကကျောင်းတော်ကြီး၌ သီတင်းသုံးတော် မူကြရသည်။ ဥက္ကဋ္ဌဆရာတော်ကြီးနှင့် အကျိုးတော်ဆောင် ဆရာတော်ကြီး နှစ်ပါးသည် အဖွဲ့သုံးဖွဲ့လုံးနှင့် သက်ဆိုင်တော်မူ၏။ မဟာနာယကကျောင်းတော်ကြီးတွင် သီတင်းသုံးတော်မူကြ၏။

နိုင်ငံတော် သံဃမဟာနာယက ဆရာတော် ၁၅ပါး ပါဝင်သော ပထမ၊ ဒုတိယ၊ တတိယ အဖွဲ့ခွဲများတွင်လည်း ဆရာတော် ငါးပါးစီ ခွဲပြီး ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာ၊ ပညာရေးရာ အဖွဲ့ငယ်များအဖြစ် လုပ်ငန်းရပ်များကို တာဝန်ယူ ဆောင်ရွက်ကြရပေသည်။

သာသနာရေးရာ ကိစ္စရပ်များတွင် သံဃအဖွဲ့အစည်း အဆင့်ဆင့် ရွေးချယ်ဖွဲ့စည်းခြင်း၊ အစားထိုးခြင်းဆိုင်ရာ ပြဿနာများစိစစ်ခြင်း၊ဓမ္မ၊ အဓမ္မစသော အငြင်းပွားမှုများကို စိစစ်ဆောင်ရွက်ခြင်း၊ ဝါဆိုသံဃာနှင့် သီလရှင် စာရင်းကောက်ယူခြင်း၊ ဗဒ္ဓသိမ်၊ သာသနာ့မြေကိစ္စ၊ ကျောင်းဆောက်ခြင်း၊ စေတီသစ်တည်ခြင်း၊ စေတီဟောင်းများပြုပြင်ခြင်း၊ ဈာပနကိစ္စ၊ ညွှန်ကြားလွှာများ စိစစ်ထုတ်ပြန်ခြင်း စသည့် သာသနာရေးရာ ကိစ္စရပ်များ ပါရှိပါသည်။

ထို့အပြင် သာသနာတော် ထွန်းကားပြန့်ပွားရေးဆိုင်ရာ လုပ်ငန်းရပ်များနှင့် စပ်လျဉ်း၍ ထေရဝါဒ ဗုဒ္ဓသာသနာပြု ဩဝါဒါစရိယ အဖွဲ့၏ ဆောင်ရွက်ချက်၊ ဆုံးဖြတ်ချက်များ၊ သာသနာပြုလုပ်ငန်းများ၊ ဗုဒ္ဓဘာသာ ယဉ်ကျေးမှု စာမေးပွဲများ၊ ကျောင်းထိုင်ဘုန်းတော်ကြီးသင်တန်းကျောင်းကိစ္စ၊ ပြည်တွင်းပြည်ပ သာသနာရေးလုပ်ငန်းများ၊ နယ်စပ်နှင့် တောင်တန်းဒေသများ၌ ရတနာသုံးပါး ယုံကြည်သက်ဝင် ပူဇော်ပွဲများ စသည့် သာသနာရေးရာ ကိစ္စရပ်များ ပါရှိပါသည်။ ပညာရေးရာကိစ္စရပ်များတွင် ပရိယတ္တိ စာမေးပွဲများကိစ္စ၊ စာပေစိစစ်ရေး၊ ဗုဒ္ဓဘာသာစာမူများကို စိစစ်ခြင်း၊ တိပိဋက ပါဠိ– မြန်မာအဘိဓာန်ကျမ်းကြီးများ ပြုစုဆောင်ရွက်ခြင်းစသည့် ပညာရေးရာ လုပ်ငန်းရပ်များ ပါရှိပါသည်။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ငယ် ဆရာတော်များသည် လုပ်ငန်းကိစ္စရပ်များပေါ်တွင် စိစစ်ဆွေးနွေးရသည်များကို မှတ်ချက်ရေးသားပေးတော်မူကြ၍ အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း အဖွဲ့ခွဲ ၁၅ပါး အစည်းအဝေးတွင် သဘောထားများ တင်ပြကြရ၏။ ဥပတ္ထမ္ဘက ဝန်ထမ်းများ၏ အကူအညီဖြင့် တင်လွှာများနှင့်တင်ပြလျှောက်ထားကြ၏။ ၁၅ပါး အဖွဲ့ခွဲက ဆွေးနွေးညှိနှိုင်းဆုံးဖြတ်ကြသည်။ လေးလတစ်ကြိမ် ကျင်းပသည့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ၄၇ပါးစုံညီ အစည်းအဝေးသို့ တင်ပြရန်ရှိသည်များကို စီစဉ်ထားကြသည်။

နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများသည် ပြည်နယ်/ တိုင်းအသီးသီးတွင် ပရိယတ္တိကျောင်းတိုက်ကြီးများကို စီမံ အုပ်ချုပ်လျက် အနာဂတ်သာသနာရေးအတွက် တပည့်ရဟန်း၊ သာမဏေများကို ပြုစုပျိုးထောင်၍ ဂန္ထဓုရ၊ ဝိပဿနာဓုရ သာသနာ့လုပ်ငန်း တာဝန်များကို ထမ်းဆောင်နေကြသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများသည် မိမိပဓာနမူလ ကျောင်းတိုက်ကြီးများတွင် နေတော်မမူကြရဘဲ ကမ္ဘာအေးတွင် လေးလတာ သီတင်းသုံးကာ သာသနာတော်သန့်ရှင်းတည်တံ့ ပြန့်ပွားရေးလုပ်ငန်းကိစ္စရပ်များကို ပင်ပန်းလှသည်ဟု သဘောမထား၊ အရွယ်တော်ကိုမငဲ့နိုင်၊ သာသနာတော် အတွက် တာဝန်ကျေပွန်ရေးကို စိတ်ရှေးရှုနေကြပေသည်။ တစ်ဖက်က အရွယ်တော်အလိုက် ကျန်းမာရေးကို ဂရုစိုက်ကြရသည်။ တစ်ဖက်က တာဝန်ကျရာ ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာ၊ ပညာရေးရာများကို လစ်ဟင်း ချို့ယွင်းမှုမရှိအောင် ဆောင်ရွက်တော်မူကြပါသည်။ လုပ်ငန်းရပ်များကို ပီပီပြင်ပြင် လေ့လာမှတ်သားကြရ၊ ကွင်းဆင်းစိစစ် စစ်ဆေးကြရသည်။ သဘောထားများ အပြန်အလှန် ဆွေးနွေးညှိနှိုင်း ဆုံးဖြတ်ကြပါသည်။ ဆုံးဖြတ်ချက် မှန်ကန်ရေးအတွက် ပြည့်စုံတိကျ မှန်ကန်သော အချက်အလက်များကို ရှာဖွေစုဆောင်း ဖော်ထုတ်ကြပေသည်။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မကွေးဆရာတော် ဘုရားကြီးနှင့် အကျိုးတော်ဆောင်ညောင်တုန်း ဆရာတော်ဘုရားကြီး တို့သည် သက်တော် ၈၅နှစ်ရောက်ပြီဖြစ်သော်လည်း သက်တော် ရွယ်တော်မငဲ့ အဖွဲ့ဝင်ဆရာတော်များနည်းတူပင် သာသနာ့ တာဝန်ကို လုံ့လကြိုးကုတ် အားထုတ်ဆောင်ရွက်တော်မူနေကြပေသည်။ ဥက္ကဋ္ဌ ဆရာတော်ဘုရားကြီးသည် သာသနာတော်အတွက် နိုင်ငံတော်အတွက် တပည့် ဒါယကာ၊ ဒါယိကာမများနှင့်အများပြည်သူ ကုသိုလ်ရှင်များ အတွက် ငဲ့လျက် ကုသိုလ်အမှု ကောင်းစွာပြုနိုင်ရေးကို စောင့်ရှောက်၊ ထောက်ပံ့ ချီးမြှင့်တော်မူရရာ ကျန်းမာရေးချို့တဲ့သဖြင့် ဆေးရုံများသို့ အခါခါတက်၍ ဆေးကုသမှု ခံတော်မူရသည်အထိ ဖြစ်ပါသည်။

ကမ္ဘာအေးကုန်းမြေတွင် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် ဆရာတော်ကြီးများ (၄၇)ပါးသည် အလှည့်ကျအားဖြင့် သီတင်းသုံးတော်မူသကဲ့သို့ နိုင်ငံတော် သံဃဝိနိစ္ဆယအဖွဲ့ဝင်ဆရာတော် ၁၅ပါးတို့သည်လည်း ဝိနိစ္ဆယမှုခင်းများအလိုက် စစ်ဆေးဆုံးဖြတ်ရန် ကမ္ဘာအေးအပရဂေါယာနကျောင်းဆောင်၌ သီတင်းသုံးတော်မူကြပါသည်။ ထို့အတူပင် နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့ဝင် ဆရာတော်များသည်လည်း အခါအားလျော်စွာ သီးခြား ဝိနိစ္ဆယမှုခင်းများကို စစ်ဆေးဆုံးဖြတ်ရန် ဥတ္တရကုရု ကျောင်းဆောင်၊ ပုဗ္ဗဝိဒေဟ ကျောင်းဆောင်၊ ဇမ္ဗူဒီပ ကျောင်းဆောင်များ၌ သီတင်းသုံးတော်မူကြပါသည်။

နိုင်ငံတော်အဆင့် ဝိနိစ္ဆယအဖွဲ့ဝင်ဆရာတော်များသည် ဝိနိစ္ဆယမှုခင်းများကို စစ်ဆေးဆုံးဖြတ်ရန် နိုင်ငံတော် သံဃနာယကအဖွဲ့က ရွေးချယ်တာဝန်ပေးထားသော နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များပင် ဖြစ်ပါသည်။ ထိုဝိနည်းဓိုရ် ဆရာတော်ကြီးများသည် ဝိနိစ္ဆယမှုခင်းဖြစ်စဉ်ကို လေ့လာစိစစ်ခြင်း၊ စောဒက စုဒိတကတို့၏ တင်ပြချက်များကို ဖတ်ရှု စိစစ်ခြင်း၊ ပိဋကတ်တော်နှင့်ညီမညီ စိစစ်ဝေဖန်ရခြင်းတို့အတွက် ပိဋကတ်တော်အစုံစုံ၊ ကျမ်းဂန်အစောင်စောင်၊ ကျင့်ထုံးအသီးသီးတို့ကို နေ့မအား ညမလပ် ဖတ်ရှုညှိနှိုင်း၍ သတ်မှတ်ကာလအတွင်း အပြီးသတ် ချမှတ်ဆုံးဖြတ်ရပေသည်။ ကျရာတာဝန်ကို အားစိုက်ကြိုးပမ်း ထမ်းရွက်တော်မူကြ ရပေသည်။

ဆရာတော်ကြီးများ၏ ဆွမ်း ကွမ်းကိစ္စ

ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေတွင် မဟာနာယက ကျောင်းတော်ကြီးနှင့် ကျောင်းဆောင်ကြီးလေးရပ်၌ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ နိုင်ငံတော် ဝိနည်းဓိုရ်ဆရာတော်ကြီးများ နေ့စဉ်ပင် သီတင်းသုံးတော်မူကြသည့်အပြင်၊ အခါအားလျော်စွာ ကျင်းပသော ပရိယတ္တိစာမေးပွဲဆိုင်ရာ ပုစ္ဆာထုတ် ဆရာတော်များ၊ စာစစ်ဆရာတော်များ၊ အဘိဓာန်ကျမ်းပြု ဆရာတော်များ၊ အဘိဓမ္မာ၊ ဝိသုဒ္ဓိမဂ်၊ ပဋ္ဌာန်းသင်တန်း၊ ယဉ်ကျေးမှုသင်တန်း နည်းပြဆရာတော်များ စသည့် ဆရာတော်မထေရ်မြတ်များသည် လုပ်ငန်းတာဝန်ကိုယ်စီဖြင့် သီတင်းသုံးတော်မူ နေကြပါသည်။

ဤသို့ သာသနာ့ဦးဆျောင် မဟာထေရ်မြတ်များသည်"သာသနာ့တာဝန်တို့တာဝန်"ဟုခံယူလျက် သာသနာတော်သန့်ရှင်းရေး၊ ရေရှည်တည်တံ့ရေး၊ ထွန်းကားပြန့်ပွားရေးတို့ကို မနေမနား ကြိုးစားထမ်းဆောင်တော် မူကြရာ၊ ဆရာ့နည်းတူ၊ အားယူလုပ်ကျွေး၊ သာသနာ့အရေးကို၊ မနှေးထိပ်က၊ ဦးဆောင်ကြသည့်၊ အစိုးရ ပြည်သူ၊ များဗိုလ်လူနှင့် ဒကာများဖြင် ကုသိုလ်ရှင်တို့သည် မထေရ်မြတ်များ၏ ကျန်းမာရေး၊ သီတင်းသုံးနေထိုင်ရေး၊ သွားလာရေး၊ ဆွမ်းကွမ်းကိစ္စ စသည်တို့တွင် အခက်အခဲမရှိ အဆင်ပြေစေရန်၊ မထေရ်မြတ်များ စိတ်ချမ်းမြေ့စေရန် ဆောင်ရွက်ပေးရေး တာဝန်ရှိပေသည်။ **သာသနာ့ အရေးကိစ္စများကို ဆရာဒကာ ညီညာလက်တွဲ ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီလျက် ဆောင်ရွက်ကြရာတွင် ဆရာတော်မထေရ်မြတ်များကို ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါးတို့ဖြင့် ပစ္စယာနုဂ္ဂဟ၊ ဓမ္မာနုဂ္ဂဟ ချီးမြှင့်ထောက်ပံ့ကြသည်မှာ အာမိသပူဇာဖြစ်၍ ကုသိုလ်ကြီးလှပါပေသည်။**

သာသနာရေးဝန်ကြီးဌာနသည် မဟာထေရ်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစေရန် အားလုံးကိစ္စအဝဝကို တာဝန်ယူဆောင်ရွက်ပေးနေပါသည်။ ဆွမ်းကွမ်းကိစ္စတွင် သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနသည် ဆွမ်းကွမ်း ဝေယျာဝစ္စအဖွဲ့ကို ပြင်ပကုသိုလ်ရှင်များ၊ ဝန်ထမ်းများနှင့်ဆောင်ရွက်နေရာ အလှူရှင်များ များစွာကုသိုလ်ပြုနေကြပြီ ဖြစ်ပါသည်။ အလှူအတန်း ဝါသနာပါလှသော မြန်မာပြည်သားတို့၏ ဓလေ့စရိုက်အားဖြင့် မွေးနေ့အလှူ၊ လက်ထပ်ထိမ်းမြားအလှူ၊ သဒ္ဓါဆွမ်းအလှူ စသည့်နေ့ရက်များအလိုက် မင်္ဂလာအလှူအသီးသီး လှူဒါန်းကြပါသည်။ ယခုအခါ ဆရာတော်ကြီးများအား ဆွမ်းကွမ်း ကပ်လှူရာတွင် ရေရှည်တည်တံ့လျက် ပိုမိုပြည့်စုံကောင်းမွန်ရေးအတွက် ဆွမ်းပဒေသာပင်အလှူနှင့် နိဗဒ္ဓ(ရာသက်ပန်)ဆွမ်းအလှူတော်ကို စီစဉ်ထားရှိပါသည်။ သို့ဖြစ်ပါ၍ သဒ္ဓါအားသည်း၊ စေတနာကြီးလှသော ကုသိုလ်ရှင်တို့သည် ပစ္စုပ္ပန်သံသရာနှစ်ဖြာ ဘဝလှပသာယာစေကြောင်း ဒါနအမှုကောင်းစွာ ပြုသင့်ကြပေသည်။ ကုသိုလ်အထု ပျားနှယ်စုကာ ရာသက်ပန် အလှူတော်ကို ပြုလျက်၊ အခါမလပ် ပီတိအဟုန်ထပ်ကာ၊ မြတ်အာစိဏ္ဏကံ၊ ကုသိုလ်ဇော အတန်တန် ပွားများနေသင့်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

သာသနာ့ အရေးကိစ္စများကို ဆရာဒကာ ညီညာလက်တွဲ ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီလျက် ဆောင်ရွက်ကြရာတွင် ဆရာတော်မထေရ်မြတ်များကို ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါးတို့ဖြင့် ပစ္စယာနုဂ္ဂဟ၊ ဓမ္မာနုဂ္ဂဟ ချီးမြှင့်ထောက်ပံ့ကြသည်မှာ အာမိသပူဇာဖြစ်၍ ကုသိုလ်ကြီးလှပါပေသည်။

18-2 (10) 1 2/18/07, 1:57 PM

ဥက္ကလာဦး ဓမ္မဆုတောင်းပြည့် စေတီတော် ကြေးပြားရွှေသက်န်းကပ်လှူမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

သက္ကရာဇ် ၁၃၁၂ခုနှစ်တွင် တည်ထားကိုးကွယ်ခဲ့သော ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် ဇ/တောင် ရပ်ကွက်ရှိ ဥက္ကလာဦးဓမ္မဆုတောင်းပြည့် စေတီတော်ကြီး **(ယာပုံ)** ကြေးပြား ရွှေသက်န်း ကပ်လှူပူဇော်ပွဲကို (၁၃၆၈ခုနှစ် တပေါင်းလဆန်း ၁၀ရက်) ဖေဖော်ဝါရီ ၂၅ရက် နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ရာ ရွှေသက်န်း လှူဒါန်းလိုသော အလှူရှင်များအနေဖြင့် ရွှေသက်န်းဖြစ်မြောက်ရေးအဖွဲ့ ဖုန်း-၅၅၅၅၁၂၊ ၅၇၁၁၉၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

ကျိုက်သလွံစေတီတော် စုပေါင်းရဟန်းခံ၊ ရှင်ပြုပွဲ ရဟန်းခံ ရှင်ပြုလိုသူများ လှူဒါန်းနိုင်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

မွန်ပြည်နယ်မော်လမြိုင်မြို့သမိုင်းဝင် ကျိုက်သလွံ စေတီတော်မြတ်ကြီး၏ ဂေါပကအဖွဲ့ သြဝါဒါစရိယဆရာတော်ကြီးများ၊ နာယကဆရာတော်ကြီးများ သြဝါဒခံယူ၍ အလှူရှင်မော်လမြိုင်မြို့နေ ဦးငွေစိုး-ဒေါ်ငွေတင်၊ သား ဦးခင်မောင်ဝင်း-ဒေါ်သိန်းမေမိသားစုက မတည်ကာ ကျိုက်သလွံ စေတီတော်မြတ်ကြီး၏ ဘဏ္ဍာတော်ထိန်းအဖွဲ့၏ ကြီးကြပ်စီစဉ်မှုဖြင့် ပထမအကြိမ် စုပေါင်းရဟန်းခံ၊ ရှင်ပြုအလှူတော်မင်္ဂလာ အခမ်းအနားကို မတ် ၂ ရက် (တပေါင်းလပြည့်နေ့)တွင်လည်းကောင်း၊တရားနာ ရေစက်ချ မင်္ဂလာ အခမ်းအနားကို ၃ရက်(တပေါင်းလပြည့်ကျော် ၁ ရက်) တို့တွင် မော်လမြိုင်မြို့ သမိုင်းဝင်ကျိုက်သလွံစေတီတော်မြတ် ပဋ္ဌာန်းဓမ္မာရုံ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

စုပေါင်းရဟန်းခံ၊ရှင်ပြုလိုသူများသည် ဖေဖော်ဝါရီ ၂၅ ရက် နောက်ဆုံးထား၍ ကျိုက်သလွံစေတီတော်မြတ်ကြီးရှိ ဝိသာခါဝတ်တော်ကြီး အလှူခံဌာန၊ ဓာတ်လှေကားအလှူခံဌာနနှင့် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဖုန်း-၀၅၇-၂၁၃၃၄ နှင့် ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်း ဖုန်း-၀၅၇-၂၃၀၀၄ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းရန်နှင့် ပါဝင်ကုသိုလ်ပြုလိုသူများသည် ရဟန်းတစ်ပါးလျှင် ပရိက္ခရာစုံနှင့် ဆွမ်းစရိတ်ကျပ် ၁၅၀၀၀၊ ရှင်သာမဏေတစ်ပါးလျှင် ပရိက္ခရာစုံနှင့် ဆွမ်းစရိတ်ငွေကျပ် ၁၂၀၀၀ဖြင့် လှူဒါန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

အထူးတရားပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ပဲခူးတိုင်း(အနောက်ပိုင်း)မိုးညိုမြို့ မဟာသုမင်္ဂလသီဟ ကြေးသွန်းဘုရားကြီး အာရုံခံတန်ဆောင်းတော်အတွင်းတွင် ၁၃၆၈ခုနှစ်၊ တပေါင်းလဆန်း ၁၂ရက်နှင့်၁၃ရက် (ဖေဖော်ဝါရီ၂၇ ရက်နှင့်၂၈ရက်) များတွင် ညစဉ် ၇နာရီ၌ တိပိဋက-နိကာယရွှေရတုတိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တ ဝံသပါလာလင်္ကာရ (မြင်းမူဆရာတော်) အရှင်သူမြတ်က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည် ဖြစ်ကြောင်း သိရသည်။

(က-ပ)

ဖေဖော်ဝါရီ ၁၃ရက်က လှိုင်မြို့နယ် ၁၆ရပ်ကွက် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်တွင် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်နွဲ့နွဲ့ရီ၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးတင်ကျော်ဝင်းနှင့် အဖွဲ့ဝင် ဦးအောင်ဇော်လင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ် ပြန်/ဆက်)

ပုသိမ်အသင်း(ရန်ကုန်)မှ အောင်မြေအေးချမ်းပြည့်ဝ ချမ်းသာနီးဘုရားကြီး ပူဇော်ခံမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့ နီးဘုရားကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ကုသလ ဦးဆောင်မှုဖြင့် ဗိသုကာပညာရှင် ရှမ်းအမျိုးသား ဆရာကြီး ဦးလုံသြ (ခေါ်) ဦးဘသိန်း ရက်လုပ်သော အောင်မြေအေးချမ်းပြည့်ဝ ချမ်းသာနီးဘုရားကြီးသည် ကလောမြို့မှ ပုသိမ်မြို့ နိဂြောဓာလမ်း မောင်းထောင်ကျောင်း ပရိယတ္တိစာသင်တိုက်ကြီးတွင် ကိန်းဝပ်စံပယ် သီတင်းသုံးတော်မူပါမည်။

ဖူးမြော်ပူဇော်နိုင်

ကလောမြို့မှပုသိမ်မြို့သို့ပင့်ဆောင်တော်မူစဉ် ပုသိမ်အသင်း(ရန်ကုန်)မှ ၁၃၆၈ခု၊ တပေါင်းလဆန်း ၉ ရက် (ဖေဖော်ဝါရီ၂၄ရက်)မှတပေါင်းလဆန်း ၁၃ ရက် (ဖေဖော်ဝါရီ ၂၈ရက်) အထိ ဗဟန်းကြားတောရလမ်း အမှတ် ၂၁/၄၃(စီ) ရွှေတိဂုံဘုရား အရှေ့ဘက်ရှိ ဧရာဝတီတိုင်း ဓမ္မာရုံကြီးတွင် အပူဇော်ခံမည် ဖြစ်သည်။ တပေါင်းလဆန်း (၁၄)ရက် (မတ် ၁ ရက်)တွင် ရန်ကုန်မြို့မှ ပုသိမ်မြို့သို့ မြတ်စွာဘုရားကိန်းဝပ်စံပယ်ရန်အတွက် ပင့်ဆောင်ရေး အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည် ဖြစ်ရာ အသင်းသူ၊ အသင်းသားများ၊ ဓမ္မမိတ်ဆွေများ မည်သူမဆို လာရောက် ကြည်ညို ဖူးမြော်ပူဇော်နိုင်ကြောင်း သိရသည်။

(က-ပ)

စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ဆွေးနွေး

မန္တလေးတိုင်း မိတ္ထီလာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ရပ်ကွက် ဥက္ကဋ္ဌများက ကျေးလက်စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ပြန်ကြားရေးလုပ်ငန်းဆိုင်ရာများကို ဖေဖော်ဝါရီ ၃ရက်တွင် ညှိနှိုင်းဆွေးနွေးကြရာ ခရိုင်ဦးစီးအရာရှိ ဦးမောင်မောင်အုန်းက စာကြည့်တိုက်များအတွက် စာအုပ်၊ စာစောင်များရရှိရေး၊ စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးနှင့် ပြန်ကြားရေးလုပ်ငန်း ဆိုင်ရာများ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ဈေးရောင်းပွဲတော် ကျင်းပ

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် အမှတ်(၁)စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၇ ရက်က မန္တလေးတိုင်း မြင်းခြံမြို့ ဆန္ဒတော်ပြည့်ဘုရားအနီး မင်းကျောင်းကွင်းအတွင်း၌ ကျင်းပခဲ့ပြီး ပွဲတော်ကို ဖေဖော်ဝါရီ ၁၆ ရက်အထိ ကျင်းပခဲ့ရာ ပွဲတော်တွင် ပစ္စည်းအမျိုးပေါင်း ၂၉၈ မျိုးကို ရောင်းချခဲ့သည်။

အမျိုးသမီးရေးရာအဖွဲ့ လုပ်ငန်းညှိနှိုင်း

စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၈ ရက်က မုံရွာမြို့ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး၊ မြသလ္လာခန်းမ၌ ကျင်းပရာ တိုင်းအမျိုးသမီးရေးရာ အဖွဲ့နာယက ဒေါ်ဝေဝေခိုင်က အဖွင့်အမှာစကား ပြောကြားပြီး အဖွဲ့ဥက္ကဋ္ဌ ဒေါ်မြမြင့်သူက ဆောင်ရွက်ပြီးလုပ်ငန်းများနှင့် ဆက်လက် ဆောင်ရွက်မည့်လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

စစ်မှုထမ်းဟောင်းများအား ထောက်ပံ့ငွေပေးအပ်

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့နယ် စစ်မှုထမ်းဟောင်းစည်းရုံးရေးကော်မတီက အသက်(၇၅) နှစ်ပြည့် စစ်မှုထမ်းဟောင်းများအား ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို တောင်ကြီးမြို့ အေးသာယာရှိ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ရုံး၌ ဖေဖော်ဝါရီ ၈ရက်က ကျင်းပခဲ့ရာ စစ်မှုထမ်းဟောင်း၁၅ဦးတို့အား တာဝန်ရှိသူများက ထောက်ပံ့ငွေများပေးအပ်သည်။

မြို့နယ်သံဃနာယကဆရာတော်များရွေးချယ်

မကွေးတိုင်း သရက်ခရိုင် မင်းတုန်းမြို့နယ်တွင် သံဃနာယက ကိုယ်စားလှယ်များ ရွေးချယ်ပွဲကို အမှတ် ၄ရပ်ကွက် မှန်ကင်းကျောင်းတိုက်၌ ဇန်နဝါရီ ၂၁ ရက်က ကျင်းပရာ မှန်ကင်းကျောင်းဆရာတော်ဦးအိန္ဒြိယအား မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်အဖြစ်လည်းကောင်း၊ ပေပင်ကျောင်းဆရာတော် ဦးဇာဂရအား အဖွဲ့အတွင်းရေးမှူး ဆရာတော်အဖြစ်လည်းကောင်း ရွေးချယ်တော်မူကြသည်။

ဗုဒ္ဓပူဇနိယပူဇော်ပွဲ ချမ်းအေးသာစံမြို့နယ်၌ကျင်းပမည်

မန္တလေးတိုင်း ချမ်းအေးသာစံမြို့နယ် ဇောဓိကုန်း၊ ပုဏ္ဏားစု၊ မောရဂီဝါ(၆၈၂) ရပ်ကွက်၊ ၇၃/၇၄ လမ်းနှင့် ၃၄/၃၅ လမ်းကြားရှိ ဇောဓိကုန်း၊ ပုဏ္ဏားစုဝင်းအတွင်း တည်ထားကိုးကွယ်သည့် ဗုဒ္ဓရုပ်ပွားတော်များ ဗုဒ္ဓပူဇနိယပွဲတော်ကို ဖေဖော်ဝါရီ ၂၃ ရက်မှ ၂၅ ရက်အထိ ပျော်ပွဲရွှင်ပွဲများဖြင့် သုံးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ပွဲတော်ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဦးကံကောင်း ဖုန်း-၀၂-၆၂၀၀၁၊ အတွင်းရေးမှူးဦးမင်းသိမ်း ဖုန်း-၀၂-၃၁၀၇၀ နှင့် ဘဏ္ဍာရေးမှူး ဦးစံဝင်း ဖုန်း-၀၂-၆၀၀၈၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

မြန်မာ့အလင်း ပြည်တွင်းသတင်း အတိုအထွာ

မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ တတိယ လေးလပတ် လုပ်ငန်းညှိနှိုင်း

တနင်္သာရီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၏ ၂၀၀၆ခုနှစ် တတိယလေးလပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၂၈ရက်က မြိတ်မြို့ အထွေထွေရောဂါကုဆေးရုံကြီးအစည်းအဝေးခန်းမ၌ ကျင်းပရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သန်းဌေးက အမှာစကားပြောကြားပြီး ထားဝယ်ခရိုင်၊ မြိတ်ခရိုင်နှင့် ကော့သောင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌများက ခရိုင်အလိုက်လုပ်ငန်းဆောင်ရွက်မှုကို ရှင်းလင်းတင်ပြကြသည်။

ဝိုင်းမော်မြို့ သာယာလှပရေး စုပေါင်းသန့်ရှင်း

ကချင်ပြည်နယ် ဝိုင်းမော်မြို့ သာယာလှပရေးအတွက် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် ရပ်ကွက်နေ ပြည်သူများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ပွဲကို ပြီးခဲ့သည့်နှစ် ဒီဇင်ဘာ၅ရက်က နန့်မြင်းချောင်းတံတားအဆင်း လမ်းဘေးဝဲယာတွင် ပြုလုပ်ခဲ့ကြသည်။

ထွေ/အုပ် ဝန်ထမ်းဝတ်စုံပေးအပ်

ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများအား ဝတ်စုံပေးအပ်ထောက်ပံ့ပွဲကို ဇန်နဝါရီ ၂၅ရက်က ဟိုပုံးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်ဇော်၊ မြို့နယ်ဒုတိယဦးစီးမှူးဦးအောင်သိန်းထွန်းနှင့်ဝန်ထမ်းများ တက်ရောက်ကြပြီး မြို့နယ်ဝန်ထမ်း ၃၇ဦးအတွက် ရုံးဝတ်စုံတန်ဖိုးငွေ ကျပ်သုံးသိန်းတစ်သောင်းနှစ်ထောင့်နှစ်ရာငါးဆယ်ကို ထောက်ပံ့ပေးအပ်ခဲ့သည်။

တိုင်းရင်းဆေးဝါး ဥပဒေအကြောင်း ရှင်းလင်း

တိုင်းရင်းဆေးဝါးဥပဒေနှင့် တိုင်းရင်းဆေးကောင်စီဥပဒေများအကြောင်း ရှင်းလင်းဟောပြောပွဲကို ဖေဖော်ဝါရီ ၂ရက်က မကွေးတိုင်း မင်းဘူးခရိုင် တိုင်းရင်းဆေးဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင်ကျင်းပရာ ခရိုင်တိုင်းရင်းဆေးဦးစီးမှူး ဒေါ်သန်းသန်းဟန်က တိုင်းရင်းဆေးဝါးဥပဒေနှင့် တိုင်းရင်းဆေးကောင်စီဥပဒေများအကြောင်း ရှင်းလင်းဟောပြောခဲ့ကြောင်းသိရသည်။

ကျေးလက်စာကြည့်တိုက် ဖွင့်လှစ်

စစ်ကိုင်းတိုင်း မင်းကင်းမြို့နယ် ကြွေကျေးရွာ ဘဝသစ် ကျေးလက်စာကြည့်တိုက်ဖွင့်ပွဲကို ဇန်နဝါရီ ၂၀ရက်က အဆိုပါ စာကြည့်တိုက်တွင်ကျင်းပရာ မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနစာထောက်-၃ ဦးမောင်မောင်အေးနှင့် ကျေးရွာ ဥက္ကဋ္ဌ ဦးမြင့်စိုးတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြသည်။

ဘောလုံးဖိတ်ခေါ်ပြိုင်ပွဲ ကျင်းပ

စစ်ကိုင်းတိုင်း ဗန်းမောက်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဖလား ဘောလုံးဖိတ်ခေါ်ပြိုင်ပွဲကို ဇန်နဝါရီ ၁၇ရက်က မြို့မအားကစားကွင်းတွင် ကျင်းပရာ အသင်း ၁၃ သင်း ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲတွင် မြို့မလူငယ်အသင်းက ပထမ၊ ပုံလွှားလူငယ်အသင်းက ဒုတိယ၊ မြို့မ(က) အသင်းက တတိယ အသီးသီးရရှိခဲ့ကြောင်း သိရသည်။

(မြန်မာ့အလင်း)

တိုက်ဂါး-မြန်မာ အပျော်တမ်း တံခွန်စိုက် ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်က ကြီးမှူး၍ Myanmar Brewery Ltd. က အဓိက ကူညီပံ့ပိုးသော ၂၀၀၇ ခုနှစ် တိုက်ဂါး-မြန်မာ အပျော်တမ်း တံခွန်စိုက်ဂေါက်သီးရိုက်ပြိုင်ပွဲ (Tiger Myanmar Amateur Open 2007)၏ စတုတ္ထနေ့ ၁၈ကျင်းပြိုင်ပွဲနှင့် ဆုချီးမြှင့်သည့် အခမ်းအနားကို ယမန်နေ့ ညနေပိုင်းတွင် ရန်ကုန်မြို့ရှိ ရန်ကုန်ဂေါက်ကလပ်၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲ၏ စတုတ္ထနေ့ ၁၈ကျင်း ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်သည့် အခမ်းအနားကို ကျင်းပရာ Myanmar Brewery Ltd. General Manager Mr.Peter Ong က ပြိုင်ပွဲနှင့်ပတ်သက်၍ ကျေးဇူးတင်စကားပြောကြားသည်။

ဆုများချီးမြှင့်

ဆက်လက်၍ Myanmar Brewery Ltd. မှ Deputy General Manager ဒုတိယ ဗိုလ်မှူးကြီး မောင်မောင်စိန်(ငြိမ်း)က Putting Challenge ပြိုင်ပွဲတွင် အနိုင်ရရှိသူ စိုးမိုးဝင်းအား ဆုများကို ချီးမြှင့်ပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Robert Chua က နေ့အလိုက် အကောင်းဆုံး ရိုက်ချက်ဆု ရရှိကြသော ဂေါက်သီးရိုက်အားကစားသမားများအား ဆုများကို ချီးမြှင့်ကာ Myanmar Brewery Ltd.မှ General Manager Mr.Peter Ong က ပြိုင်ပွဲ၏ အဆင့် ၁၀မှ ၇အထိ ရရှိကြသော ဂေါက်သီးရိုက်အားကစားသမားများအား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ပြိုင်ပွဲ၏ အဆင့်(၆)မှ အဆင့်(၄) အထိရရှိကြသော ဂေါက်သီးရိုက် အားကစားသမားများအား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ပထမဆုချီးမြှင့်

ဆက်လက်၍ MPGA နှင့် MGF ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း) က စုစုပေါင်းရိုက်ချက် ၂၉၉ချက်ဖြင့် တတိယရရှိသော အောင်ဝင်း၊ စုစုပေါင်း ၂၉၇ချက်ဖြင့် ဒုတိယရရှိသော နေဗလ ဝင်းမြင့်နှင့် စုစုပေါင်း၂၉၄ချက်ဖြင့် ပထမရရှိသော ဘိုဘိုတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် Myanmar Brewery Ltd က ချီးမြှင့်သော Thank You Plaque ကို General Manager ,Mr. Peter Ongက ပေးအပ်ရာ Chairman of Course Committee , Yangon Golf Club မှ ဦးခိုင်စိုးသာက လက်ခံသည်။

MPGA နှင့် MGF ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)က ၂၀၀၇ခုနှစ် တိုက်ဂါး-မြန်မာအပျော်တမ်း တံခွန်စိုက်ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပထမ ရရှိသွားသော ဘိုဘိုအား တံခွန်စိုက်ဆုဖလားကို ချီးမြှင့်စဉ်။
(ဂေါက်သီးရိုက်အဖွဲ့ချုပ်)

ယင်းပြိုင်ပွဲ၏ Main Sponsor မှာ Myanmar Brewery Ltd. ဖြစ်၍ Co-Sponsors များအဖြစ် Alpine Purified Drinking Water,Srixon, Point Golf Gear Factory,Air Mandalay ,Osim နှင့် Accel International Co.Ltd . (Canon) တို့ကလည်း ထပ်မံ၍ ပံ့ပိုးကူညီကြပြီး ပြိုင်ပွဲ ဖြစ်မြောက်အောင်မြင်ရေး အတွက် Organized by Han Event Management က တာဝန်ယူဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လှုပ်လှုပ်ရှားရှား တောင်ကိုရီးယားသရုပ်ဆောင်များ

သတင်းမှတ်စု
မောင်မောင်မြင့်ဆွေ

တောင်ကိုရီးယားသရုပ်ဆောင်များ၏ လှုပ်ရှားမှုနောက်ဆုံးသတင်းများကို စုစည်းကာ မြန်မာ့အလင်းပရိသတ်အတွက် ရင်ခုန်ခံစားနိုင်ရန် အကျဉ်းချုပ် ဖော်ပြလိုက်ပါသည်။

တောင်ကိုရီးယားနိုင်ငံ၏ ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ ပြည်သူ့ဆက်ဆံရေး သံတမန် ရူစီဝမ်(ဆူဘင်)။

တောင်ကိုရီးယား ရုပ်ရှင် သရုပ်ဆောင်နှင့် အဆိုတော်လည်း ဖြစ်သူ ရူစီဝမ်(ဆူဘင်)အား တောင်ကိုရီးယားနိုင်ငံ၏ ယဉ်ကျေးမှုနှင့် ခရီးသွား လုပ်ငန်းဆိုင်ရာ ပြည်သူ့ ဆက်ဆံရေး သံတမန် အဖြစ် တောင်ကိုရီးယား အစိုးရက ခန့်အပ်လိုက်သည်။

သံတမန်

ဆူဘင် အနေဖြင့် တောင်ကိုရီးယား နိုင်ငံ ယဉ်ကျေးမှုနှင့် ခရီးသွား လုပ်ငန်းဆိုင်ရာ သံတမန် အဖြစ် နှစ်နှစ် တာဝန်ယူ ဆောင်ရွက်ရမည်ဖြစ်သည်။ ထိုသို့ သံတမန် အဖြစ်ခန့်အပ်မှု အခမ်းအနားကို တောင်ကိုရီးယားနိုင်ငံ ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းဝန်ကြီးဌာနတွင် ဖေဖော်ဝါရီ ၂၂ ရက်၌ အခမ်းအနားဖြင့် ပေးအပ်မည်ဖြစ်သည်။

ထို့အတူ ဆူဘင်နှင့်အတူ အထောက်အကူပြုပေးနိုင်မည့် သူများကိုလည်း ဂျပန်၊ ဟောင်ကောင်၊ စင်ကာပူ၊ တရုတ်၊ ဖိလစ်ပိုင်၊ အမေရိကန်နှင့် ဩစတြေးလျတို့တွင် ပရိသတ်၏ဆန္ဒအရ ရွေးချယ်ကာ တာဝန်ပေးသွားမည်ဖြစ်ကြောင်း တောင်ကိုရီးယား ယဉ်ကျေးမှုနှင့်ခရီးသွားလုပ်ငန်းဝန်ကြီးဌာနက ပြောကြားသည်။ ထိုသူများသည် ဆူဘင်နှင့်အတူ နိုင်ငံအသီးသီးသို့ သွားရောက်ကာ ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ကြမည်ဖြစ်သည်။

တောင်ကိုရီးယားရုပ်ရှင်သရုပ်ဆောင် လီယောင်အဲ(ချန်ဂင်)သည်လည်း ဖေဖော်ဝါရီ ၁၉ရက်၌ ပြုလုပ်မည့် ဖူဂျီတီဗွီအစီအစဉ်၌ ပါဝင်ဆောင်ရွက်ရန် ဂျပန်နိုင်ငံသို့ ထွက်ခွာသွားပြီဖြစ်သည်။

ဖြေကြားမည်

ချန်ဂင်အား ဂျပန်နိုင်ငံတွင် ပြုလုပ်မည့် ထင်ပေါ်ကျော်ကြားသော သရုပ်ဆောင်ငါးဦးအစီအစဉ်၌ ပါဝင်ရန် စမတ်လုပ်ငန်းက ဖိတ်ကြားခဲ့ခြင်းဖြစ်သည်။ ချန်ဂင်အနေဖြင့် အဆိုပါအစီအစဉ်တွင် တွေ့ဆုံမေးမြန်းခန်း၌ မည်သည့်အစားအစာများ ကြိုက်နှစ်သက်သည်၊ မည်သည့်အစားအစာများ မကြိုက်နှစ်သက်ကြောင်း၊ ဂျပန်အစားအစာများအပေါ် ခံစားမှုများအပြင် သရုပ်ဆောင်မှုများနှင့် ပတ်သက်၍လည်း ဖြေကြားပေးသွားမည်ဖြစ်သည်။

ချန်ဂင်နှင့်အတူ ကမ္ဘာကျော်များဖြစ်သော မက်ဒေါနား၊ ဒေးဗစ်ဘက်ခမ်းနှင့် ဂျက်ကီချန်းတို့ကိုလည်း ဂျပန်နိုင်ငံက ဖိတ်ကြားခဲ့ကြောင်း သိရသည်။

ထို့အတူ တောင်ကိုရီးယား ရုပ်ရှင်သရုပ်ဆောင် ဆွန်ဆောင်ဟန်(ဂျွန်စော) သည်လည်း ဖူဂျီတီဗွီမှ ပြုလုပ်သည့် "Hot Fantasy Odaiba 2006-2007" အခမ်းအနားသို့တက်ရောက်ရန် ဂျပန်နိုင်ငံသို့ ဖေဖော်ဝါရီ၁၄ရက်က ထွက်ခွာသွားခဲ့ပြီဖြစ်သည်။

ဝမ်းသာအားရ

ဂျွန်စောအား ဂျပန်နိုင်ငံ နာရီတာအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပရိသတ် ၅၀၀၀ခန့်က တပျော်တပါး ဝမ်းသာအားရတွေ့ဆုံဆီးကြိုခဲ့ကြသည်။ ဂျွန်စောအား ကိုယ်တိုင်စကားပြောဆိုခဲ့ရသည့် ဂျပန်ပရိသတ်များ ဝမ်းသာလွန်းပြီး ငိုကြွေးခဲ့ကြသလို တချို့ပရိသတ်များကလည်း ဝမ်းသာအားရ ပွေ့ဖက်နှုတ်ဆက်ခဲ့ကြသည်။

ဂျပန်နိုင်ငံတွင် ဂျွန်စောအနေဖြင့် သူ၏ပရိသတ်များနှင့် သီးခြားတွေ့ဆုံကာ သရုပ်ဆောင်ဘဝ မည်သို့မည်ပုံ ရောက်ရှိခဲ့ရမှုကို ပြောကြားမည်ဖြစ်သည်။ ဂျပန်နိုင်ငံတွင် ဂျွန်စော၏ တရားဝင်ပရိသတ် တစ်သိန်းခန့်ရှိနေသည်။ ။

(အင်တာနက်)

ထင်ပေါ်ကျော်ကြား သရုပ်ဆောင်များ အစီအစဉ်တွင် ပါဝင်ရန် ဂျပန်နိုင်ငံသို့ သွားရောက်မည့် လီယောင်အဲ(ချန်ဂင်)။

သရုပ်ဆောင်ဘဝ မည်သို့ မည်ပုံ ရောက်ရှိခဲ့ရပုံကို ဂျပန်နိုင်ငံတွင် ပြောကြားမည့် ဆွန်ဆောင်ဟန် (ဂျွန်စော)။

အက်ဖ်အေဖလားဘောလုံးပြိုင်ပွဲ ချယ်လ်ဆီးနိုင်သော်လည်း အာဆင်နယ်သရေပွဲကျ

သတင်းမြင်ကွင်း - မြင့်စိုး

လန်ဒန် ဖေဖော်ဝါရီ ၁၇

အက်ဖ်အေဖလား ပဉ္စမအကျော့ပြိုင်ပွဲအဖြစ် အာဆင်နယ်အသင်းနှင့် ဘလက်ဘန်းအသင်းတို့ ဖေဖော်ဝါရီ ၁၇ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက်နှင့်တစ်ဖက် ဂိုးမသွင်းနိုင်ဘဲ သရေပွဲဖြစ်သွားခဲ့သည်။

ဂိုးများဆုံးရှုံး

အာဆင်နယ်အသင်းအတွက် အွန်နရီကန်သွင်းသည့်ဘောလုံးမှာ ဂိုးတန်းပေါ်တက်သွားခဲ့၍ တစ်ဂိုးနစ်နာသွားသကဲ့သို့ ဝေါလ်ကော့ အနီးကပ်ကန်သွင်းသည့်ဘောလုံးမှာလည်း လွဲချော်ခဲ့၍ အာဆင်နယ်တို့ ဂိုးများ ဆုံးရှုံးခဲ့ရသည်။

ဂိုးမရှိသရေ

ထို့အတူ ဘလက်ဘန်းမှ မက်ဒါဘီရှရီ အကောင်းဆုံးဂိုးသွင်းခွင့်ရသော်လည်း ဂိုးပေါက်လွဲခဲ့၍ နစ်နာခဲ့ရပြန်သည်။ အာဆင်နယ်ရော ဘလက်ဘန်းပါ ယခုပွဲတွင် အပြန်အလှန်ထိုးဖောက်တိုက်စစ်ဆင် ကစားသော်လည်း ပွဲအပြီး ဂိုးမရှိသရေပွဲ ဖြစ်ခဲ့ရသည်။

ချယ်လ်ဆီး-နော့ဝှစ်

ချယ်လ်ဆီးအသင်းသည် အိမ်ကွင်း၌ နော့ဝှစ်အသင်းကို လေးဂိုး-ဂိုးမရှိသွင်းပြီး အောင်ပွဲခံခဲ့သည်။ နော့ဝှစ်ကစားသမားများသည် ပရီမီယာလိဂ်ချန်ပီယံ ချယ်လ်ဆီးအသင်းကို ရှုံးနိမ့်သော်လည်း အကောင်းဆုံး ကြိုးစားကစားနိုင်ခဲ့သည်။

ဆံပင်ပုံစံအသစ်ဖြင့် ဒရော့ဘာ

ချယ်လ်ဆီးအသင်းအတွက် ဒုတိယမြောက်ဂိုးသွင်းပြီး ဆံပင်ပုံစံ အသစ်ဖြင့် အောင်ပွဲခံနေသော ဒရော့ဘာအား ဤသို့တွေ့ရသည်။
(ဓာတ်ပုံ-အင်တာနက်)

ဗွေဆော်ဦးဂိုး

သို့သော်လည်း တိုက်စစ်အားကောင်းသည့် ဒရော့ဘာနှင့် ရှော့ဘင်တို့၏ အရှိန်ကို မထိန်းနိုင်ခဲ့၍ နော့ဝှစ်နောက်တန်းကျိုးပေါက်ကာ ပွဲချိန်၃၉မိနစ်တွင် ရှောင်ဖိလစ်က ချယ်လ်ဆီးအသင်းအတွက် ဗွေဆော်ဦးဂိုး စသွင်းယူခဲ့သည်။

အသီးသီးသွင်းယူ

ဒုတိယပိုင်းပြန်စချိန်တွင် ဒရော့ဘာက ဒုတိယမြောက်ဂိုးသွင်းယူခဲ့ပြီး တတိယမြောက်နှင့် စတုတ္ထမြောက်ဂိုးများကို အက်ဆီယန်နှင့် လမ်းပတ် အစားဝင်ကစားသူ ရှက်ဗ်ချင်ကိုတို့က အသီးသီးသွင်းယူခဲ့ကြသည်။

မစ်ဒယ်ဘရော့-ဝက်စ်ဘရွန်း

ပရီမီယာလိဂ်အသင်းနှစ်သင်းဖြစ်သော မစ်ဒယ်ဘရော့နှင့် ဝက်စ်ဘရွန်းတို့ အက်ဖ်အေဖလားပြိုင်ပွဲအဖြစ် အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ကြရာ တစ်ဖက်နှစ်ဂိုးစီ အပြန်အလှန် သွင်းယူပြီး သရေပွဲဖြစ်သွားခဲ့သည်။

ဝက်ဖို့ဒ်နိုင်

ပရီမီယာလိဂ်အသင်း တစ်သင်းဖြစ်သော ဝက်ဖို့ဒ်အသင်းသည် အစ်ဆွစ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

ပလိုင်းမောက်နိုင်

ထို့အတူ ပလိုင်းမောက်အသင်းသည်လည်း ဒါဘီအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ။

(အင်တာနက်)

“၂၀၀၅ ချန်ပီယံက ၂၀၀၆ ချန်ပီယံကို စိုးရိမ်စရာမရှိပါ”

လီဗာပူးနည်းပြ ဘင်နီတက်ဇ်

ကိုးကားတင်ပြသူ မြင့်မောင်စိုး

လန်ဒန် ဖေဖော်ဝါရီ ၁၇

ဘောလုံးပရိသတ်များ စိတ်အဝင်စားဆုံး ဘောလုံးပြိုင်ပွဲကြီးဖြစ်သည့် ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ ပထမအကျော့ ရှုံးထွက်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၀ ရက်နှင့် ၂၁ရက်တို့တွင် ယှဉ်ပြိုင်ကစားတော့မည် ဖြစ်သည်။

ဖေဖော်ဝါရီ၂၁ရက် နံနက်၂နာရီ ၁၅ မိနစ်တွင် ဆဲလ်တစ်နှင့် အေစီမီလန်၊ လိုင်လီနှင့် မန်ယူ၊ အိုင့်ဟိုဗင်နှင့် အာဆင်နယ်၊ ရီးရဲမက်ဒရစ်နှင့် ဘိုင်ယန်မြူးနစ် အသင်းတို့ ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။

ယှဉ်ပြိုင်မည်

ဖေဖော်ဝါရီ ၂၂ ရက် နံနက်၂နာရီ ၁၅ မိနစ်တွင် ဘာစီလိုနာနှင့် လီဗာပူး၊ ပေါ်တိုနှင့် ချယ်လ်ဆီး၊ အင်တာမီလန်နှင့် ဗလင်စီယာ၊ ရိုးမားနှင့် လီယွန်တို့ ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။

ယင်းပြိုင်ပွဲများတွင် ချယ်လ်ဆီး၊ မန်ယူ၊အေစီမီလန်နှင့် အာဆင်နယ်တို့ ပွဲချောင်တွေ့၍ ကွာတားဖိုင်နယ် တက်နိုင်သည့် အနေအထား ရှိနေသော်လည်း လီဗာပူး၊ ဘာစီလိုနာ၊ ရီးရဲမက်ဒရစ်နှင့် ဘိုင်ယန်မြူးနစ်အသင်းတို့သည် ပွဲကျပ်တွေ့ပြီး ကွာတားဖိုင်နယ် တက်နိုင်ရေး ရေကုန်ရေခန်းနွှဲရမည့် ပြိုင်ပွဲကြီးဖြစ်နေသည်။

အထူးသဖြင့် ၂၀၀၆ ချန်ပီယံ ဘာစီလိုနာအသင်းနှင့် ၂၀၀၅ ချန်ပီယံ လီဗာပူးအသင်းတို့၏ ယှဉ်ပြိုင်မည့် ပွဲစဉ်မှာ ဘောလုံးပရိသတ်များ စိတ်ဝင်စားဖွယ်အကောင်းဆုံးပြိုင်ပွဲအဖြစ် စောင့်ကြည့်ရမည့် အကြိတ်အနယ်ပြိုင်ပွဲကြီး ဖြစ်နေသည်။

လက်ရှိအနေအထား

လီဗာပူးအသင်းသည် လက်ရှိအနေအထားအရ ပရီမီယာလိဂ်တွင် ကားလင်းဖလားနှင့် အက်ဖ်အေဖလားများကို အာဆင်နယ်အသင်းအား ရှုံးနိမ့်ပြီး လက်လွှတ်ခဲ့ရ၍ ချန်ပီယံလိဂ်ဖလားကို အရယူရန် မျှော်မှန်းထားပုံရသည်။ အကယ်၍ ဖလားမရရင်တောင်မှ လီဗာပူးအသင်းပိုင်ရှင်သစ်များ၏ အလိုကျ နည်းပြ ဘင်နီတက်ဇ် အနေဖြင့် တစ်စုံတစ်ခုသော အောင်မြင်မှုအနေအထားသို့ရောက်အောင် ကြိုးစားသွားမည့် အနေအထားရှိနေသည်။

ခြေစွမ်းကျလာ

တစ်ဖန် ဘာစီလိုနာအသင်း၏ လက်ရှိအနေအထားကို လေ့လာ သုံးသပ်ကြည့်ရာတွင် ဘာစီလိုနာတို့ စပိန်လာလီဂါ အမှတ်ပေးဇယား ထိပ်ဆုံးနေရာသို့ ရောက်နေသည် ဆိုသော်လည်း ခြေစွမ်းမှာ ချန်ပီယံခြေစွမ်းမရသေးဘဲရှိသည်။ အထူးသဖြင့် ဘာစီလိုနာအသင်းကို ၂၀၀၆ခုနှစ်က ချန်ပီယံလိဂ် ဖလားဆွတ်ခူးနိုင်သည်အထိ ဂိုးများသွင်းပေးခဲ့သည့် ရော်နယ်ဒင်ဟိုမှာ ခြေစွမ်းကျလာသည့် အနေအထား ရှိသည်။

အကောင်းဆုံး

အထူးသဖြင့် ဘာစီလိုနာအသင်း နည်းပြ ရီကတ်နှင့် အာဖရိကအကောင်းဆုံးဘောလုံးသမားဆု သုံးကြိမ်ရ အီတိုးတို့ ရေဆင်းအသင်းနှင့် ကစားစဉ် နည်းပြ ရီကတ်က အီတိုးအား လူစားလဲကစားမှုနှင့် ပတ်သက်ပြီး အီတိုးက မကျေမနပ် ဖြစ်နေသည်။

နည်းပြရီကတ်အနေဖြင့် အီတိုးနှင့် ရော်နယ်ဒင်ဟိုတို့ ပြန်လည်သင့်မြတ်လာအောင် စည်းရုံးပြီး အသင်းအောင်မြင်ရေး ရုန်းကန်ကြိုးစားရမည့် အခြေအနေလည်း ရှိနေသည်။ သို့သော်လည်း ရော်နယ်ဒင်ဟို၊ အီတိုး စသော ဘာစီလိုနာကစားသမားများ နူးကင့်၌ ၂၀၀၅ ချန်ပီယံ လီဗာပူးအသင်းကို ရင်ဆိုင်ယှဉ်ပြိုင်ရန် လေ့ကျင့်နေကြပြီ ဖြစ်သည်။

လေ့ကျင့်

ထို့အတူ ဘင်နီတက်ဇ်၏ လီဗာပူးအသင်းသည်လည်း ပေါ်တူဂီနိုင်ငံ၌ အသင်းခေါင်းဆောင် စတီဗင်ဂျရတ် ဦးဆောင်လျက် အပြင်းအထန် လေ့ကျင့်နေပြီဖြစ်ကြောင်း သိရသည်။

ဘာစီလိုနာနှင့် လီဗာပူးအသင်းတို့၏ ယှဉ်ပြိုင်ကစားခဲ့သည့်မှတ်တမ်းများကို လေ့လာကြည့်ရာ ၂၀၀၁ ခုနှစ်နှင့် ၂၀၀၂ခုနှစ်များတွင် နှစ်ကြိမ် ဆုံတွေ့ခဲ့ရာ၌ ဂိုးမရှိ သရေပွဲဖြစ်ခဲ့သည်ကို တွေ့ရသည်။ သို့သော်လည်း ပြောင်းလဲလာသောအခြေအနေနှင့် အချိန်အခါတို့က ရလဒ်အဖြေတစ်ခုကို ထုတ်ရန် ရှိနေသည်။

လီဗာပူးအသင်းနည်းပြ ဘင်နီတက်ဇ်ကတော့ “မိမိအနေဖြင့် ဘာစီလိုနာအသင်းကို အများကြီး လေးစားပါကြောင်း၊ ဘာစီလိုနာတွင် တစ်သင်းလုံး နာမည်ကြီးကစားသမားများ ပါဝင်နေကြောင်း၊ သို့သော်လဲ လီဗာပူးက ဘာစီလိုနာနှင့် ကစားရန် စိုးရိမ်မှုရှိမည် မဟုတ်ကြောင်း” ပြောကြားထားသည်ကိုလည်း ဖေဖော်ဝါရီ ၁၅ ရက်က အင်တာနက်သတင်းတွင်တွေ့ခဲ့ရသည်။

စိုးရိမ်စရာမရှိ

ထို့အတူ လီဗာပူးအသင်းခေါင်းဆောင် စတီဗင်ဂျရတ်ကလည်း မိမိတို့သည် ဘာစီလိုနာအသင်းနှင့် ကစားရန် စိုးရိမ်စရာအကြောင်း မရှိကြောင်း၊ နည်းပြ ဘင်နီတက်ဇ်မှာလဲ စပိန်သားဖြစ်၍ စပိန်အသင်းများ၏ ခြေစွမ်းကို သိထားသူဖြစ်ကြောင်း၊ မိမိတို့အားလုံး နူးကင့်သို့ ယုံကြည်မှုအပြည့်အဝဖြင့် သွား ရောက်ယှဉ်ပြိုင်ကြမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်ကို ဖေဖော်ဝါရီ ၁၄ ရက်က အင်တာနက်သတင်းတွင် ဖော်ပြထားသည်ကို ဖတ်ရှုလိုက်ရသေးသည်။

ကိုင်မြှောက်ခဲ့

ဘာစီလိုနာအသင်းသည် ၂၀၀၆ ခုနှစ်က အာဆင်နယ်အသင်းကို အနိုင်ရပြီး ချန်ပီယံလိဂ်ဖလားကြီး ကိုင်မြှောက်နိုင်ခဲ့သလို လီဗာပူးအသင်းသည်လည်း ၂၀၀၅ ခုနှစ်က အေစီမီလန်အသင်းကို အနိုင်ရပြီး ချန်ပီယံလိဂ်ဖလားကြီးကို ကိုင်မြှောက်ခဲ့သည့် အသင်းဖြစ်သည်။

ယခုနှစ်တွင် လီဗာပူးတို့ ပရီမီယာလိဂ်ပြိုင်ပွဲ၌လည်း ထိပ်ဆုံးရောက် မန်ယူအသင်းအောက် ၁၃မှတ်ပြတ်နေပြီဖြစ်၍ ဖလားနှင့်ဝေးရမည့် အနေအထားဖြစ်နေသည်။ လီဗာပူးတို့ မျှော်လင့်စရာဆို၍ ယခုနှစ် ရာသီတွင် ချန်ပီယံလိဂ်ဖလားတစ်လုံးသာရှိတော့သည်။ နည်းပြ ဘင်နီတက်ဇ်အနေဖြင့် ချန်ပီယံလိဂ်ဖလားရရှိရေး အကြိတ်အနယ် အစွမ်းကုန် ကြိုးစားပေတော့မည်။

သေချာ

ထို့အတူ ချန်ပီယံလိဂ် လက်ရှိချန်ပီယံ ဘာစီလိုနာအသင်းသည်လည်း ဖလားကာကွယ်နိုင်ရေး ယင်းရှုံးထွက်အဆင့်တွင် အကြိတ်အနယ်ယှဉ်ပြိုင်မည်မှာ သေချာနေသည်။

သို့သော်လည်း ယင်းတို့နှစ်သင်းမှ တစ်သင်းထွက်ရမည်ဖြစ်၍ အသင်းမထွက်ရရေးသည် အဓိကဖြစ်နေသည်။ နှစ်သင်းစလုံး လူစုံတက်စုံဖြင့် အင်ပြည့်အားပြည့် ပွဲထွက်လာဖွယ်ရှိသည်။

မည်သို့ပင်ရှိစေကာမူ ဘင်နီတက်ဇ်နှင့် အသင်းခေါင်းဆောင် စတီဗင်ဂျရတ်တို့၏ စကားအရ **“၂၀၀၅ ချန်ပီယံက ၂၀၀၆ ချန်ပီယံကို စိုးရိမ်စရာမရှိပါ”** စကားအတိုင်း အမှန်တကယ် ဖြစ်လာမည်လားဆိုသည်ကို ဘောလုံးပရိသတ်ကြီးအနေဖြင့် ဖေဖော်ဝါရီ၂၁ရက် ညသန်းခေါင်ယံမှာ စောင့်ကြည့်ရဦးမည် ဖြစ်ပေသည်။ ။

(ကိုးကား-အင်တာနက်သတင်းများ)

လီဗာပူးအသင်းနှင့် ယှဉ်ပြိုင်ကစားရန် ဘာစီလိုနာကစားသမားများ နူးကင့်မှာ ဤသို့အသင့်စောင့်နေပြီလေ။
(ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာတစ်လွှား အားကစား

၂၀၀၆ ချန်ပီယံ ဘာစီလိုနာအသင်းကို လီဗာပူးအသင်းက စိုးရိမ်စရာမရှိကြောင်း နည်းပြ ဘင်နီတက်ဇ်က ပြောကြားခဲ့သည်။
(ဓာတ်ပုံ-အင်တာနက်)

ဟိုလီဖီး လက်ဝှေ့ပြန်ထိုးမည်

စုစည်းတင်ပြသူ မောင်မောင်မြင့်ဆွေ

ဟဲဗီးဝိတ်ချန်ပီယံဟောင်း ဟိုလီဖီး။
(ဓာတ်ပုံ-အင်တာနက်)

နယူးယောက် ဖေဖော်ဝါရီ ၁၇

ကမ္ဘာ့ဟဲဗီးဝိတ် လက်ဝှေ့ချန်ပီယံဟောင်း အီဗင်ဒါ ဟိုလီဖီးသည် အနားယူခဲ့ပြီးနောက်ပိုင်း သူ၏ တတိယမြောက် လက်ဝှေ့ပွဲအဖြစ် ဗင်နီမက်ဒယ်လုန်းနှင့် မကြာမီ ထိုးသတ်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားလိုက်သည်။

ထိုးသတ်မည်

အသက် (၄၄)နှစ်အရွယ်ရှိ ဟိုလီဖီးသည် လာမည့် မတ်လ ၁၇ ရက်၌ နယူးယောက်မြို့သား ဗင်နီမက်ဒယ်လုန်းနှင့် လက်ဝှေ့ထိုးသတ်မည်ဖြစ်ပြီး ကမ္ဘာ့ဟဲဗီးဝိတ်ချန်ပီယံကို ငါးကြိမ်မြောက် ဆွတ်ခူးနိုင်ရန်အတွက် အနားယူပြီးမှ ယခုကဲ့သို့ လက်ဝှေ့ထိုးရန် စီစဉ်လိုက်ခြင်းဖြစ်သည်။

ဟိုလီဖီးနှင့် ယှဉ်ပြိုင်ထိုးသတ်မည့်သူမှာ အသက် (၃၃) နှစ် အရွယ်ရှိ ဗင်နီမက်ဒယ်လုန်းဖြစ်ပြီး ကြေးစားလက်ဝှေ့သမားတစ်ဦး ဖြစ်သည်။ ၎င်းသည် လက်ဝှေ့ပွဲ ၃၆ပွဲ ထိုးသတ်ခဲ့ရာတွင် ၃၃ပွဲ နိုင်ပြီး သုံးပွဲရှုံးခဲ့သည့် မှတ်တမ်းရှိသူလည်း ဖြစ်သည်။

အနိုင်ရ

ဟိုလီဖီးသည် လက်ဝှေ့ထိုးခြင်းမှ အနားယူခဲ့ပြီးနောက်ပိုင်း ဂျီရီမိုင်ဘာတစ်နှင့် ဖရက်ဒ်အောင်ကွင်ဒီတို့နှင့် လက်ဝှေ့ပြန်ထိုးခဲ့ရာ နှစ်ပွဲစလုံး အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

(အင်တာနက်)

ဘယ်လ်ဂျီယံတိုက်စစ်မှူး အမ်ပင်ဇာအား မန်စီးတီးခေါ်ယူ

လန်ဒန် ဖေဖော်ဝါရီ ၁၇

မန်စီးတီးအသင်းသည် ဘယ်လ်ဂျီယံတိုက်စစ်မှူး အီးမေးအမ်ပင်ဇာအား ယခုနှစ်ဘောလုံးရာသီမကုန်မီ၌ စာချုပ်ချုပ် ခေါ်ယူနိုင်ရေး အပြီးသတ်ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ကြောင်း မန်စီးတီးကလပ်က ပြောကြားသည်။

ကြိုးစားခဲ့

ဘယ်လ်ဂျီယံတိုက်စစ်မှူး အီးမေးအမ်ပင်ဇာသည် ကာတာကလပ် အယ်ရေးယန်တွင် ကစားခဲ့သူဖြစ်ပြီး မန်စီးတီးက အလွတ်ပြောင်းရွှေ့မှုဖြင့် ခေါ်ယူရန်ကြိုးစားခဲ့ခြင်း ဖြစ်သည်။

ကစားခဲ့

အသက် (၂၈)နှစ်အရွယ်ရှိ အီးမေးအမ်ပင်ဇာသည် ဂျာမနီကလပ် ရှာလ်ကေးနှင့် ဟမ်းဘတ်တို့တွင် ကစားခဲ့သူလည်း ဖြစ်သည်။

စွမ်းဆောင်မှု

အီးမေးအမ်ပင်ဇာသည် မန်စီးတီးအတွက် အကောင်းဆုံး စွမ်းဆောင်မှုများကို ပေးစွမ်းနိုင်မည့် တိုက်စစ်မှူး တစ်ဦးဖြစ်ကြောင်း မန်စီးတီးကလပ်က ပြောကြားသည်။

(အင်တာနက်)

မန်စီးတီးတိုက်စစ်မှူးဖြစ်လာမည့် အမ်ပင်ဇာ။
(ဓာတ်ပုံ-အင်တာနက်)

တိုက်စစ်မှူးနွန်ဒါ ဘလက်ဘန်းနှင့် စာချုပ်နိုင်ရန်ကြိုးစား

လန်ဒန် ဖေဖော်ဝါရီ ၁၇

စီးရီးအေကလပ် ရိုးမားမှ ပရီမီယာလိဂ်ကလပ် ဘလက်ဘန်းအသင်းသို့ အငှားချထားသော ကွန်ဂိုတိုက်စစ်မှူး နွန်ဒါက ဘလက်ဘန်းအသင်းတွင် ဆက်လက်ကစားသွားလိုကြောင်း ပြောကြားလိုက်သည်။

မိမိအနေဖြင့် ဘလက်ဘန်းတွင် အမြဲတမ်းကစားသွားနိုင်ရေး စာချုပ် ချုပ်နိုင်ရန် ကြိုးစားသွားမည်ဖြစ်ကြောင်း အင်္ဂလန်တွင်ကစားရသည်မှာ ပျော်ရွှင်စရာကောင်းကြောင်း ၎င်းက ပြောကြားသည်။

အသက် (၂၉)နှစ်အရွယ်ရှိ တိုက်စစ်မှူး နွန်ဒါသည် ယခုနှစ် ပရီမီယာလိဂ်၌ ဘလက်ဘန်းအတွက် ခြောက်ဂိုး သွင်းထားပေးခဲ့ပြီး ဖြစ်သည်။

(အင်တာနက်)

18-2 (13) 1 2/18/07, 1:58 PM

ထေရဝါဒ ဓမ္မဒေသနာပြန့်ပွားရေးအဖွဲ့ (လက်ပံတန်းမြို့)က ကြီးမှူးကျင်းပမည့် ထေရဝါဒ ဓမ္မသဘင်

၂၀–၂–၂၀၀၇ (အင်္ဂါနေ့)	– ဘဒ္ဒန္တ ကုန္တာစက္က သာသနဓဇ ဓမ္မာစရိယ သာသနာ့တက္ကသိုလ မဟာဓမ္မာစရိယ M.A (Buddhism)ပဓာန နာယကဆရာတော် ရွှေတောင်ကျောင်းတိုက်၊ လက်ပံတန်းမြို့။
၂၁–၂–၂၀၀၇ (ဗုဒ္ဓဟူးနေ့)	– ဘဒ္ဒန္တ သြဘာသ သာသနဓဇ ဓမ္မာစရိယ တိုက်အုပ်ဆရာတော်၊ ကန်ဦးပရိယတ္တိစာသင်တိုက်၊ ပေါင်းတလည်မြို့။
၂၂–၂–၂၀၀၇ (ကြာသပတေးနေ့)	– သီတဂူဆရာတော် ဘဒ္ဒန္တ ဉာဏိဿရ မဟာဓမ္မကထိက၊ ဗဟုဇနဟိတဓရအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ (D.Litt), (Ph.D)အဓိပတိဆရာတော် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၊ စစ်ကိုင်းတောင်ရိုး၊ စစ်ကိုင်းမြို့။

ဆရာတော်တို့က ညစဉ် ၇း၃၀နာရီတိတိတွင် လက်ပံတန်းမြို့ ရွှေတောင်ကျောင်းတိုက် သဒ္ဓမ္မဇောတိက ဓမ္မာရုံတော်ကြီးတွင် တရားအလှူ ပေးလှူမည်ဖြစ်ပါ၍ တရားအလှူခံကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ထေရဝါဒ ဓမ္မဒေသနာပြန့်ပွားရေးအဖွဲ့၊ လက်ပံတန်းမြို့။

နေပြည်တော်လမ်းညွှန် (The Map of Naypyitaw)

နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ နေပြည်တော်အတွင်းရှိ ရုံးများ၊ အိမ်ရာများ၊ အဆင့်မြင့်ဈေးများ၊ မြို့မဈေး၊ သပြေကုန်းဈေး၊ အဝေးပြေးယာဉ်ရပ်နားစခန်းများ၊ ဟိုတယ်များ၊ ဘဏ်များ၊ အဆင့်မြင့်ဂေါက်ကွင်းများနှင့်ပျဉ်းမနား၊ လယ်ဝေး၊ တပ်ကုန်းမြို့နယ်များ၏ အချက်အချာကျသောနေရာများ ဖော်ပြထားသည့် နေပြည်တော်လမ်းညွှန်မြေပုံစာအုပ်အား ၁၅–၂–၂၀၀၇ ရက်နေ့မှစ၍ ထုတ်ဝေရောင်းချနေပြီဖြစ်ပါသည်။ နေပြည်တော် လမ်းညွှန်မြေပုံစာအုပ် (The Map of Naypyitaw) စာအုပ်တစ်အုပ်လျှင် ၂၅၀၀/–နှုန်းဖြင့် အောက်ပါဌာနများတွင် ဆက်သွယ်မှာယူနိုင်ပါသည်–

နေပြည်တော်စည်ပင်သာယာရေးကော်မတီ
ကော်မတီရုံး – ၀၆၇–၄၁၄၅၈၂၊
စီမံရေးရာဌာန – ၀၆၇–၄၁၄၂၈၉။

အမည်ပြောင်း

အမက(၁၄) မူလွန်ကျောင်း မြောက်ဒဂုံမြို့နယ် ပထမတန်း(A)မှ အဖ ဦးတိုးနိုင်၏သမီး မအေးချမ်းထက်အား မအိဖြိုးသူဟု ပြောင်းလဲခေါ်ပါရန်။ **မအိဖြိုးသူ။**

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ခင်ဇော်၏ Engine Room Watch Keeping No-0017 သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ခင်ဇော် CDC-12989**
ဖုန်း–၆၄၁၉၇၆။

ဇနီးအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်တော်၏ဇနီးဖြစ်သူ မမိမိဝင်း ၁၂/အစန(နိုင်)၀၆၀၁၇၆ သည် မိမိသဘောအလျောက် ၁၅–၆–၂၀၀၆ရက်တွင် နေအိမ်မှဆင်းသွားပါသဖြင့် ယင်းနေ့မှစ၍ ဇနီးအဖြစ်မှ တရားဝင် စွန့်လွှတ်လိုက်ပါသည်။(၎င်းပြုလုပ်ခဲ့သော ကိစ္စဟူသမျှ လုံးဝတာဝန်ယူမည်မဟုတ်ပါ။)

ဦးမောင်မောင်ခင်
၁၂/အစန(နိုင်)၁၃၆၉၄၈
က/၇၊ စပယ်လမ်း၊
ထန်းပင်ကုန်း၊
စော်ဘွားကြီးကုန်းရပ်ကွက်၊
အင်းစိန်မြို့နယ်။

မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ရွှေအင်ကြင်းအိမ်ရာ၊ အမှတ်(P-2) နေ
ဦးဘွန်ဟုတ် (Managing Director) Wings International Trading Co.,Ltd.–
ဒေါ်ချော တို့၏သား

မောင်အောင်မျိုးသူ

(Director) Wings International Trading Co., Ltd.

နှင့်

လှိုင်ကော်မြို့၊ ရှမ်းစုရပ်၊ လောပိတလမ်း၊ အမှတ် ၅၁ နေ
ဦးလှသိန်း–ဒေါ်နွယ်နွယ်အေး (ယိုးဒယား စိန်ရွှေရတနာဆိုင်)တို့၏သမီး

မစန္ဒီ

M.C.Tech (Thesis) (UCSY)

တို့၏ ၂–၂–၂၀၀၇ရက်တွင် ကယားပြည်နယ် လွိုင်ကော်မြို့ မြို့တော်ခန်းမ၌ကျင်းပပြုလုပ်သော မင်္ဂလာညှော်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ဆင်မြန်းပေးသော ကယားပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးညွန့်တင်နှင့်ဇနီး ဒေါ်တင်တင်ကြည်၊ မင်္ဂလာလက်စွပ်ဆင်မြန်းဝတ်ဆင်ပေးပါသော မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းမှ ဒုတိယဗိုလ်မှူးကြီးဝင်းမြင့်နှင့်ဇနီး ဒေါ်ကျင်ငွေးချစ်နှင့် ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ၁၄–၂–၂၀၀၇ရက်တွင် ရန်ကုန်မြို့ Sedona Hotel (Pool Side) ၌ ကျင်းပပြုလုပ်သော မင်္ဂလာညစာညှော်ခံပွဲသို့ကြွရောက်ချီးမြှင့်ကြသော နှစ်ဖက်သောမိဘများနှင့်ဆွေမျိုးမိတ်ဆွေသင်္ဂဟများအားလည်းကောင်း၊ မိတ်ကပ်နှင့် ဆံပင်အလှဆင်ပေးသော မိတ်ကပ်ခင်စန်းဝင်း၊ ဝတ်စုံဖန်တီးပေးသော Designner ပြည့်စိုးအောင်နှင့် White House ၊ အခမ်းအနားမှူး မေသက်ထွန်း၊ လက်ဝတ်ရတနာ ဆင်မြန်းပေးသော Hallmark ၊ ဗီဒီယိုနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးပေးသော စိုင်းဘုန်းထူးနှင့်အဖွဲ့၊ The Aces တေးဂီတအဖွဲ့နှင့် Sedona Hotelမှ မန်နေဂျာနှင့်ဝန်ထမ်းများအားလုံးတို့အား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်အောင်မျိုးသူ–မစန္ဒီ။

မိုး

သတိပြု

ဗုဒ္ဓ၏ယဉ်ကျေးချမ်းမြေ့သင်တန်း (တတိယအကြိမ်)

ရန်ကုန်တိုင်း၊ မင်္ဂလာဒုံမြို့နယ်၊ လေးထောင့်ကန်စံပြကျေးရွာ၊ ချမ်းမြေ့မြိုင်ရိပ်သာကျောင်းတိုက်တွင် တတိယအကြိမ်မြောက် ဗုဒ္ဓ၏ယဉ်ကျေးချမ်းမြေ့သင်တန်းအား အောက်ပါအစီအစဉ်အတိုင်း ဖွင့်လှစ်မည်ဖြစ်ပါ၍ တက်ရောက်လိုသူများ ကိုယ်တိုင်လာရောက်စာရင်းပေးသွင်းနိုင်ပါသည်။

သင်တန်းကာလ	– **တပေါင်းလပြည့်ကျော် ၁၀ ရက်မှ တန်ခူးလပြည့်ကျော် ၆ ရက်အထိ (၁၂–၃–၂၀၀၇ ရက်မှ ၇–၄–၂၀၀၇ ရက်အထိ)**
အသက်	– **၉ နှစ်မှ ၁၈ နှစ်**
သင်တန်းသားဦးရေ	– **၂၀၀ (ကန့်သတ်)**
စာရင်းပေးသွင်းရန်	– **၁၉–၂–၂၀၀၇ ရက်မှစ၍ စာရင်းပေးသွင်းနိုင်ပါသည်။**

စာရင်းပေးသွင်းရန်နေရာ

(၁) ချမ်းမြေ့မြိုင်ရိပ်သာကျောင်းရုံးခန်း၊မင်္ဂလာဒုံ(ဖုန်း–၀၉–၈၀–၂၃၅၀၇)
(၂) ဦးတင်လှိုင်(သင်တန်းအတွင်းရေးမှူး)ပါရမီကုမ္ပဏီလီမိတက်၊ အမှတ်(၈၇)၊ မြေညီထပ်၊ စံရိပ်ငြိမ်၊ ရန်ကုန်အင်းစိန်လမ်း၊ ကမာရွတ်မြို့နယ်၊ (ဖုန်း–၅၃၅၄၁၉၊ ၅၃၆၄၅၃၊ နံနက် ၁၀နာရီမှ ညနေ ၆နာရီအထိ)

(အရုဏ်ဆွမ်း ကျပ် ၇၀၀၀၀၊ နေ့ဆွမ်း ကျပ် ၁၅၀၀၀၀၊ ဖျော်ရည် ကျပ် ၃၀၀၀၀ နေ့စဉ်ကုန်ကျငွေများကို ကုသိုလ်ရှင်များ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။)

ပေးအပ်လှူဒါန်း

အလုံမြို့နယ် အထက(၆)တွင် ၁၉၆၆ မှ ၁၉၉၆ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သော အငြိမ်းစား ဆရာ၊ ဆရာမကြီးများအား အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၂ရက်(ပြည်ထောင်စုနေ့)က ပညာရေးအစည်းအဝေးခန်းမဆောင်၌ကျင်းပရာ ပညာရေးငွေပဒေသာပင် ကျပ်သုံးသိန်းကို ကျောင်းသားကျောင်းသူဟောင်းများက ကျောင်းအုပ်ဆရာကြီး ဦးမျိုးဝင်းသို့ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ကျေးဇူးဆပ်ပါမည်

ကျွန်တော် အောင်ခိုင်ညီ၏ နိုင်ငံသားမှတ်ပုံတင်အမှတ် ၇/ပခတ(နိုင်) ၀၀၀၇၅၉ ပျောက်ဆုံးသွားသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉–၅၀၀–၁၉၉၀၊ ၆၆၀၇၅၂။

Congratulation

Soft open ceremony of Pinlon Clinic performed by Shwe Gon Dine Specialist Center (SSC) and Universal Construction.

Wish all the best success for Lunar New Year.

U KYI TI
U NAY MYO NAING
CHAN THA FAMILY

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ဦးစီးဌာန
ပြည်လမ်း၊ ရန်ကုန်မြို့

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ဦးစီးဌာနတို့ ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူ၊ ကျောင်းသားများအတွက် စာမေးပွဲ အထောက်အကူပြု စိတ်ကြိုက်မြန်မာစာဘာသာသင်ခန်းစာကို ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ဝင်တန်းစာမေးပွဲ

စိတ်ကြိုက်မြန်မာစာဘာသာသိမှတ်ဖွယ်ရာ

တက္ကသိုလ်ဝင်စာမေးပွဲမှာ စိတ်ကြိုက်မြန်မာစာဖြေဆိုကြမယ့် ကျောင်းသူ ကျောင်းသားများအတွက် စိတ်ကြိုက်မြန်မာစာမေးခွန်းလွှာဆိုင်ရာ သိမှတ်ဖွယ်ရာများကို ဆွေးနွေးတင်ပြပါမယ်။

စိတ်ကြိုက်မြန်မာစာဘာသာရပ်ဟာ အဆင့်မြင့် မြန်မာစာလေ့လာနိုင်ရေးအတွက် လမ်းခင်းပေးနိုင်တဲ့ ဘာသာရပ် ဖြစ်ပါတယ်။

စိတ်ကြိုက်မြန်မာစာဘာသာရပ်ယူသူများဟာ မြန်မာစာအရေးအသား ပိုမိုကျွမ်းကျင်လာနိုင်ပါတယ်။ မြန်မာဝေါဟာရတွေကို ပိုင်ပိုင်နိုင်နိုင် သုံးတတ်လာနိုင်ပါတယ်။ မြန်မာစာပေ စကားပြေ၊ ကဗျာတွေကို ဝေဖန်အကဲဖြတ်လာနိုင်ပါမယ်။ မြန်မာစာပေရဲ့ ဖွံ့ဖြိုးတိုးတက်မှုအစဉ်တွေကို သိလာနိုင်ပါမယ်။ မြန်မာ့ယဉ်ကျေးမှု မြန်မာ့ဓလေ့ထုံးစံတွေကို တန်ဖိုးထားတတ်လာပါလိမ့်မယ်။

ဒီလိုအကျိုးသက်ရောက်မှုနက်ရှိုင်းတဲ့ စိတ်ကြိုက်မြန်မာစာမှာ မောင်ရင်မောင်မမယ်မဝတ္ထု၊ သံဝရပို့၊ မြန်မာကဗျာဖွဲ့နည်းနဲ့ မြန်မာစာပေသမိုင်းဆိုတဲ့ စာအုပ်လေးအုပ် ပြဋ္ဌာန်းထားပါတယ်။ ဒီပြဋ္ဌာန်းစာတွေကို လေ့လာကျက်မှတ်ပြီး တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမယ့် ကျောင်းသူ ကျောင်းသားများအတွက် မှတ်သားသိရှိသင့်တာတွေကို ဆွေးနွေးပို့ချပါမယ်။

စိတ်ကြိုက်မြန်မာစာမေးခွန်းလွှာမှာ မေးခွန်းကြီး(၄)ပုဒ်မေးပါမယ်။

မေးခွန်း(၁)မှာ မောင်ရင်မောင် မမယ်မဝတ္ထုကို မေးပါမယ်။ မောင်ရင်မောင် မမယ်မ ဝတ္ထုကို ၁၉၀၄ ခုနှစ်မှာ စာရေးဆရာကြီး ဂျိမ်း(စ်)လှကျော် ရေးခဲ့ပါတယ်။ ပြင်သစ်ဝတ္ထုရေးဆရာကြီး အလက်ဇန်းဒါးဒူးမားရဲ့ The count of Monti-cristo ကို ဘာသာပြန်ထားတဲ့ဝတ္ထုဖြစ်တယ်။ ဘာသာပြန် ဝတ္ထုဖြစ်သော်လည်း မြန်မာဆန်လှတဲ့ စိတ်ကူးစိတ်သန်းတွေနဲ့ ဖြည့်စွက်ဖန်တီးထားပါတယ်။ ဒါကြောင့်မို့ မောင်ရင်မောင် မမယ်မဝတ္ထုဟာ တိုက်ရိုက်ဘာသာပြန်ဝတ္ထုမဟုတ်ဘဲ အလွန်မြန်မာဆန်တဲ့ အမှီဝတ္ထုဖြစ်ပါတယ်။ မြန်မာဝတ္ထုသမိုင်းမှာ ပထမဆုံးပေါ်ပေါက်ခဲ့တဲ့ ကာလပေါ်ဝတ္ထုလည်းဖြစ်ပါတယ်။ ဒီဝတ္ထုကို လေ့လာတဲ့အခါမှာ အမှာစာမှာပါရှိတဲ့ ဝတ္ထုသဘောတရား ဝတ္ထုလေ့လာနည်းများကို အခြေခံပြီး လေ့လာရပါမယ်။

ဝတ္ထုရဲ့အခြေခံအင်္ဂါရပ်များဖြစ်တဲ့ ဇာတ်လမ်း၊ ဇာတ်ဆောင်၊ ကာလဒေသ နောက်ခံဝန်းကျင်နဲ့ အရေးအသားဆိုတဲ့ ကဏ္ဍလေးရပ်ခွဲခြားပြီး လေ့လာရပါမယ်။ ဇာတ်လမ်းကိုလေ့လာရာမှာလည်း ဇာတ်ပျိုး၊ ဇာတ်တက်၊ ဇာတ်ထွတ်၊ ဇာတ်ဆင်း၊ ဇာတ်သိမ်းဆိုတဲ့ ဇာတ်လမ်းရဲ့အင်္ဂါရပ်ငါးခုကို ဆန်းစစ်ကြည့်ရပါမယ်။

ဒီလိုလေ့လာတဲ့အခါမှာ ဇာတ်လမ်းဆင်ပုံကို သေသေချာချာလေ့လာဖို့ လိုပါတယ်။ မောင်ရင်မောင် မမယ်မဝတ္ထုဟာ ဇာတ်လမ်းဆင်ပုံ အလွန်ကောင်းတဲ့ ဝတ္ထုဖြစ်ပါတယ်။ ဝတ္ထုဖတ်သူရဲ့ သိလိုဇောကို ဝတ္ထုအစကနေ အဆုံးထိ ရှင်သန်စေတဲ့ ဝတ္ထုဖြစ်တယ်။ ဒီလိုရှင်သန်နေအောင် ဇာတ်လမ်းတစ်လျှောက်လုံးမှာ အားပြိုင်မှုတွေ သုံးထားတာ တွေ့ရပါမယ်။ သာဓကပြရမယ်ဆိုရင် မမယ်မကို စွဲစွဲနစ်နစ် ချစ်ခင်တဲ့ မောင်ရင်မောင်နဲ့ မောင်မြတ်သာတို့ဟာ ဝတ္ထုအစကနေအဆုံးထိ အားပြိုင်သွားကြတယ်။ မင်းပြစ်မင်းဒဏ်နဲ့ ထွက်ပြေးတိမ်းရှောင်နေရတဲ့ မောင်ရင်မောင်ဟာ ဘုရင့်အာဏာတော်နဲ့ ဇာတ်လမ်းတစ်လျှောက်လုံး အားပြိုင်သွားတယ်။ အဲဒီအားပြိုင်မှုတွေအပြင် နိမိတ်ပြကွက်များ၊ မြှုပ်ကွက်များနဲ့လည်း ဇာတ်လမ်းအရှိန်ကိုတက်စေခဲ့တယ်။ မောင်ရင်မောင် လက်ထဲကို ပုပ္ပားတောင်မင်းသားရဲ့စာ ရောက်သွားခြင်းဟာ မောင်ရင်မောင် ဒုက္ခရောက်မယ့် နိမိတ်ပြကွက်ပဲဖြစ်တယ်။ မောင်ရင်မောင်တစ်ဖြစ်လဲတဲ့ မောင်ဘိုးရင်ဘဝ၊ မောင်ရင်မောင်ရဲ့ ဆေးဆရာ ဘဝ၊ မောင်ရင်မောင်ရဲ့ မျက်လှည့်ဆရာဘဝများဟာ မောင်ရင်မောင်ရဲ့ ဘဝအမှန်ကို မြှုပ်ထားတဲ့ မြှုပ်ကွက်ပဲ ဖြစ်တယ်။ ဇာတ်ရှိန်တက်စေတဲ့ ဒီဇာတ်ကွက်တွေကို လေ့လာထားရမှာ ဖြစ်တယ်။

ဝတ္ထုဆိုတာ ဇာတ်ရှိန်အမြင့်ဆုံးတက်ပြီးရင် ဇာတ်ထွတ်ကို ရောက်ပါတယ်။ ဒီဝတ္ထုမှာ မောင်ရင်မောင်နဲ့ မမယ်မ ပြန်လည်ဆုံတွေ့ခန်းဟာ ဇာတ်ထွတ်ဖြစ်ပါတယ်။ မမယ်မက သူမရဲ့ ကွယ်လွန်သွားတဲ့ခင်ပွန်းဟာ "ရှင်နှင့်ပင် တူပါသည်"လို့ မောင်ရင်မောင်ကို ပြောကြားလိုက်တဲ့ စကားဟာ ဇာတ်ရှိန်အမြင့်ဆုံး ဖြစ်ပါတယ်။

ဒီဇာတ်ထွတ်မှာပဲ သာယာဝတီမင်း ထီးနန်းကျခြင်း၊ မင်းအသစ် နန်းတက်လာခြင်း၊ မောင်ရင်မောင် ရာဇဝတ်ဘေးမှ လွတ်မြောက်သွားခြင်းတို့ဟာ ဇာတ်ရှိန်မြင့်ဖို့ အထောက်အကူပြုတဲ့ အချက်များ ဖြစ်ပါတယ်။

ဝတ္ထုဆိုတာ ဇာတ်ထွတ်ရောက်ပြီးရင် ဇာတ်ဆင်းရပါတယ်။ ဒီဝတ္ထုမှာ မောင်ရင်မောင်နဲ့ မမယ်မ တစ်ဦးကိုတစ်ဦး ပြန်လည်သိရှိသွားခြင်းဟာ ဇာတ်ဆင်းဖြစ်ပါတယ်။ သိရှိပြီးတဲ့အခါမှာ သူတို့နှစ်ယောက် ပြန်ပေါင်းမိကြပါတယ်။ ပြန်ပေါင်းမိခြင်းဟာ ဇာတ်သိမ်းခန်းဖြစ်ပါတယ်။ ဒါကြောင့်မို့ ဒီဝတ္ထုမှာ ဇာတ်ဆင်းနဲ့ ဇာတ်သိမ်းဟာ တစ်ဆက်တည်းပဲဖြစ်နေတာကို တွေ့ရပါတယ်။

မေးခွန်း(၁)(က)မှာ ဝတ္ထုရဲ့သဘောတရားများ၊ ဇာတ်လမ်းရဲ့အင်္ဂါရပ်များ၊ ဇာတ်ရှိန်တက်ခြင်းဆိုင်ရာ အားပြိုင်မှု၊ နိမိတ်ပြကွက်၊ မြှုပ်ကွက်၊ ဇာတ်ထွတ်ရဲ့သဘောသဘာဝ၊ ဇာတ်သိမ်းရဲ့ရဲ့သဘောသဘာဝ၊ အဲဒါတွေနဲ့ဆက်စပ်ပြီးတော့ ပြဋ္ဌာန်းစာကို မေးမှာဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ဝတ္ထုရဲ့ဖန်တီးပုံအပိုင်းကို မေးခြင်းပဲ ဖြစ်ပါတယ်။

"ဇာတ်ဆင်းဟူသည်အဘယ်နည်း" "မောင်ရင်မောင် မမယ်မ ဝတ္ထု၏ ဇာတ်ဆင်းပိုင်းကို ဆွေးနွေးပါ" စတဲ့ မေးခွန်းမျိုးများဖြစ်ပါတယ်။ (၂)ပုဒ်မေးထားပြီး (၁)ပုဒ်ဖြေရမှာဖြစ်ပါတယ်။

မေးခွန်း(၁)(ခ)ကတော့ မောင်ရင်မောင်မမယ်မဝတ္ထုထဲက ဇာတ်ခန်း၊ ဇာတ်ကွက်အဖြစ်အပျက်တွေနဲ့ ဇာတ်ဆောင်အဖွဲ့တွေကို မေးမှာဖြစ်ပါတယ်။ ဝတ္ထုရဲ့အကြောင်းအရာပိုင်းကို မေးခြင်းဖြစ်ပါတယ်။ (၂)ပုဒ်ပေးထားပြီး (၁)ပုဒ်ဖြေရပါမယ်။

မောင်ရင်မောင် ထောင်မှထွက်ပြေးခန်း၊ အမိ မဖားဥနဲ့ပြန်တွေ့ခန်း၊ မစောတင် ယောကျ်ားလေးယောင်ဆောင်ပြီး မောင်ရင်မောင်ကို ရှာဖွေခန်း၊ မမယ်မနဲ့မောင်ရင်မောင် ပြန်ဆုံတွေ့ခန်း စတဲ့အခန်းတွေကို တစ်ခန်းချင်း လေ့လာထားရပါမယ်။

အဓိကဇာတ်ဆောင်ဖြစ်တဲ့ မောင်ရင်မောင်နဲ့ မမယ်မ၊ ခွန်အားရှိသောဇာတ်ဆောင်များဖြစ်တဲ့ မောင်မြတ်သာ၊ မစောတင်၊ မဖားဥ၊ ဦးပေါ်လာ၊ ဦးဖြူတုတ်၊ ရွှေဘိုမြို့ဝန်နဲ့ မြို့ဝန်ကတော် စတဲ့ ဇာတ်ဆောင်များရဲ့ စိတ်နေသဘောထားနဲ့ အပြုအမူတွေကို တစ်ဦးချင်းလေ့လာဖို့လည်း လိုအပ်ပါတယ်။ မောင်ရင်မောင်၏ ယောကျ်ားကောင်းစရိုက်၊ မမယ်မ၏ ကရုဏာသက်ဖွယ်ရာဘဝ၊ မောင်မြတ်သာ၏ စိတ်ထားနှင့် အပြုအမူ၊ မစောတင်၏ အစွဲအလမ်းကြီးပုံ စသဖြင့် မေးနိုင်ပါတယ်။

ဇာတ်ဆောင်အဖွဲ့တွေအပြင် ဝတ္ထုရဲ့ကာလဒေသနောက်ခံအဖွဲ့တွေ၊ အရေးအသားတွေ၊ ဝတ္ထုကရရှိတဲ့ သုတရသတွေကိုလည်း ဖတ်မှတ်ထားဖို့ လိုအပ်ပါတယ်။

မေးခွန်း(၂)ကတော့ သံဝရပို့မေးခွန်းဖြစ်တယ်။ သံဝရပို့ကို အင်းဝခေတ်မှာ စာဆိုရှင်မဟာရဋ္ဌသာရက ဖွဲ့ဆိုခဲ့တယ်။ (၅၅၀)နိပါတ်တော်မှာပါရှိတဲ့ သံဝရဇာတ်တော်ကို ရေးဖွဲ့ထားခြင်း ဖြစ်ပါတယ်။ ဒီပို့ကိုရေးချိန်မှာ ဆရာတော်ဟာ အသက်(၆၀)ဝန်းကျင်ကို ရောက်နေပြီဖြစ်တယ်။ စာပေအသိအမြင်နဲ့ ဘဝအတွေ့အကြုံစုံလင်နေပြီလည်း ဖြစ်တယ်။ ဒါကြောင့်မို့ ဒီပို့ကို ရေးတဲ့အခါမှာ စာဖတ်သူ အလိမ္မာတိုးစရာအကြောင်းအရာတွေ များစွာ ပါဝင်လာပါတယ်။ အကြောင်းအရာ အနှစ်သာရ အလွန်ထူးခြားတဲ့ ပို့တစ်စောင် ဖြစ်ပါတယ်။

သံဝရပို့ကိုလေ့လာတဲ့အခါမှာ အကြောင်းအရာကိုရော အရေးအဖွဲ့ကိုပါ လေ့လာရမှာ ဖြစ်ပါတယ်။

အကြောင်းအရာကိုလေ့လာတဲ့အခါမှာ နိဒါန်းမှာခွဲပြထားတဲ့ အခန်းများအလိုက် လေ့လာသင့်ပါတယ်။ ခမည်းတော်နှင့် သံဝရမင်းသားပြောဆိုခန်း၊ ဆရာအမတ်ကြီးနှင့် တိုင်ပင်ခန်းများ စသည်ဖြင့် ခွဲခြားလေ့လာရပါမယ်။

ဇာတ်ဆောင်တစ်ဦးချင်းအလိုက်လည်း လေ့လာဖို့ လိုအပ်ပါတယ်။ ဒီပို့မှာ အဓိကဇာတ်ဆောင်သုံးဦး တွေ့ရပါမယ်။ ဗြဟ္မဒတ်မင်းကြီး၊ အမတ်ကြီးနဲ့ သံဝရမင်းသားတို့ဖြစ်ပါတယ်။ ဒီဇာတ်ဆောင်တွေရဲ့ စိတ်နေသဘောထား၊ ပြုမူပြောဆိုပုံ၊ အရည်အသွေးတို့ကို မိမိအရေးအသားနဲ့ ပြန်ရေးနိုင်အောင် လေ့ကျင့်ထားရပါမယ်။

အဲဒါတွေအပြင် ပို့မှာပါရှိတဲ့ ဥပမာအလင်္ကာအဖွဲ့များ၊ ရူပကအလင်္ကာအဖွဲ့များ၊ အနက်အဓိပ္ပာယ် ပြည့်ဝပြီး အဖွဲ့အစပ်ပြေပြစ်လှပတဲ့ အဖွဲ့ကောင်းများ၊ စကားပုံများ၊ ဆိုရိုးစကားများ စတာတွေရဲ့ အဓိပ္ပာယ်တွေကိုလည်း အသေးစိတ် ရှင်းပြတတ်ရပါမယ်။ ပြေပြေပြစ်ပြစ် ပြန်ရေးပြတတ်ရပါမယ်။ သာဓကပြရမယ်ဆိုရင်-

" ရွှေစက်နှစ်ပါး၊ ဖဝါးတော်အောက်၊ကြာပင်ပေါက်သို့၊ လက်မြှောက်ဦးတင်၊မြဲလှချင်"

" ဝတ်စားတန်ဆာ၊ လယ်ကျေးရွာနှင့်၊ ဥစ္စာဆင်မြင်း၊ ပေးကမ်းခြင်းလျှင်၊
အရင်းရှေ့တည်၊ ကျင့်ရိုးမည်၏ "

" ပျားလူးမြက်ကို၊ နေ့ရက်ရှည်လျား၊ စားစများသော်၊ လက်ဝါးပြကာ၊ ကပ်လှာယဉ်လွယ်၊ သမင်နှယ်လျှင် "

စတဲ့ နှစ်သက်စရာအဖွဲ့ကောင်းတွေ များစွာပါရှိပါတယ်။ ဒီလိုအဖွဲ့မျိုးတွေကို အရည်လည်အောင် ရှင်းပြနိုင်ရပါမယ်။

မေးခွန်း(၂)မှာ ပုဒ်ခွဲ(၂)ခု ပါဝင်ပါတယ်။

၂(က)မှာ ပို့စာကိုယ်လာ စာပိုဒ်တွေကို ရှင်းပြရမှာဖြစ်တယ်။၂(ခ)မှာတော့ ဇာတ်ဆောင်အလိုက်၊ ဇာတ်ခန်းအလိုက်၊ ပို့တစ်စောင်လုံးအလိုက် အကြောင်းအရာ အရေးအဖွဲ့နဲ့ သုတရသ သင်ခန်းစာတွေကို မေးမှာဖြစ်တယ်။ ဗြဟ္မဒတ်မင်းကြီး၏ဂုဏ်ရည်၊ အနှစ်သက်ဆုံးအခန်း၊ ဖခင်နှင့်သားတို့၏ နှစ်လိုဖွယ် ဆက်ဆံရေး၊ ဆရာကောင်းတပည့် ပန်းကောင်းပန်သောသဘော စသည်ဖြင့်

စာမျက်နှာ ၁၆ ကော်လံ ၁ သို့

မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် တည်ဆောက်မည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင် မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းတော်ကြီး ဆောက်လုပ်ရန်အတွက် မိဘများဖြစ်သော ဦးချစ်ဆွေ-ဒေါ်အေးကြည်တို့အား ရည်စူး၍ ရန်ကုန်ပညာရေးတက္ကသိုလ် နဝဒေးဆောင်မှ ဆရာမ ဒေါ်မြသက်မူက လှူဒါန်းငွေကျပ် နှစ်သိန်းကို ကျောင်းအကျိုးဆောင် ဆရာတော်ဦးဇောတိက(ပုညသုခ) သရက်တောအ၏ ရှေ့မှောက်တွင် လှူဒါန်းရာ ကျောင်းအမှုဆောင် ဒေါ်ကေသက်မော်က အလှူငွေလက်ခံစဉ်။ (က-ပ)

မိုင်းယောင်းမြို့၌ မြေသားလမ်းဖောက်

မိုင်းယောင်း ဖေဖော်ဝါရီ ၇

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယောင်းမြို့ ဝမ်ဘိုးအုပ်စုတွင် ကျေးရွာပြည်သူများ ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် နားဖန်-ယမ်မ ကျေးရွာချင်းဆက် မြေသားလမ်း အရှည် ၅၉၁၂ ပေ နှင့် အကျယ် ၁၈ ပေ ဖောက်လုပ်ခြင်း လုပ်ငန်းကို ဇန်နဝါရီ ၂၈ ရက်က မိုင်းယောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်လင်း ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ရန်ကုန်မြို့ တာမွေမြို့နယ် ကျောက်မြောင်း မြို့သစ် ၃ လမ်း အမှတ်(၁၆)နေ ဦးလှကြည်-ဒေါ်နုနုခင်၊ သားသမီး မြေးမြစ်တစ်စုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ ခြောက်ထပ် ကျောင်းတော်ကြီး အတွက် အလှူငွေ ကျပ် တစ်သိန်းကို မိုးမိတ်အနုနာယကဆရာတော် ဘဒ္ဒန္တ ဝိနယထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) ဥက္ကဋ္ဌ သီဟသုဓမ္မ မဏိဇောတဓရ ဆင်မင်းဦးတင်ရွှေထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မြန်မာ့အလင်းမြို့နယ်သတင်းထောက် ကတ်ပြားအသစ်များ စိစစ်လဲလှယ်ပေးမည်

၁။ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်းသတင်းစာတိုက်မှ ခန့်အပ်တာဝန်ပေးခဲ့သော ပြည်နယ်နှင့် တိုင်းအသီးသီးမှ မြို့နယ် သတင်းထောက်များ၏ သတင်းထောက်ကတ်ပြားများကို ပြန်လည်စိစစ် လဲလှယ်ပေးမည်ဖြစ်ပါ၍ ၃၁-၃-၂၀၀၇ ရက်(စနေနေ့) နောက်ဆုံးထားပြီး အောက်ဖော်ပြပါအချက်အလက်များနှင့်အတူ ဤသတင်းစာတိုက်သို့ ပေးပို့ကြရန် ဖြစ်ပါသည်-

(က) လွန်ခဲ့သော(၃) လအတွင်း ရိုက်ကူးထားသည့် ပတ်စပို့အရွယ်ဓာတ်ပုံ(၂)ပုံ၊

(ခ) ကိုယ်ရေးအကျဉ်းချုပ်၊

(ဂ) အမျိုးသားမှတ်ပုံတင် (သို့) နိုင်ငံသားစိစစ်ရေးကတ် မိတ္တူ၊

(ဃ) သတင်းထောက်အဖြစ် ဆက်လက်ဆောင်ရွက်လိုကြောင်း ဆန္ဒပြုလွှာ၊

(င) သက်ဆိုင်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သက်ရှိထင်ရှားရှိပြီး သတင်းထောက်အဖြစ် ဆက်လက်ခန့်ထားသင့်ကြောင်း ထောက်ခံချက်၊

(စ) သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့၏ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်၊

(ဆ) မြို့နယ်သတင်းထောက်ကတ်ပြား အဟောင်းကို ပြန်လည်အပ်နှံရပါမည်။

၂။ နောက်ဆုံးထားပေးပို့ရမည့်ရက်ထက် ကျော်လွန်ရောက်ရှိလာသူများအား မြို့နယ်သတင်းထောက်များစာရင်းမှ ပယ်ဖျက်သွားမည် ဖြစ်ပါသည်။

မြန်မာ့အလင်း သတင်းစာတိုက်။

သက်ကြီးအဘိုးအဘွားများ ပူဇော်ပွဲ ဂန့်ဂေါမြို့၌ ကျင်းပ

ဂန့်ဂေါ ဇန်နဝါရီ ၂၀

ဂန့်ဂေါမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဂန့်ဂေါမြို့ မြို့မစာသင်တိုက်ဆရာတော် ဘဒ္ဒန္တဝိသုဒ္ဓ၏ ဦးဆောင်မှုဖြင့် (၂၁)ကြိမ်မြောက် သက်ကြီးအဘိုး အဘွားများ ပူဇော်ပွဲကို ဇန်နဝါရီ ၁၄ ရက် မွန်းလွဲပိုင်းက ကျင်းပရာ မြို့မစာသင်တိုက် ဆရာတော်ဘဒ္ဒန္တဝိသုဒ္ဓနှင့် ဆရာတော်များ ကြွရောက်တော်မူကြ၍ ဂန့်ဂေါခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအင်းကြူ၊ ဌာနဆိုင်ရာများ၊ အဘိုးအဘွားပူဇော်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးသောင်းမြို့နှင့် ကျင်းပရေးကော်မတီဝင်များ၊ စေတနာရှင်၊ ကုသိုလ်ရှင်များ တက်ရောက်ကြသည်။

အခမ်းအနားကို နမောတဿဘုရားရှိခိုးဖြင့် ဖွင့်လှစ်၍ သံဃာတော်များထံမှ ငါးပါးသီလကို ခံယူဆောက်တည်ကြကာ သက်ကြီးအဘိုးအဘွား ၃၅ ဦးတို့အား ပူဇော်ပွဲကျင်းပရေးကော်မတီ မင်္ဂလာမောင်မယ်အဖွဲ့ဝင်များက ဝတ္ထုပစ္စည်းများ လှူဒါန်းဂါရဝပြုကြသည်။ **(အပေါ်ပုံ)**

(၂၇၃)

ဒိုက်ဦး အမကများ အာစရိယပူဇော်မည်

ဒိုက်ဦး ဖေဖော်ဝါရီ ၁၀

ဒိုက်ဦးမြို့နယ်လုံးကျွတ် အခြေခံပညာ မူလတန်းလွန်နှင့် မူလတန်းကျောင်းပေါင်း ၁၂၁ကျောင်း၏ နဝမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၂၅ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ဒိုက်ဦးမြို့ အမှတ်(၆)ရပ်ကွက်ရှိ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျင်းပမည်ဖြစ်သည်။

ပူဇော်ပွဲတွင် အသက် ၆၀နှစ်အထက် အငြိမ်းစား မြို့နယ်ပညာရေးမှူးနှင့် လက်ထောက်မြို့နယ်ပညာရေးမှူးများ၊ အငြိမ်းစား မူလတန်းကျောင်းအုပ်၊ အလယ်တန်းပြ၊ မူလတန်းပြဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ကြမည်ဖြစ်ပြီး အလှူငွေနှင့်ပစ္စည်းများကို ဒေါ်ရီရီညွန့် မြို့နယ်ပညာရေးမှူး ဖုန်း- ၀၅၂-၄၀၀၀၈၊ ဦးမောင်မောင်သန်း မူလတန်းကျောင်းအုပ်(ငြိမ်း)၊ ဦးတင်ရှိန် ဖုန်း- ၀၅၂-၄၀၁၂၆၊ ဦးလှအောင် မူလတန်းကျောင်းအုပ်(ငြိမ်း) ဖအောင်ဝဲ၊ ဦးမြင့်ဦး မူလတန်းကျောင်းအုပ်တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ညောင်လေးပင်မြို့ အမှတ် (၅၆)လမ်းသစ်လမ်းနေ၊ ဦးစောထီးသာတော (လက်ထောက်မန်နေဂျာ-အမှတ် (၁၈) သစ်စက်၊ ပုသိမ်မြို့)-ဒေါ်ခင်မေထွန်းတို့၏ သားကြီး

ဒေါက်တာမိုးသန့်စင် (အလုပ်သင်ဆရာဝန်)

သဃ်န်းကျွန်းစံပြဆေးရုံကြီး

နှင့်

ညောင်လေးပင်မြို့နယ် အမှတ်(၂၃) မဟာဗန္ဓုလလမ်းနေ ဦးမြင့်လွင်-ဒေါ်ကင်ထွေးတို့၏ တစ်ဦးတည်းသောသမီး

မအိလင်းဖြူ

B.B.A (Bachelar of Business Administration)

တို့သည် ၉-၂-၂၀၀၇ ရက်တွင် နှစ်ဖက်သော မိဘများနှင့် ဂုဏ်သရေရှိ လူကြီးများ ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်း ပြီးစီးပါကြောင်း။

နှစ်ဖက်မိဘများနှင့်

ဒေါက်တာမိုးသန့်စင်-မအိလင်းဖြူ။

အမည်ပြောင်း

တောင်ကြီးမြို့ လေ့ကျင့်ရေးအလယ်တန်းကျောင်း Grade II Aမှ မခိုင်ပြည့်စုံကြွယ်အား မဟိန်းထက်ထက်စံဟု ပြောင်းလဲခေါ်ပါရန်။ **မဟိန်းထက်ထက်စံ။**

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)

မန္တလေးတိုင်းတရားရုံး

၂၀၀၅ ခုနှစ် တရားမဇာရီမှုအမှတ်-၅၀ (အမ်)

မြန်မာ့စီးပွားရေးဘဏ် **နှင့်** ၁။ ဦးတင်ဟန်
ဝမ်းတွင်းမြို့။ ၂။ ဒေါ်ခင်ဌေးကြွယ်
တရားနိုင် **တရားရှုံး**

၂၀၀၄ ခုနှစ် တရားမကြီးမှုအမှတ် ၁၁၂တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၇ ခုနှစ် မတ်လ ၂၈ ရက် (မြန်မာသက္ကရာဇ် ၁၃၆၈ ခုနှစ် တန်ခူးလဆန်း ၁၁ ရက် နေ့) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

ဝမ်းတွင်းမြို့ အမှတ်(၃)ရပ် ကွင်း-၁၅၈၅/သဲတောတောင်ရွာ အနောက်ဦးပိုင် (၁၂/၂) မြေကွက်(၅၅/၅၂၆) ဧရိယာ ၀ ဒသမ ၂၈ ဧကရှိ မြေနှင့်ယင်းမြေပေါ်ရှိ သွပ်မိုး၊ ကွန်ကရစ် ခင်း၊ နံကပ်တစ်ထပ်တိုက်၊ သွပ်မိုး၊ အုတ်ခင်း၊ ရှေ့အဖီပါ၊ သွပ်မိုးနံကပ်၊ ကွန်ကရစ်ခင်း တစ်ထပ်တိုက်၊ သွပ်မိုး၊ နံကပ်၊ ဂိုဒေါင်၊ အာရ်စီပတ်ကား၊ သွပ်မိုး၊ကွန်ကရစ်ခင်း၊ ရက်ကန်းစက်ရုံ၊ အဝီစိတွင်း၊ ကွန်ပရက်ဆာ၊ ရေစင်၊ ရေချိုးခန်း၊ စက်ပစ္စည်းများ။

ကြမ်းခင်းဈေး ကျပ် ၃၇၅ သိန်း

ရောင်းချရန် စည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များ အရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းရမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့် အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ လေလံစည်းကမ်း အချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့် ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၇ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

သိန်းထွန်း
တွဲဖက်တိုင်းတရားသူကြီး(၂)
မန္တလေးတိုင်းတရားရုံး။

သားအဖြစ်မှ စွန့်လွှတ်ခြင်း

ကျွန်တော်၏သားဖြစ်သူ မောင်ကျော်ထွန်းဦး ၉/ကဆန(နိုင်) ၀၀၁၇၈၀သည် ၃-၂-၂၀၀၇ရက်က မိဘ၊ ဆွေမျိုးမိသားစုတို့အပေါ် ခွင့်မလွှတ်နိုင်သည့် အပြုအမူ လုပ်ရပ်များ ပြုလုပ်သွားပါ၍ ယနေ့မှ စတင်ပြီး အမွေစားအမွေခံသားအဖြစ်မှ ရာသက်ပန် စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။

ဦးပေါ်လာ
၉/ကဆန(နိုင်) ၀၀၉၃၁၅
ဖောင်ရွာရပ်၊ ကျောက်ဆည်မြို့
မန္တလေးတိုင်း။

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)

မန္တလေးတိုင်းတရားရုံး

၂၀၀၅ခုနှစ် တရားမဇာရီမှုအမှတ်-၄၁၆(အမ်)

မြန်မာ့စီးပွားရေးဘဏ် **နှင့်** ၁။ ဦးအောင်ကြည်
ဝမ်းတွင်းမြို့။ ၂။ ဒေါ်တင်မြ
တရားနိုင် **တရားရှုံး**

၂၀၀၂ ခုနှစ် တရားမကြီးမှုအမှတ်-၃၈၁တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါ ပစ္စည်းကို ၂၀၀၇ခုနှစ် မတ်လ ၂၈ ရက် (မြန်မာသက္ကရာဇ် ၁၃၆၈ခုနှစ် တန်ခူးလဆန်း ၁၁ ရက်နေ့) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

ဝမ်းတွင်းမြို့ အမှတ်(၂)ရပ် ကွင်း(၁၄၆၈) ဦးပိုင်(၁/၆၀)၊ မြေကွက် (၂/၃၀၅)၊ ဧရိယာ (၀ဒသမ၀၉)ဧကရှိ မြေနှင့် ယင်းမြေပေါ်ရှိ သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်း လူနေတစ်ထပ်တိုက်၊ သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်းဂိုဒေါင်၊ သွပ်မိုး၊ နှစ်ထပ်တိုက်၊ အုတ်ကာ၊ လျှာထိုးခင်း/ကွန်ကရစ်ခင်း၊ ပလက်ဖောင်း၊ ရေစင်။

ကြမ်းခင်းဈေး ကျပ်(၈၅)သိန်း

ရောင်းချရန် စည်းကမ်းချက်များ

(၁) စာရင်းတွင် ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့တင်ပြချက် များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။
(၂) လေလံတင်ရောင်းရမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၇ခုနှစ် ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

သိန်းထွန်း
တွဲဖက်တိုင်းတရားသူကြီး(၂)
မန္တလေးတိုင်းတရားရုံး။

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)

မန္တလေးတိုင်းတရားရုံး

၂၀၀၅ ခုနှစ် တရားမဇာရီမှုအမှတ်-၂၀၆ (အမ်)

မြန်မာ့စီးပွားရေးဘဏ် **နှင့်** ၁။ ဦးညွန့်မောင်
ဝမ်းတွင်းမြို့။ ၂။ ဒေါ်လှမြင့်
တရားနိုင် **တရားရှုံး**

၂၀၀၂ ခုနှစ် တရားမကြီးမှုအမှတ် ၂၅၀ တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါ ပစ္စည်းကို ၂၀၀၇ ခုနှစ် မတ်လ ၂၈ ရက် (မြန်မာသက္ကရာဇ် ၁၃၆၈ ခုနှစ် တန်ခူးလဆန်း ၁၁ ရက်နေ့) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

ဝမ်းတွင်းမြို့ အမှတ်(၂)ရပ်၊ ကွင်း(ဒီ)၊ ဦးပိုင်(ဒီ-၇၇)၊ ဧရိယာ ၀ ဒသမ ၁၆ ဧကရှိ မြေနှင့်ယင်းမြေပေါ်ရှိ သွပ်မိုး၊ အုတ်ကာ၊ တစ်ထပ်တိုက်၊ သွပ်မိုး၊ အုတ်ကာ၊ ဂိုဒေါင်နှင့် အုတ်ရေကန်တစ်လုံး။

ကြမ်းခင်းဈေး ကျပ်သိန်း ၇၀

ရောင်းချရန် စည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းရမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက် စုံစမ်းနိုင်သည်။

၂၀၀၇ ခုနှစ် ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

သိန်းထွန်း
တွဲဖက်တိုင်းတရားသူကြီး(၂)
မန္တလေးတိုင်းတရားရုံး။

တင်ဒါပိတ်ရက် ပြောင်းလဲပြင်ဆင်ခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းနှင့် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းတွင် အသုံးပြုရန် လိုအပ်သော စက္ကူ၊ မင်နှင့် ပုံနှိပ်လုပ်ငန်းသုံးပစ္စည်းများအတွက် တင်ဒါပေးသွင်းမှုကို ၁၉-၂-၂၀၀၇ရက် ၁၆း၃၀နာရီတွင် ပိတ်မည်ဖြစ်ကြောင်း၊ ၉-၂-၂၀၀၇ရက်မှ ၁၁-၂-၂၀၀၇ရက်အထိ နေ့စဉ်ထုတ်ဝေသည့် သတင်းစာများတွင် ကြော်ငြာခဲ့ပါသည်။
၂။ အဆိုပါ စက္ကူ၊ မင်နှင့်ပုံနှိပ်လုပ်ငန်းသုံးပစ္စည်းများအတွက် တင်ဒါပိတ်ရက်ကို ၁၉-၂-၂၀၀၇ရက် (၁၆း၃၀)နာရီအစား ၂၆-၂-၂၀၀၇ရက် (၁၆း၃၀) နာရီသို့ ပြောင်းလဲပြင်ဆင်သတ်မှတ်ပါကြောင်း အကြောင်းကြားပါသည်။

ပြည်တွင်း/ပြည်ပ
ပစ္စည်းများဝယ်ယူရေးနှင့်ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
ဖုန်း-၀၁-၅၃၇၆၈၅၊ ၀၆၇-၄၁၂၃၂၇။

အိမ်အမြန်ရောင်းမည်

ရေ၊ မီးစုံ၊ နှစ်ထပ်တိုက်ခံ ပေ၄၀ x ပေ၆၀ထောင့်ကွက်၊ ပတ်လည်ချိန်းလိပ်ခြံ စည်းရိုး၊ ရေရောင်းနိုင်သည်။ မူလပိုင်ရှင် ၄၂ရပ်ကွက်၊ မ/ဒဂုံ။ အုန်း၊ သရက် သီးနေသည်။ **ဖုန်း-၅၅၉၈၇၆။**

အမည်ပြောင်း

လောမြို့ အခြေခံပညာ အထက်တန်းကျောင်း နဝမတန်း(ဂ)Grade-X(C)မှ အဖ ဦးလှမွန်ရွှေ-အမိ ဒေါ်ခင်တင့် တို့၏သမီး မဖြူအား မမေသဉ္ဇာကျော်ဟု ပြောင်းလဲခေါ်ပါရန်။ **မမေသဉ္ဇာကျော်။**

ငြင်းချက်ထုတ်ရန် သမ္မန်စာ

(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

မန္တလေးတိုင်းတရားရုံးတော်၌

၂၀၀၆ ခုနှစ် တရားမကြီးမှုအမှတ်-၇၉၃

ဒေါ်ခင်ဌေး **နှင့်** ကိုခင်မောင်ဝင်း ပါ ၄
တရားလို **တရားပြိုင်**

၁။ ကိုခင်မောင်ဝင်း ၂။ မရသမီး အမှတ်(၁၄၇) ပိတ်စွယ်(၂)ရပ်ကွက် ရှောလီဝိုင်း ကျေးရွာအုပ်စု၊ မိုးကုတ်မြို့ မန္တလေးတိုင်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ ဒေါ်ခင်ဌေးက ငွေကျပ် ၄၈၅၀၀၀၀ဝိ/-ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၀၇ခုနှစ် ဖေဖော်ဝါရီလ၂၈ရက်(၁၃၆၈ခုနှစ် တပေါင်းလဆန်း ၁၃ ရက်နေ့) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူ ဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၀၇ခုနှစ် ဇန်နဝါရီ ၂၅ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဝင်းမြင့်
တွဲဖက်တိုင်းတရားသူကြီး(၆)
မန္တလေးတိုင်းတရားရုံး။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၇၈၆၄၇ Honda C90 custom cmx ယာဉ်လက်ဝယ်ရှိသူ ဦးအောင်အောင် မှတ်ပုံတင်အမှတ် ၉/မရမ(နိုင်)၀၅၃၃၀၅က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေး၊မြောက်ပိုင်း)၊ မန္တလေးမြို့။

ဖခင်အမည်မှန်

မိုးကောင်းမြို့ ရေရှင်ကျေးရွာအုပ်စု စံပါရီကျေးရွာနေ စီသရမ်း(ခ) မောင်ညီညီထက်၏ ဖခင်အမည်မှန်မှာ ဦးနန္ဒလားလ် ၁/မကတ(ဧည့်)၀၀၀၀၁၆ ဖြစ်ပါသည်။

ဦးနန္ဒလားလ်။

၂-၂-၂၀၀၇ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာတွင်

Ms.Watanabe Kazuko (ခ) ဒေါ်စပယ်၏

လွှဲအပ်ညွှန်ကြားချက်အရ

တရားရုံးချုပ်ရှေ့နေ-ဒေါ်အေးအေးအောင်၏ အသိပေးကြေညာချက်အပေါ်

ပြန်လည်ရှင်းလင်းကြေညာခြင်း

ကျွန်ုပ်၏အမှုသည်ဖြစ်သူ ရခိုင်ပြည်နယ်၊ သံတွဲမြို့၊ မြပြင်ကျေးရွာ၊ (၂)ရပ်ကွက်နေ ဦးသန်းလှိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ လူကြီးမင်းအား အောက်ပါအတိုင်း ပြန်လည်ရှင်းလင်းအသိပေးကြေညာအပ်ပါသည်။

ဦးသန်းလှိုင်သည် မည်သည့်အခါကမျှ Ms.Watanabe Kazuko (ခ) ဒေါ်စပယ်၏ လုပ်ငန်းများတွင် အထွေထွေမန်နေဂျာအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ခြင်းမျိုး လုံးဝမရှိပါ။ မြေကွက်အချို့ကို ပြန်လည်ရောင်းချရန်အတွက် ဝယ်ယူသည့်အခါများတွင် အကျိုးတူလုပ်ကိုင်ခဲ့ခြင်းသာ ရှိပါသည်။

Toyota Townace ယာဉ်အမှတ်(သ/၇၈၀၁)မှာ ဦးကျော်ဖေ၏ မော်တော်ယာဉ်ဖြစ်ပြီး Voxwagon Micro Bus ယာဉ်အမှတ်(ဒ/၃၄၄၈)မှာ ကျွန်ုပ်၏အမှုသည်ပိုင် ဖြစ်ပါသည်။ လူကြီးမင်း၏ ငွေကြေးများဖြင့် ဝယ်ယူခဲ့သော မော်တော်ယာဉ်များ လုံးဝမဟုတ်ပါ။ ၎င်းမော်တော်ယာဉ်များကို ပြင်ဆင်ရန်အတွက်နှင့် အထွေထွေလုပ်ငန်းသုံးစရိတ်အဖြစ် လူကြီးမင်းထံမှ ငွေကြေးတစ်စုံတစ်ရာကို ရယူခဲ့ခြင်း လုံးဝမရှိပါ။

ထို့အပြင် လူကြီးမင်းအား ယုံကြည်စွာအပ်နှံထားသော ကျွန်ုပ်အမှုသည်၏ စာချုပ် စာတမ်းများနှင့် အရေးကြီးသော စာရွက်စာတမ်းများ ထည့်ထားသော ဖိုင်တွဲကို ဤသတင်းစာ ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏အမှုသည်ထံသို့ဖြစ်စေ လာရောက်ပေးအပ်ရန် တောင်းဆိုလိုက်ပြီး ၂၁-၁၂-၂၀၀၆ရက်စွဲပါ အကြောင်းကြားစာ၊ ၂-၂-၂၀၀၇ရက်စွဲပါ မြန်မာ့အလင်းသတင်းစာမှ ကြော်ငြာချက်များသည် မှန်ကန်မှုမရှိပါ၍ ရုပ်သိမ်းပေးပါရန်နှင့် ကျွန်ုပ်၏အမှုသည် ဂုဏ်သိက္ခာကျဆင်းစေရန် ရန်ကုန်တိုင်း၊ လှိုင်သာယာမြို့နယ်၊ FMI Cityတွင် လူကြီးမင်း၏ ပြုမူပြောဆို ဆောင်ရွက်ခဲ့မှုများအတွက် (၇)ရက်အတွင်း လာရောက် ဝန်ချ တောင်းပန်ဖြေရှင်းရန်ကိုလည်း ပြန်လည်အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်မျိုးသန့်
B.A(Eco),H.G.P, Diploma in Business Law
ဥပဒေအကျိုးဆောင်

ရုံးခန်း
အမှတ်(၇/၈)၊ သစ္စာလမ်း၊ (၇)ရပ်ကွက်၊
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
(မ-ယ-က)ရုံးရှေ့၊ ဖုန်း-၅၇၂၁၄၅။

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မတ္တရာမြို့နေ ဦးဝင်းမြင့်-ဒေါ်မြမြဌေးတို့၏ သားဖြစ်သူ မောင်ရဲထွင့်ဝင်း ၉/မတရ(နိုင်) ၁၄၂၈၈၄၊ ဒုတိယနှစ်-တိုင်းရင်းဆေးတက္ကသိုလ်သည် မိဘများ၏ ဆုံးမစကားကို နားမထောင်ဘဲ စိတ်ဆင်းရဲအောင် ဒုက္ခပေးသွားပါသဖြင့် ၂-၂-၂၀၀၇ ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စများကို လုံးဝတာဝန် ယူမည် မဟုတ်ပါ။

(စုံစမ်းမေးမြန်းခြင်း သည်းခံပါ)

ဦးဝင်းမြင့်-ဒေါ်မြမြဌေး။

လေ့ကျင့်သရုပ်ပြ

တောင်သာမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ် မီးသတ်တပ်ဖွဲ့တို့ ပူးပေါင်း၍ တောင်သာမြို့ စည်ပင်သာယာဈေးတွင် အရေးပေါ် မီးငြိမ်းသတ်နည်း လေ့ကျင့်မှုကို ဇန်နဝါရီ ၂၈ ရက်က သရုပ်ပြရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကြင်အေးနှင့် မြို့နယ် မီးသတ်တပ်ဖွဲ့မှူး ဦးမျိုးအောင်တို့ ကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ် ပြန်/ဆက်)

ထပ်ပိုးလွှာခင်း

သီပေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပြီးစီးသည့် မြို့တွင်း နှင်းဆီလမ်း ကတ္တရာထပ်ပိုးလွှာခင်းထားမှု အခြေအနေကို ရှမ်းပြည်နယ် (မြောက်ပိုင်း) ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးရန်နိုင် ဇန်နဝါရီ ၁၈ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန့်ဇင်က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

တပ်ကုန်းမြို့နယ် ခြံစည်းရိုးကြက်ဆူပင် စုပေါင်းပျိုးထောင်ပွဲ တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် တက်ရောက်အားပေးပြီး မျိုးစေ့နှင့် ပျိုးအိတ်များပေးအပ်

ပျဉ်းမနားခရိုင် တပ်ကုန်းမြို့နယ် ၂၀၀၇–၂၀၀၈ခုနှစ် ခြံစည်းရိုး ကြက်ဆူပင် စုပေါင်းပျိုးထောင်ပွဲ အခမ်းအနားတွင် နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ဝေလွင်နှင့် ဇနီး ဒေါ်ဆွေဆွေဦးတို့ ခြံစည်းရိုးကြက်ဆူ ပျိုးကိုင်းများနှင့် မျိုးစေ့များကို ပျိုးထောင် မျိုးစေ့ချပေးကြစဉ်။ (သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၁၇

ပျဉ်းမနားခရိုင် တပ်ကုန်းမြို့နယ် ၂၀၀၇–၂၀၀၈ခုနှစ် ခြံစည်းရိုးကြက်ဆူပင် စုပေါင်း ပျိုးထောင်ပွဲ အခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲက တပ်ကုန်းမြို့အဝင် စုပေါင်းခြံစည်းရိုး ကြက်ဆူပင်ပျိုးဥယျာဉ်၌ ကျင်းပရာ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့် ဇနီး ဒေါ်ဆွေဆွေဦးတို့ တက်ရောက်အားပေးကြပြီး မျိုးစေ့နှင့် ပျိုးအိတ်များကို ပေးအပ်ကြသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ ပျဉ်းမနားခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်မောင်ဇော်နှင့် တပ်ကုန်း၊ ပျဉ်းမနားနှင့် လယ်ဝေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

အစီအစဉ်အရ တပ်ကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးနေအောင်က ၂၀၀၇–၂၀၀၈ခုနှစ် တပ်ကုန်းမြို့နယ်အတွင်း ခြံစည်းရိုးကြက်ဆူပင်များစိုက်ပျိုးရန် လျာထားချက်နှင့် ပျိုးထောင်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ *စာမျက်နှာ ၉ ကော်လံ ၃* ✳

မိုးလေဝသအခြေအနေ

၁၈ - ၂ - ၂၀၀၇

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ရှမ်းပြည်နယ်(တောင်ပိုင်း)၌ ဆည်၊ ကန် ၂၂ ခု ထိန်းသိမ်းပြုပြင်နေ နွေစပါးစိုက်ပျိုးရေရရှိရေး ချောင်းပိတ် မြောင်းပိတ်လုပ်ငန်း ၂၄ ခုရှိ စိုက်ပျိုးမြေဧရိယာဧကပေါင်း ၂၇၃၇ ဧက အကျိုးပြုလျက်ရှိ

သတင်းမှတ်စု–ကျော်စိန်၊ ဓာတ်ပုံ–သန်းဝေ(တောင်ကြီး)နှင့် အောင်သန်း(မင်္ဂလာတောင်ညွန့်)

ရန်ကုန် ဖေဖော်ဝါရီ ၁၇

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန ရှမ်းပြည်နယ်(တောင်ပိုင်း)မှ တာဝန်ယူ၍ ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် စိုက်ပျိုးရေ၊ သောက်သုံးရေ ရရှိစေသော ရေကန်နှင့် ဆည်များကိုစိစစ်ပြီး ထိန်းသိမ်းစောင့်ရှောက် ပြုပြင်လျက်ရှိသည့် ဆည်နှင့်ကန်ပေါင်း ၂၂ ခုရှိကြောင်း သိရသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ■



ဝမ်ပုံရေလှောင်တမံနှင့် ရေထုတ်ပြွန်–ရေပိုလွှဲ

၂၀၀၅ ခုနှစ် အောက်တိုဘာ ၂၅ ရက်က ဖွင့်လှစ်ခဲ့သော လွိုင်လင်ခရိုင် နမ့်စန်မြို့နယ် ဝမ်ပုံရေလှောင်တမံနှင့် ရေထုတ်ပြွန်–ရေပိုလွှဲတို့ကို အပေါ်စီးမှ မြင်တွေ့ရစဉ်။ (ရေလှောင် ပမာဏ ဧက ပေ ၄၅၀၀၊ စိုက်ပျိုးရေ အကျိုးပြုဧရိယာ ဧက ၁၀၀၀ ဖြစ်သည်။)

ဓာတ်ပုံမှတ်တမ်း–
သန်းဝေ(တောင်ကြီး)

ပါတီ၏ ဆောင်ရွက်ချက်များသည် နိုင်ငံကို အကျိုးမပြု နိုင်ငံ၏ အကျိုးစီးပွားကို နှောင့်ယှက်ဖျက်ဆီးနေ ပါတီနှင့် ပါတီခေါင်းဆောင်များအပေါ် ယုံကြည်မှုမရှိတော့၍ ဘိုကလေးမြို့နယ် NLD ပါတီဝင် ရှစ်ဦး နုတ်ထွက်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ဧရာဝတီတိုင်း ဘိုကလေးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော သံထိုးဝါး ကျေးရွာမှ ဦးထွန်းရှင်နှင့် ဦးထွန်းအေး၊ ခရချောင်းကျေးရွာမှ ဦးတင်လှ၊ ဦးနိုင်ဦးနှင့် ဦးအုန်းလှ၊ ဘင်္ဂလားကျေးရွာမှ ဦးလှကြည်၊ စိန်တုံးလုံကျေးရွာမှ ဦးတင်ရွှေနှင့် ဦးစိုးနိုင်တို့ ရှစ်ဦးသည် ဖေဖော်ဝါရီ ၁၀ ရက်တွင် မိမိတို့၏ ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်စာ ရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင် အဖွဲ့အစည်းများသို့ နုတ်ထွက်လွှာပေးပို့ နုတ်ထွက်ခဲ့ကြသည်။

ဘိုကလေးမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာတွင် NLD ပါတီ၏ ဆောင်ရွက်ချက်များသည် နိုင်ငံအကျိုးပြုလုပ်ငန်းများ မဟုတ်သည့်အပြင် နိုင်ငံတော်အကျိုးစီးပွားကို နှောင့်ယှက်ဖျက်ဆီးသည့် လုပ်ရပ်ဖြစ်သည့်အတွက် NLD ပါတီနှင့် ပါတီခေါင်းဆောင်များအပေါ် ယုံကြည်အားထားမှုမရှိတော့သဖြင့် ၎င်းတို့၏ ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ နုတ်ထွက်ကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**